www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

ကျွန်တော့်ပရိသတ်ကို ကျွန်တော်တစ်ခုလောက် မေးစမ်းပါရစေ။ တစ်ခြားတော့မဟုတ်ပါဘူး အိမ်ထောင်ရေးကိစ္စပါ။ လိုရင်းပြောရရင်. . လူကြီးချင်းသဘောတူပြီး ပေးစားကြတဲ့ ကိစ္စပျာ. . ။

မေးချင်တာက. . ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးမှာ ကမ္ဘာဦးကာလကနေ ဒီကနေ့အထိဆိုရင် ခေတ်စံနစ်တွေ အများကြီး. . အများကြီး. . ပြောင်းခဲ့ပြီဆိုတာ ပရိသတ်အသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ပကတိ သဘာဝအလင်းရောင်နဲ့ နေခဲ့ရတဲ့ လူသားဘဝ တွေ ချုကလီယားစွမ်းအင်နဲ့ထုတ်လုပ်တဲ့ လျှပ်စစ်အလင်းရောင်နဲ့ နေနိုင်လာကြပြီ။ အနည်းဆုံး ယဉ်ကျေးမှု ဓလေ့ထုံးစံဆိုတာ တွေလည်း ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ လိုက်ပါပြီး စီးမျောလာ တယ်ဆိုတာ ပရိသတ်တို့ သတိထားမိမှာပါ။

တောင်ရှည်ပုဆိုးနဲ့ ခေါင်းပေါင်းစတွေ၊ ပြန့်ထဘီနဲ့ ထိုင်မသိမ်းအကျီ၊ ရင်ခံ၊ ရင်စည်း၊ ရင်ဖုံးတွေ သေတ္တာထဲခေါက်ထည့်ပြီး. . ကိုယ်ကြပ်တွေ၊ စတော့ကင်န်တွေ၊ အော်တာရှပ်တွေ ဝတ်လာကြတယ်။

ဘောင်းဘီရှည်တောင် ပွလိုက်၊ ကြပ်လိုက်နဲ့၊ ခုတော့ ခါးတင် ဖင်ကျွတ်ကလေး ဖြစ်လာတယ်။ ပြောင်းလဲလာတယ်။ အပေါင်းနေရာ အသစ်တွေအစားထိုးလာတယ် ပြောပြတာပါ။

အဲ့ဒီအသစ်မျိုးကြီးတော့ အသက်ရှုကြပ်လို့ ကျွန်တော်လည်းမကြိုက်ပါဘူး။ အမှန်ပြောရရင် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့ကို မပျောက်ပျက်အောင် ထိန်းသိမ်းတယ်ဆိုတာ လူသားတိုင်းရဲ့ အရေးကြီးဆုံး မွေးရာပါတာဝန်ဆိုတာ ပရိသတ်လည်း သိပြီးသား၊ ကျွန်တော်လည်း သိပြီးသား. . . ။

သိလို့လည်း အားလုံး သတိတရားနဲ့ ဆင်ခြင်နေကြတာ ငြင်းစရာမရှိပါဘူး။ တစ်ချို့လည်း. . အင်းလေ၊ အင်းပေါ့ဗျာ. . နော၊ ဘယ်လိုပဲဖြစ်ဖြစ် နည်းနည်းတော့ရွေ့မှာပဲ. . ဒါ လက်ခံစရာပါ။ ကျေးဇူးပြုပြီး အပြစ်မမြင်စေချင်ပါဘူး။ ရှိသလောက်တော့ရှိတာ သဘာဝကျပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သူငယ်ချင်းတွေ၊ အတူတူကျောင်းပြီးခဲ့ကြတဲ့ အတန်းဖော်တွေအားလုံး အော်တာဗျာ၊ လုံးဝ. . ဂေါ်လီပဲ။ ရေလည် မိုက်တယ်၊ ခိုက်တယ်. . ဆိုတဲ့ကောင်တွေ။ ကျောင်းမှာသာ ကျောင်းစည်းကမ်းနဲ့ မညီညွတ်လို့ တားမြစ်လို့ မလုပ်ကြတာ။ ကျောင်းခြံစည်းရိုးအပြင် ရောက်တာနဲ့ နားပေါက်တွေမှာ နားကပ်တွေနဲ့ ဖြစ်ကုန်တယ်။

ဂျော်ကြီးလို့ခေါ်တဲ့ ခင်မောင်ဂျော်ဆို တစ်ဖက်ကို နားပေါက်သုံးပေါက် ဖောက်ထားတယ်. .။ နားရွက်ကိုင်းလေးအတိုင်း အထက်အောက် စီဖောက်ထားတာ အပေါ်နှစ်ပေါက်က ရွှေ၊ ငွေ၊ အောက်ဆုံးပေါက်က နိုင်းတူးဖိုက် နားတောင်းကြီးမှ အကြီးကြီးဗျာ၊ ဝတ်တာလည်း အလန်း၊ လန်းလွန်းလို့ လန်ထွက်နေတာပဲ. . . ပြောပါတော့. .၊

ဂျော်ကြီး၊ ဖုန်းကို၊ ဇေဇော်၊ ဗိုလ်တောက်(တောက်ထွန်း) ထွန်းထက်ရှား၊ ထိပ်တင်ဘိုဘို၊ ခိုင်ကြီး၊ ချင်းလေးဆိုတာ ကျွန်တော့် အတန်းဖော် အရင်းအချာကြီးတွေ။ အားလုံး ဟော့တယ်လန်းတယ်ဗျာ. .၊ အဲ့ဒီအထဲမှာ ကျွန်တော်တစ်ယောက်ပဲ ကော်လာတုံးနဲ့ တိုက်ပုံနဲ့၊ ယောပုဆိုးမဝတ်ရင် ကချင်ကွက်၊ ရခိုင်ပုဆိုး။

နည်းနည်းတော့ ကြည့်ရဆိုးပါတယ်. .၊ အော်တာရှပ်နဲ့ ဘောင်းဘီဖင်ကျွတ်၊ တင်ချိုပ်ကလေးဝတ်တဲ့ အုပ်စုထဲမှာ ကျွန်တော်ပဲ ကော်လာတုံး၊ တိုက်ပုံ၊ ရခိုင်ပုဆိုးနဲ့ဆိုတော့. . ကောင်မလေးတွေက မေးကြပါတယ်။

ထွင်တာလားတဲ့!. . .။



www.burmeseclassic.com

www.burmeseclassic.com



ထွင်တာမဟုတ်ဘူး ကိုယ့်အကြိုက်ပဲ. . အဲ့ဒီ ဝတ်စားဆင်ယင်မှု ခပ်တိုးတိုးပုံစံကြီးကို ချစ်ကိုချစ်တာ။ တစ်နည်း. . ဒါမြန်မာ့လူငယ်၊ မြန်မာ့ယဉ်ကျေးမှုဆိုတဲ့ အသိကလည်း ဘဝင်ကိုင်ထားတော့ ဘယ်သူဘာပြောပြော ဂရုမစိုက်ဘူးဗျာ. . . ဝတ်တယ်။

ကိုယ့်ဘာသာလည်း စဉ်းစားကြည့်ပါတယ်။ ယဉ်ကျေးမှုဓလေ့ဆိုတဲ့ ဘဝင်စတိုင်ကြီးနဲ့ ကျွန်တော်က ဒီခေတ်မှာ ဘယ်လိုလူစားလဲဆိုတာ။ ကျောင်းကကောင်တွေကတော့ ကျွန်တော့်ကို သတ်မှတ်ကြ၊ နာမည်လည်းပေးကြပါတယ်။

မင်းက ရှိုးရှိုးကြီးဖေယျလို နေချင်တဲ့ကောင်ပဲ. .၊ ဘယ်ခေတ်မှာနေနေတာလဲ. . ဘာညာပေါ့။ ကျွန်တော် ရယ်ပဲရယ်နေလိုက်တယ်။ နာမည်ပြောင်က 'ဘိတ်သိတ်' တဲ့. . ဘိတ်သိတ်ဆရာပုံ ပေါက်နေလို့တဲ့။

ကျွန်တော့်အဖိုးကိုယ်တိုင် ရက်ပေါင်းနှစ်ဆယ်တိတိ ထိုင်တွက် ထိုင်ရွေးပြီးမှည့်ပေးထားတဲ့ 'စည်သူမင်းသိန်း' ဆိုတဲ့နာမည်က အတန်းတက် roll call ခေါ်တဲ့ တစ်နေရာပဲအသုံးတည့်ပြီး ကျန်တဲ့အချိန် ဘိတ်သိတ်ဆိုတာ နာမည်ရင်းလိုတောင် ဖြစ်နေပါပြီ။

ထားပါတော့ ရှင်းကာမှရှုပ်တော့မယ်။ အဲ့သလိုခေတ်ကြီးထဲ ထုံးတမ်းအစဉ်အလာဆိုတာကို တရားဝင် ပြောင်းတာမျိုးတော့ မဟုတ်ဘဲ. . အခြေအနေနဲ့ အချိန်အခါကြည့်ပြီး နားလည်ပေး ခွင့်လွှတ်ထားပေးနေတဲ့ကိစ္စ. .၊ အဲ့ဒီ လူကြီးချင်းအဘောတူ



www.burmeseclassic.com

www.burmeseclassic.com



လို့ ပေးစားတယ်ဆိုတဲ့ အစဉ်အလာကြီးကိုရော နားလည်မှုလေးနဲ့ ခွင့်လွှတ်ပြောင်းလဲပေးတာမျိုး မရှိသင့်ဘူးလားဗျာ. . ။

အဲ့ဒါ. . အဲ့ဒါ. . မေးချင်တာ။

ဟိုးတုန်းက ဒီအစဉ်အလာက တစ်ကယ့်ကိုအသုံးတည့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသားရော အမျိုးသမီးတွေပါ အင်မတန် ကြွန်ခြောကြီးခဲ့ကြတာ။ ရှေးသတ်ပုံနဲ့ပြောရရင် အိန္ဒြေရှင်ကြီးတွေပေါ့ဗျာ. . . ။

တည်တည်ခန့်ခန့်တွေနေကြ၊ ဗိုင်းကောင်းကျောက်ဖိနေကြရတဲ့ ခေတ်ကိုးဗျ။ အိမ်ကို ယောကျ်ားသား သူစိမ်းဧည့်သည်လာရင် မိန်းကလေးတွေ အခန်းထဲမှာပဲနေကြရတာ. . ။ လူကြီးမိဘခွင့်ပြုချက်မရဘဲ လုံးဝအပြင်မထွက်ကြေး။ ထရံပေါက်ကချောင်းပြီး တွတ်ထိုးရင်ခုန်တဲ့ခေတ်လေ။

အခုများတော့ ပရိသတ်ရေ. . ၊ ကောင်မလေးက 'အိုပ့်'တဲ့ခေတ်၊ အပျိုစကားလိုက်ပြောတဲ့ခေတ်၊ လူပျိုစကားဆိုတာကျန်ခဲ့ပြီ။

ရည်းစားထားတာ၊ အပျော်တွဲတာ၊ ရိုင်းရင်ခွင့်လွှတ်ပါလက်မထပ်ဘဲ အတူနေတာ. . ဒီခေတ် ဇလားနဲ့အုပ်ထားလည်းမြင်နေရတာပဲ။ ရိုးဟိုးဟိုး. . နေပြီဗျာ. . ။

အဲ့သလောက်ကို လွှတ်လပ်တာ. . . ၊

မဟုတ်ဘူး. . . လွှတ်ကုန်ကြတာ. . . ။

မကောင်းမှန်းသိသိကြီးနဲ့ ကောင်းခန်းရှိတယ်ဆိုပြီးတွတ်တိုးနေကြတာ. . ။ အဲ့သလိုနဲ့ ပေါင်းခန်းတွေ ရောက်ကုန်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ပုံကြီး။

ပြောချင်တာက ရှိမန်းတစ်ပေါ့၊ စိတ်အာရုံခံစားမှု ဦးစားပေးနေတဲ့ခေတ်မှာ. . . စိတ်တစ်ခုတည်းကိုပဲ သီးသန့်ချုပ်ချယ်ပြီး သူ့ဆန္ဒဆိုတာ. . ဒိုး. . ဝေးဝေးနေ မလှုပ်နဲ့။ ငါ့ဆန္ဒအတိုင်းပဲ. . မင်းတို့ ယူလိုက်ကြ၊ လက်ထပ်လိုက်ကြ. . ဆိုတဲ့ တရားသေဝါဒဆန်တဲ့ ပဒေသရာဇ်ဆန်တဲ့ ခေတ်နောက်ပြန်ဆွဲ အစဉ်အလာကြီးက ဒီနေ့ လူသားဝါဒ၊ လူ့အခွင့်အရေးနဲ့ ဘယ်လိုဆက်စပ်ပြကြမလဲ။

ကဲ. . . အဲ့ဒါထား၊ ဘာညာကွိကွဝါဒတွေ. . အိုခေ။ သေဆိုသေ၊ ရှင်ဆိုရှင်ဗျာ။ မိဘတွေ သဘောတူတယ်ဗျာ၊ သားသမီးတွေသဘောဆိုတာ ဒိုးထား၊ ယူကြ၊ လက်ထပ်ကြ၊ ဆီဒိုးနားအနိမ့်ဆုံးနဲ့ အကြီးအကျယ် မင်္ဂလာဆောင်ပေးလိုက်ကြပြီ. . . ဆိုပါစို့။

တစ်မိသားနဲ့ တစ်မိသား တစ်သက်တာ အတူတကွပေါင်းသင်းနေထိုင်ဖို့ မပါမဖြစ် 'အချစ်'၊ ငဲ့ညှာမှု၊ အပြန်အလှန်သနားကြင်နာမှု၊ နွေးထွေးတဲ့ဆက်ဆံရေး၊ ပျော်ရွှင်၊ သင့်မြတ်ရေး၊ ကျွန်တော် ပြောနေတာ စိတ်ခံစားမှုအပေါ် အခြေခံနေတာတွေချည်းပဲနော်၊ ပိုက်ဆံမပါဘူး၊ ဂုဏ်နေ၊ ရာထူး၊ အသိုင်းအဝိုင်းမပါဘူး၊ အသေသတ်ပစ်လိုက်တဲ့ စိတ်နှစ်ခုကို ပေါင်းခိုင်းလိုက်တာဗျ။ ကိုယ့်ကိုယ်တိုင်ရဲ့အိပ်မက်ထက် တစ်ပါးသူရဲ့ အိပ်မက်မှာအိပ်မက်. . .။

ဒီလောက်ပြောရင် သဘောပေါက်ပြီး ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



လျှာကြောရှည်မိပြီ။ အဲ့ဒါလေး ကျေးဇူးပြုပြီး ကျွန်တော့်ပရိသတ်ဖြေပါ. . ဖြစ်ရဲ့လားလို့. . ။

ဖြစ်တယ်ကွ. . . ငါတို့မိတ်ဆွေထဲက ဘယ်သူဘယ်ဝါဟာ. . အိုခေကွာ. . . ချစ်လို့ယူလိုက်ကြတဲ့ သူတွေထက်တောင်မြဲသေး၊ ချစ်လိုက်တာမှလည်း တုန်လို့။

ဟုတ်ပြီဗျာ. . အဲ့သလိုဖြေရင် ကျွန်တော်ပြောမယ်၊ အခုကျွန်တော်ဗျာ. . မွေးစာရင်း၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင်အရဘွဲ့လက်မှတ်နာမည်ပါအရ. . . ကျွန်တော် စည်သူမင်းသိန်းရဲ့အဖြစ်ဗျာ. .၊ နာမည်ပြောင် ဘိတ်သိတ်ရဲ့ လက်ငင်းရင်ဆိုင်နေရတဲ့ အဖြစ်ဗျာ. .၊ မိဘတွေက သူတို့သဘောတူတဲ့ ကောင်မလေးနဲ့ ပေးစားကြတော့မယ်. .၊ မိဘချင်းသဘောတူညှိနှိုင်းပြီးကာယကံရှင်နှစ်ဦး မပါဘဲ သူတို့မိဘချင်း စေ့စပ်ကြတယ်။

အခု. . ရှေ့တစ်ပတ်ထဲမှာ မြရိပ်ညိုကိုအပြတ်ငှားပြီးမင်္ဂလာဧည့်ခံပွဲကြီး ကျင်းပပေးမယ်။ ကျွန်တော် သတို့သားနဲ့လက်ထပ်ရမယ့် သတို့သမီးကို မင်္ဂလာဆောင်တဲ့ မနက်ခင်းကျမှ မင်္ဂလာခန်းမမှာ တွေ့ရမယ်။ အဲ့ဒီတော့မှ တစ်သက်လုံး ပြောမနာ၊ ဆိုမနာ၊ သာတူညီမျှပေါင်းသင်းရမယ့် မိန်းမကို မြင်၊ ယူပေါင်း. . . ။

မိဘတွေရဲ့အတင်းကို ပြောတာမဟုတ်ဘူး ပရိသတ်။ ဒါ 'ထွင်'တာပဲ။ ဒီလိုလေး ထွင်လိုက်ရုံနဲ့ ဘယ်လောက်ပြည့်စုံတဲ့စိတ်သာယာမှုမျိုး ရသွားမလဲ။ ရတယ်ထား၊ သားတွေ သမီးတွေ့ရဲ့စိတ်မှာ ဘယ်လောက်ကြီးမားတဲ့ ခံစားမှု၊ အဆုံးအရှုံးတွေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာမလဲလို့ နည်းနည်းတော့ မတွေးပေးသင့်ဘူးလား . . ၊

('ကောင်းလို့စိစဥ်တာပါကွ . . .' 'ဒါပေမယ့် အဖေရယ် သမီးပေါင်းရမှာ မည်းမည်းကြီး'လို့ စောဒကမတက်ရဲရင် ခက်ကုန်ရော)

ထားပါတော့ ဥပမာပြောတာပါ၊ အခု . . ကျွန်တော် ဘာလုပ်ရမလဲ၊ ပိုဆိုးတာက သတို့သမီး၊ သတို့သားတို့ရဲ့ ကိုယ်ရေးမှတ်တမ်းအားလုံး နှစ်ဖက်မိဘတွေပေါင်းပြီး အမှောင်ချထားတယ်။

အခု အမှောင်ထဲမှာ ကျွန်တော့်သတို့သမီးရှိနေတယ်။ သူ့ဘက်ကကြည့်ရင်လည်း ကျွန်တော်က အမှောင်ထဲမှာ။ ကိုယ်ပေါင်းသင်းရမယ့်သူက ဖြူလား၊ မည်းလား၊ ပုလား၊ ရှည်လား၊ အနေအထိုင်၊ အပြောအဆို၊ အတတ်ပညာ၊ ဥပဓိရုပ် . . ဘာ . . ဘာကိုမှ သိခွင့်မရှိတာ။

မင်္ဂလာဆောင်ရတော့မယ် ဆိုတဲ့ကိစ္စတောင် အိမ်ကဒရိုင်ဘာ ကိုအောင်ဒင်က တီးတိုးသတင်းပေါက်ကြားပေးလို့ . . မဟုတ်ရင် ကျွန်တော်ဂိမ်းပြီဗျ။

ကျွန်တော်ကတော့ ရုပ်ချော၊ ဥစ္စာပေါ၊ ပညာတတ်တစ်ယောက်ပါ။ ကျွန်တော့်ဘာသာ မှန်ထဲကြည့်ရသလောက် အတော်ချောပါတယ်။ (ကျေးဇူးပြုပြီး . . ဘေးလူအမြင်ကို လက်မခံပါဘူး . . ခင်ဗျား)

အဖေနဲ့အမေကတော့ ကုမ္ပဏီလုပ်ငန်းရှင်ကြီးတွေပါ။ မရမ်းကုန်းမှာ လက်ရှိနေတဲ့ ကျွန်တော်တို့အိမ်နဲ့ခြံကျယ်ကာလ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်စျေးနဲ့တွက်ကြည့်ရင် သိန်းသောင်းကျော်တန်တယ်။ အိမ်စီးကား မော်ဒယ်အမြင့် သုံးစီးရှိတယ်။ ကျွန်တော် ကွန်ပြူတာနဲ့ ကျောင်းပြီးထားတယ်။ အလုပ်ကတော့ အိမ်မှာ ဆော့ဖ်ဝဲအသစ်တွေရေးနေတယ်။

ကျွန်တော်အားကျတာ 'ဘီလ်ဂိတ်'. . ပဲ။ အဲ့သလိုဖြစ်အောင် ကြိုးစားမယ်. . ။ ကျောင်းနေစအရွယ်ကနေ ကျောင်းပြီးတဲ့အထိ ရည်းစားမရှိ၊ မိန်းကလေးသူငယ်ချင်းမရှိ၊ လုံးဝသန့်စင်တဲ့လူ. . ပျိုဗျာ။

ကဲ. . အဲ့ဒါ ကျွန်တော်ပဲ. . ငှဲငှဲ. . ။

ကျွန်တော်လက်ထပ်ရမယ့် ကောင်မလေးက ဘယ်လိုလဲ. . ငွေကြေးဘာညာ နားဗျာ၊ အိမ်မှာ တစ်ထောကြီး၊ လောလောဆယ် ကျွန်တော် အပျင်းပြေ ဖျော်ပစ်နေတာတင် တစ်လသိန်းနှစ်ဆယ်မှမကတာ၊ ဟိုနေရာ. . ဒီနေရာ လျှောက်သွားသုံးပစ်နေတာမဟုတ်ပါဘူး။ ကျွန်တော်လုပ်ချင်တဲ့ ပရော့ဂျက်အတွက် ဝယ်ခြမ်းတာပါ။

နောက်ထပ် သိန်းထောင်ချီပြီး ရင်းစရာတွေလည်း ရှိပါသေးတယ်။ အဲ့ဒီတော့. . ယူရမယ့်အတူတူတော့ ရတာလေးတပွဲတက်တင့်တယ်တာလေးဆို မဆိုးဘူးပေါ့၊ မဟုတ်ဘဲ. . နဖူးမောက်မောက်၊ နားယောင်ကောက်ကောက်၊ ခြေသလုံးထွားထွား၊ ခါးကတုတ်တုတ်၊ အသားမည်းမည်း၊ သွားကျဲကျဲဆို. . သေပြီဗျာ။ မကျဲဘဲ ခေါလည်း ဂိမှာပဲ။ ပုတလက်လေးဆိုလည်း ဒုက္ခ၊ ဝတုတ်ကြီးဆိုလည်း ဒုက္ခ. . . ။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေများ သိပ်လိုချင်တတ်ကြတာ။ ကိုယ်သာ တစ်နေကုန် ခွေးလိုမှိုက်ကိုက်လို့. . ဟဲ့တစ်ချက် မောင်းချင်စရာရုပ် မရှိတာ အနည်းဆုံး မယ်စကြာဝဠာလောက် လိုချင်တာချည်းပဲ။ ဟုတ်တယ်မဟုတ်လား ပရိသတ်ရဲ့. . မငြင်းနဲ့. . တစ်သန်းကြေး လောင်းမလား။

ထားပါတော့. . ။ ကဲ. . အခု ကျွန်တော့်အဖြစ်ကို ကျွန်တော့်ပရိသတ်တွေ သိပြီဆိုရင် အကြံဉာဏ်လေးပေးဗျာ။

မင်းယူလိုက်ကွာ၊ လက်ခံလိုက်၊ တစ်ကယ်မြင်ရမှ. . မဂွတ်ဘူး ဆိုလည်း တစ်လလောက်ပေါင်းပြီး ကွာရှင်းလိုက်ပေါ့။

အဲ့သလိုပြောမယ်ဆိုရင် မပြောပါနဲ့တော့. . . ။

ကျွန်တော်ဆိုတဲ့ကောင်က အင်မတန် လူသားဆန်ပြီး ယဉ်ကျေးမှုနဲ့ လူ့ကျင့်ဝတ်ကို ဘယ်လောက်တန်ဖိုးထားတယ်ဆို တာ 'ဘိတ်သိတ်' ဆိုတဲ့နာမည်နဲ့တင် လုံလောက်နေပါပြီ။ ကိုယ် ချင်းစာစိတ်ဆိုတာ ကိုယ့်ဘဝနဲ့ထပ်ပြီး နားလည်ခံစား စာနာပေး တဲ့စိတ်ပါ။

မည်းကျုတ်ပြီး ခြေထောက်က အတိုတစ်၊ အရှည်တစ်၊ အရှည်က ခြေသန်းမပါ၊ လက်က တံတောင်ဆစ်နေရာက အရိုး ဆက်ကြီးပြီး ကွေးနေ၊ ဆံပင်က ကျိုးတိုကျဲတဲ၊ နဖူးမောက်၊ ပါးရိုး ခွက်ပြီး ရှေ့သွားနှစ်ချောင်း ငေါ်ထွက်နေတဲ့မိန်းမလည်း အရက်၊ အသက်၊ ဘဝ ဆိုတာရှိတယ်။ လူတစ်ယောက်ဖြစ်တယ်ဆိုရင် ကျွန်တော့်စိတ်နဲ့ ဘယ်လိုစွန့်ပစ်မလဲ။ သေမှာပဲ. . ကွာရှင်းတာ မျိုး မလုပ်ပေမယ့် ကျွန်တော်သေသွားနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အသေခံလို့တော့ မဖြစ်သေးဘူးဗျ။ ရှေ့လျှောက် ကျွန်တော့်ဝါသနာနဲ့ ရည်ရွယ်ချက်အတိုင်း အသက်ရှင်ဦးမှဖြစ်မယ်။

အဲ့ဒီတော့. . .

အဲ့ဒီတော့. . ကျွန်တော် ဒီလိုဆုံးဖြတ်လိုက်တယ်ဗျ. . ။



www.burmeseclassic.com

www.burmeseclassic.com

ပေဟာဒီကမ္ဘာမြေပေါ်မှာ…(ပြီးတော့) ပေဟာဒီနေရာမှာ…
ကိုယ်ရပ်နေတာ…သေချာလျက်နဲ့…
ကိုယ့်ကိုယ်ကို ပြန်ရှာဖွေရင်း…
မှိုင်းလင်းခဲ့ရ…၊
"ဒါဟာ အိပ်မက်ကွ…" တဲ့…
ကိုယ်မှ မအိပ်ခဲ့ရတာ…
ဘယ့်နှာကြီးတုန်း…။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"ဟာ!. . ဘိတ်သိတ် ဘယ်လိုဖြစ်တာလဲ၊ အထုပ်တွေ အပိုးတွေနဲ့. . "

ကျွန်တော့်ပုံစံက တောသားမြို့တက်လာတဲ့ပုံစံမျိုးလို တိုက်ခန်းရှေ့ တက္ကစီရပ်ပြီး အထုပ်အပိုးတွေ၊ ဆာလာအိတ်တွေ ကျန်ကျောင်းအိတ်တွေနဲ့ ခြုံစောင်နဲ့ပတ်ထုပ်ထားတဲ့အထုပ်ကြီး တွေ ဆွဲချနေလို့ ဂျော်ကြီးမျက်လုံးပြူးသွားတယ်။

ကျွန်တော်လည်း သူ့တိုက်ခန်းရှေ့အရောက် သူလည်း



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကပြန်အလာနဲ့ဆုံပြီး ခုလိုမေးတာပါ။

ဒါပေမယ့် ကျွန်တော် ပြန်မဖြေနိုင်သေးပါဘူး။ အထုပ်တွေ ကုန်အောင်ဆွဲချ။ ပြီးတော့ ကားဆရာကိုပိုက်ဆံရှင်း၊ ကားထွက်သွားမှ . . ကျွန်တော်လည်း ပစ္စည်းပုံပေါ်မှာ ကားခန်နေအောင် ထိုင်ချလိုက်တယ်။

"ဟူး . . မောလိုက်တာကွာ၊ လုပ်ကွာ . . ဂျော်ကြီး ပစ္စည်းတွေ မင်းအခန်းပေါ်ရောက်အောင် ဝိုင်းတင်ပေးဦး"

"မင်း . . မင်းတို့ရပ်ကွက် မီးလောင်သွားလို့လား"

"ဟာ . . မဦးမချွတ်ကွာ . . ဘယ်ကလောင်ရမှာလဲ"

"ဟေ . . မဟုတ်ရင် မင်းပုံစံက ဘယ်လိုလုပ်ပြီး မီးဘေးဒုက္ခသည်ပုံစံ ပေါက်သွားတာလဲကွ . . ငါ့နှယ် . . "

"အိမ်ကထွက်ပြေးလာတာကွာ . . ရှင်းပြီလား၊ လုပ် . . ဝိုင်းသယ် . . . "

ကျွန်တော် စိတ်မောလူမောနဲ့ အော်ထုတ်ပြီး အထုတ်နှစ်ထုတ်ဆွဲပြီး ရှေ့ကတက်နှင့်တယ် . .။ ကျွန်တော်လည်း မြေညီထပ် လှေခါးထစ်ပေါ် စအတက် အပေါ်ထပ်ကနေ ဒရောသောပါး ပြေးဆင်းလာတဲ့ ကောင်မလေးကလည်း ခရီးဆောင်သေတ္တာကြီး မနိုင်မနင်းနဲ့မို့လို့ . . နှစ်ယောက်သား ကိုယ့်ဇောနဲ့ကိုယ် အတက်နဲ့အဆင်း . . ပထမလှေခါးထစ်မှာတင် ဗြုတ်ခနဲ ညပ်ကြပ်သွားပါတော့တယ်။

"ကျွတ်! . . လူတစ်ယောက်လုံးတောင် မမြင်ရအောင်ကန်းနေလား . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . မင်းက အပေါ်ကဆင်းလာတာလေ၊ ငါက ငုံ့ပြီး တက်တယ်ဆိုတော့လည်း မင်းက ငုံ့ဆင်းလာတာ မင်းမမြင်ဘူးလား"

"ဘယ်သူက ငုံ့ဆင်းလာလို့လဲ. ."

"ဒါဆို မော့ဆင်းလာတယ်ပေါ့၊ တော်သေးတာပေါ့. . ငါနဲ့သာမတွေ့ရင် မင်း. . ရှဲတွေတောင် တွန့်သွားဦးမယ်၊ နောက်ဆို အောက်ကြည့်ဆင်း. ."

"ရှင်လည်း အပေါ်ကြည့်တက်. ."

ပြောပြီး အတင်းဆောင့်တိုးထွက်သွားတဲ့ ကောင်မလေးကို ကျွန်တော် ယိုင်တိုင်တိုင်လေးနဲ့ လည်ပြန်လှည့်ကြည့်မိတယ်။

လှတယ်ဗျာ. .၊ အတော်ချောတာပါ. .။

ကျွန်တော့်ကိုပေးစားမယ့် ကောင်မလေးသာ ဒီလောက်လှရင် ကျွန်တော်ဒီလို မပြေးပါဘူး။ တစ်ကယ်ပါ. . ခုတော့ ကျွန်တော့်မှာ ဂျော်ကြီးပြောလည်းပြောစရာ၊ မီးလောင်ပြင်ထဲ ငုတ်တုတ်မေ့နေတဲ့ မီးဘေးဒုက္ခသည်ကမှ ဘီရိုတွေ၊ သေတ္တာတွေ နိုင်သလောက် ထမ်းထုတ်နိုင်လို့ ခန့်ခန့်ထည်ထည် ရှိချင်ရှိဦးမယ်။ ကျွန်တော့်မှာ ဆာလာအိတ်လို့ခေါ်တဲ့ မြွေရေခွံအိတ်ထုပ်နှစ်လုံး၊ ကျန်ကျောင်းအိတ်တစ်လုံးနဲ့ ပလက်စတစ်ဆေးပုံးကြီးက တစ်ပုံးဆိုတော့ ဂျော်ကြီးပြောလည်း ပြောစရာဗျ။

ဒါတောင် ရပ်ကွက်မှာ အမှိုက်လာသိမ်းတဲ့ စည်ပင်ကားဆရာတွေနဲ့ညှိပြီး အမှိုက်ထုပ်ပုံစံမျိုး ကားပေါ်တင်ပေးလိုက်ပြီး ဒီနေ့မနက်မှ အိမ်ကထွက်၊ နယ်မြေရုံးမှာ ပစ္စည်းသွားယူပြီး ဒီကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာပါ။ ပြောရရင်. . ကျွန်တော် လစ်သွားနိုင်တယ် ဆိုတာ အိမ်ကလည်းသိပါတယ်ခင်ဗျ။

သိလို့လည်း မင်္ဂလာမဆောင်ခင် နှစ်ပတ်အလိုလောက်ကတည်းက အိမ်မှာ. . အဒေါ်အပျိုကြီးနှစ်ယောက်၊ အိမ်တော်ထိန်းလုပ်နေတဲ့ ဒေါ်ထွေးတို့လင်မယား၊ ကားဆရာ ကိုအောင်ဒင်နဲ့ ခြံစောင့်ဦးထေတို့ ကျွန်တော့်ကိုလုံးဝအလစ်မပေးဘဲ စောင့်ကြည့်နေကြတာလေဗျာ။ ဘယ်လိုလုပ်. . ရှိုးစမိုးနဲ့ အပြင်ထွက်လို့ရမှာလဲ။

ဒီမနက်တောင် ကိုအောင်ဒင့်ကိုခေါ်ပြီး လက်ဘက်ရည်ဆိုင် သွားကြရအောင်လို့ဆိုပြီး အကြောင်းပြချက်နဲ့ထွက်၊ ကိုအောင်ဒင်ပါလာလို့ အိမ်ကစိတ်ချပြီးလွှတ်၊ ကျွန်တော်က ကိုအောင်ဒင်နဲ့ လက်ဘက်ရည်ထိုင်သောက်၊ ရယ်စရာလေးတွေ အာရုံလွှဲပြော၊ ပြီးမှ တွိုင်းလက်စ်ခဏဆိုပြီး ပတ်ထွက်လာတာ။

အိမ်ပြန်လို့ ကျွန်တော်ပါမသွားရင်တော့ ကိုအောင်ဒင် မြုတ်မှာပဲ. . သေချာတယ်။ မတတ်နိုင်ဘူး အရပ်ကတို့ရေ။ ကျွန်တော်နောက်မှ ကိုအောင်ဒင်ကိုလိုက်ရှာပြီး တောင်းပန်မယ်၊ ကျေးဇူးဆပ်ပါ့မယ်. . နစ်နာကြေးပါ ပေးဦးမယ်ဗျာ. . ခုတော့။

"မင်း. . ဒီလောက်ငမ်းရလည်း တော်ရောပေါ့ကွာ. . ၊ ငါတောင် နှစ်ရက်ပဲငမ်းလိုက်ရတယ်၊ အခု လစ်သွားပြီထင်တယ်"

နောက်ကရောက်လာတဲ့ ဂျော်ကြီးအသံကြားမှ ကျွန်တော်လည်း အတွေးပြတ်ပြီး လှေခါးအတိုင်း ဆက်တက်တယ်။ ဂျော်ကြီးက ခုနစ်လွှာမှာ တတိယထပ်ဆိုတော့ ခြေသလုံး နည်း.



www.burmeseclassic.com

www.burmeseclassic.com



နည်းကြီးနိုင်ပါတယ်။

"မင်းသိလား ဂျော်ကြီး"

"သိတယ်လေ. . ငါ့လိုပဲ Free House ကော်ဖီဆိုင် လာနေတဲ့ ဂျိုဂျိုးဆိုတဲ့ကောင်မလေးရဲ့ သူငယ်ချင်းကွ၊ မနေ့ညကတောင် ငါနဲ့ ကော်ဖီဘား အတူထိုင်ကြသေးတယ်. ."

"ဟုတ်လား. . အေးလေ မင်းငမ်းပြီးသာဆိုရင်တော့ ငါစိတ်မဝင်စားတော့ပါဘူးကွာ. ."

"ဘာဆိုင်လဲကွ. . ဘိတ်သိတ်ရ. ."

"ဟိုကောင် ထိပ်ကြီးပြောတာပဲကွ၊ ဂျော်ကြီးဆိုတဲ့ကောင်က ငမ်းရုံနဲ့တင် တစ်ဖက်သားခင်များ ချိန့်သားရေပဲကျန်တယ်တဲ့. ."

"အာ. . မင်းနှယ်. . ကွာ. ."

အဲ့ဒီနောက်တော့ ဂျော်ကြီးအခန်းမှာ ကျွန်တော့်ပစ္စည်းတွေပုံထားခဲ့ပြီး လက်ဘက်ရည်ဆိုင်တစ်ခေါက်ပြန်ဆင်းပြီး ထိုင်ကြတယ်။ ဒီကောင်တွေလမ်းကတော့ မျက်စိကို အနားမရနိုင်အောင် စည်ကားတယ်ခင်ဗျ။

မြင်နေရသမျှတွေလည်း မကြည့်လိုက်ရရင် နှမြောတာသဖြစ်စရာတွေချည်းပါပဲ။

"ဘယ့်နှယ့်လဲ ဘိတ်သိတ်. . . ငါတို့ရပ်ကွက်က လန်းတယ်မဟုတ်လား"

"အေးကွာ. . လန်းလွန်းလို့ လန့်တောင်လန့်တယ်. . ငါ့နှယ်ကွာ. . ဝတ်လာတော့ စကတ်က ပေါင်ရင်းလောက်၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆိုက်ကားငှားစီးတယ်၊ ပထမတော့ ငါ့မျက်နှာပေါ် နေရောင်ကျနေတယ်မှတ်တာ. . သေချာကြည့်မှ နေထိုးတာကွ. . ”

ဂျော်ကြီး သူ့ကိုယ်လုံးပါ တလှုပ်လှုပ်ဖြစ်သွားအောင်ရယ်ရင်း. . .

“နေပါဦး. . မင်းက ဘာစိတ်ကူးနဲ့ ဘယ်လိုတွေဖြစ်လာတာလဲ. . ”

“အိမ်က ပြေးလာတာပါလို့ ပြောပြီးပြီပဲကွ. . ”

“အေးလေ. . . ဘာအတွက်ပြေးတာလဲ. . ”

“ငါ့ကို မိန်းမပေးစားမယ်ဆိုလို့. . ”

“ဟော်. . ”

ဂျော်ကြီး သောက်ဖို့မ,ထားတဲ့ လက်ဘက်ရည်ပန်းကန်လုံးကို ဂွပ်ခနဲပြန်ချပြီး. .

“အိမ်က ပေးစားတာကို မလိုချင်လို့ ထွက်ပြေးတယ်. . ဒီလိုလား. . ”

“ဟုတ်တယ်. . ”

“ဟ. . မင်းရူးလှချည်လား. . ငါ့မှာ လိုချင်လွန်းလို့ တိုက်ခန်းတစ်ခန်းငှားပြီး ထွက်ရှာနေရတာ မင်းက မလိုချင်လို့. . ”

ကျွန်တော် လက်ဘက်ရည် အကုန်မော့ပစ်ပြီး ရေနွေးတစ်ခွက်ငှဲ့လိုက်တယ်. . ပြီးမှ ကျွန်တော့်အိမ်က မိန်းမပေးစားပုံပေးစားနည်းကို ရှင်းပြလိုက်တယ်။

“ဂလို. . ကိုး. . ”

“အဲ့ဒီတော့ ငါက ဘဝနဲ့ထပ်ပြီး ကံစမ်းမဲဖောက်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com

တိန်းဆိုတော့ကာ လစ်တာပဲကောင်းတယ်လို့တွက်ပြီး လစ်လာတာ. . ဒါပဲ"

"အဲ့ဒါများ. . ဘိတ်သိတ်ရာ. .၊ ကိုယ့်ကားပေါ် ကိုယ့်ပစ္စည်းသေတ္တာလေးပစ်တင်ပြီး မောင်းထွက်လာပါတော့လား၊ အခု မင်းပုံစံက နှစ်လင်ကွာမုဆိုးမနဲ့ သုံးလပေါင်းပြီးမှ နှင်ချခံရတဲ့ကောင် ကျနေတာပဲ. ."

"အဲ့ဒါတောင် စည်ပင်ကားလာရင် အမှိုက်ပစ်သလိုလိုဘာလိုလိုနဲ့ ခိုးထုပ်ကလေးတွေထုပ်ထုပ်ပြီး စည်ပင်ရုံးမှာ စုခိုင်းထားရတာ. . မင်းပြောသလိုသာ စတိုင်နဲ့မလိုင်နဲ့ထွက်ရင် ခြံအပြင်ဘက်ကို တစ်လက်မတောင် မရောက်ဘူး"

"ဟူး. . မင်းကျတော့လည်းကွာ. ."

ဂျော်ကြီး သက်ပြင်းမောနဲ့ညည်းတွားပြီး ဆိုင်အပြင်ဘက်ကို လှမ်းအကြည့် ဝါဝန်အဝါလေးနဲ့ ဖြူနွဲ့နွဲ့ကောင်မလေး ဆိုင်ရှေ့က ဖြတ်သွားတာကိုမြင်ပြီး. . . .

"ဂျိုဂျိုးရေ. ."

ဂျော်ကြီး အသံခပ်အုပ်အုပ်နဲ့လှမ်းခေါ်တယ်။ ကောင်မလေးလည်း ချာခနဲလှည့်ကြည့်ပြီး တန်းခနဲလျှောက်လာပါတော့တယ်။ ဂျော်ကြီးက သူမ ထိုင်ဖို့ခုံလေးတစ်လုံး အသင့်လုပ်ပေးတယ်။

"လာ. . ထိုင်. ."

ကောင်မလေးက မထိုင်သေးဘဲ. .

"နင် ကြယ်စင့်ကိုတွေ့လိုက်သေးလား"


www.burmeseclassic.com

www.burmeseclassic.com



“အေး. . တွေ့တယ်. . ၊ ငါက ဘယ်လဲလို့လှမ်းမေးတာ တောင် ဘာမှမပြောဘဲ တက္ကစီလှမ်းတားပြီး ဒိုးသွားတယ်၊ ခရီး ဆောင်သေတ္တာကြီးတစ်လုံးလည်း ပါတယ်ဟ. . .”

ဂျိုဂျိုးမျက်နှာလေး ရှုံ့တွတွလေးလုပ်ကာ ဝင်ထိုင်တယ်။

“ဘာသောက်မလဲ. . ကော်ဖီလား. .”

“ငါ ဒီဆိုင်မှာမထိုင်ဖူးဘူးဟ. . နင်က ဘယ်လိုဖြစ်ပြီး ဒီမှာ ပြောင်းထိုင်တာလဲ. . ငါက နင်ဟိုဆိုင်မှာပဲရှိမယ်ထင်လို့ လိုက်သွားမလို့. .”

“ဒီမှာလေ. . ဒါ ငါ့ဘော်ဒါအရင်းကြီး၊ နာမည်က ဘိတ် အဲ. . အဲ. . ဘိတ်သိတ်ဆိုတာ ငါတို့ပေးထားတဲ့ နာမည်ပြောင် ပေါ့၊ နာမည်က ‘စည်သူမင်းသိန်း’၊ ငါ့လိုပဲ ကွန်ပျူတာနဲ့ ကျောင်း ပြီးထားတာ. . .”

“ဩော်. . ဟုတ်. . ကျွန်မ ဂျိုဂျိုးပါရှင့်၊ ဘော့တနီနဲ့ မနှစ် က ပြီးပါတယ်. .”

“စည်သူမင်းသိန်းပါ. .”

ကျွန်တော် လက်ဆွဲနှုတ်ဆက်ဖို့ လက်ကလေးကမ်းပေး လိုက်ပေမယ့် ကောင်မလေးက မလှုပ်လို့ တစ်ရှုးဘူးထဲတစ်ရှူး တစ်စ လမ်းကြုံနိုက်ယူပြီး လက်ပြန်ရုတ်ထားလိုက်တယ်။

“ဂျော်ကြီး. . သူ ဘာသောက်တတ်သလဲ ှာပေးလိုက် လေကွာ. .”

“ဩော်. . အေး. .”

အဲ့ဒီနောက် သူမအတွက် ကော်ဖီပလိန်းတစ်ခွက်မှာပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ရောက်တတ်ရာရာ ပြောဆိုကြရင်း. . ကြယ်စင်ဆိုတဲ့ ကောင်မလေးအကြောင်းရောက်လာပြီး ပြောကြပြန်တယ်။

"နင့်သူငယ်ချင်းက ဘာလဲဟ. . အတည်ကြီးနဲ့ရွှေလာပြီး ပြန်ဒိုးတာ ဘာအထာကြီးလဲ. ."

"မသိပါဘူးဟာ. . ဘာမှလည်းမေးလို့မရဘူး၊ သူ့အိမ်နဲ့ ဖုလာတာလို့ပဲပြောတာ. .၊ ကြောဖုလား ကြိတ်ဖုလား. . ဘာဖုလဲ တော့မသိဘူး. ."

"ငါမြင်ရသလောက်တော့ ဘာအဖုမှကိုမတွေ့တာကွ ကျော်ကြီးရ. .၊ ဝက်ခြံဖုလေးတောင် မရှိဘူး"

ကျွန်တော်လည်း ပါးစပ်အားလို့ ဝင်ဖြည့်ပြောမိတာပါ။

"အာ!. . ဘိတ်သိတ်ရာ. . ငါတို့ပြောနေတာ ဝက်ခြံဖုတွေ သွေးစုနာတွေမဟုတ်ဘူး၊ ဘန်းစကားနဲ့ ပြဿနာရှိနေတယ်လို့ ပြောတာ. ."

"ဟုတ်လား. . မသိပါဘူးကွာ၊ ငါက ဒီလောက်လှတဲ့ ကောင်မလေး ဘာဖုတွေများပေါက်နေလဲလို့. ."

ဂျိုဂျိုးရယ်တယ်. .၊ ရယ်ပြီးမှ ကျော်ကြီးကိုလှမ်းကြည့်ပြီး. .

"သူက လာလည်တာလား"

"မဟုတ်ဘူး. . နင့်ကြယ်စင်လိုပဲ ဒီကောင်လည်း အိမ်နဲ့ဖုပြီးလစ်လာတာ၊ အဲ့ဒါကြောင့်. . မနက်က ကြယ်စင့်အတွက်ပို ချက်မိတဲ့ ထမင်းတွေ သွန်မပစ်နဲ့ဦး၊ နေ့လယ်စာ နင့်အခန်းမှာပဲ လာစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်မှာ ကောင်မလေး လက်ကိုင်ဖုန်းမြည်လာလို့ ခဏဆိုပြီး ဆိုင်အပြင်ထွက်နားထောင်တယ်။

"တိုးတိုးပြောပါဟဲ့. . ဒီမှာ နားတောင်ကန်းတော့မယ်"

တိုးတိုးပြောခိုင်းတဲ့ သူမအသံကလည်း အတော်ကျယ်ပါတယ်။ ဒါပေမယ့် ဘယ်သူမှဂရုထားပြီး လှည့်မကြည့်ကြပါဘူး။ ဟန်းဖုန်းယဉ်ကျေးမှုခေတ်ကြီးနဲ့ လူ့ပတ်ဝန်းကျင်ဟာ အတော့်ကို အသားကျသွားလို့ ဟန်းဖုန်းကိုင်ပြီး တစ်ယောက်တည်း ရန်ဖြစ်နေတဲ့ မြင်ကွင်းတွေ၊ ဟန်းဖုန်းကိုပဲ ရှက်စနိုးလေး မွှေးမွှေးပေးတာတွေ၊ ဟန်းဖုန်းနဲ့ လက်ညှိုးတစ်ထောင်ထောင်လုပ်ပြီး ညွှန်ကြားနေတာတွေဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကလောက် စိတ်ဝင်စားစရာ မကောင်းတော့ပါဘူး။

သို့သော်လည်း ပုံသေနှစ်ရာ ကားတစ်စီးပေါ်ကနေ ဟန်းဖုန်းအသုံးပြုနေတဲ့ အမျိုးသမီးကြီးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ကို ကားရပ်ပြီး မောင်းချလိုက်တဲ့မြင်ကွင်းကိုတော့ မကြာသေးမီက ကျွန်တော်မြင်ဖူးလိုက်ပါတယ်။

အတွေ့အကြုံအသစ် ဆိုပါတော့. . .။

အဲ့ဒီနေ့က ကျွန်တော့်ကားကို ဆားဗစ်စင်တာတင်ထားခဲ့လို့ ညနေမှ ကိုအောင်ဒင်ကိုသွားယူခိုင်းမယ်ဆိုပြီး မစောင့်တော့ဘဲ ကျွန်တော်ပြန်လာခဲ့တာပါ။ ကားရပ်လို့ ကျွန်တော် ကားပေါ်ရောက်သွားပေမယ့် ကားကမထွက်ဘူးခင်ဗျ။ မှတ်တိုင်ကနေ တက်တာလည်း ကျွန်တော်တစ်ယောက်တည်းပါပဲ။

ဘာကြောင့်လဲဆိုတဲ့အဖြေကို မကြာခင်သိလိုက်ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကားအရှေ့ပိုင်း သံဃာတော်များထိုင်တဲ့ခုံနဲ့ ဘေးချင်း ယှဉ်လျက်ခုံမှာ ခပ်ဝဝအမျိုးသမီးကြီးနဲ့ ကောင်မလေးတစ် ယောက် အပြိုင်အဆိုင် ဖုန်းပြောနေကြတဲ့အသံက ရန်ဖြစ်နေကြ သလားလို့တောင် ထင်စရာပါ. .၊ ဒါမျိုး ကျွန်တော့်ပရိသတ်တွေ လည်း ကြုံချင်ကြုံဖူးပါလိမ့်မယ်။

"ဘာ!. . အဲ့ဒီဈေးနဲ့ ငါရောင်းရအောင် အရူးလားဟဲ့. . ငါ့နှယ်. . "

"အမေ့ကို သမီးမှာထားရက်နဲ့. .၊ ဟင့်. . အင့်. . သမီး ပါပီလေးတော့ သွားပါပြီ. . ဒုက္ခပါပဲ. . "

"ငါပြောပြီးပြီနော်. . လုံးဝမရဘူး. . "

"ဟီး. . ဟီး. . မသိဘူး ငိုမှာပဲ. .၊ ဟီး. . အဲ့ဒါကြောင့် သေချာကြည့်ထားပါလို့ မှာခဲ့တဲ့ဟာကို. . ဟီး. . အီး. . ရှုတ်. ဟီး. . "

"မရဘူး. . ငါမရောင်းနိုင်ဘူး၊ အဲ့ဒီအကောင် ငါနဲ့တွေ့ မယ် ငါ့ဆီဖုန်းချိတ်ခိုင်းလိုက်. .၊ ဟင်း. . လူကို အချဉ်မှတ်နေ လား"

"ဟား!!. . . "

အဲ့ဒါကတော့. . ယဉ်မောင်းခန်းထဲက ကားဆရာကြီး လွှတ်အော်ပစ်လိုက်တဲ့အသံပါ။ အတော့်ကိုအောင်လွန်းတဲ့ အသံကြီးမို့လို့ ဖုန်းပြောနေတဲ့အသံတွေ တိခနဲပြတ်ကျပြီး ကား ဆရာကြီးကို ကြည့်ကြပါတယ်။

"ဒီမှာ ခင်ဗျားတို့နှစ်ယောက် ဆင်းတော့၊ မောင်သောင်း



www.burmeseclassic.com

www.burmeseclassic.com



ရေ အဲ့ဒီနှစ်ယောက်ကို ကားခပြန်အမ်းစမ်း၊ ပလက်ဖောင်းပေါ် ဆောင့်ကြောင့်ထိုင်ပြီး အကြိုက်ပြော၊ အကြိုက်ငိုကြ. . ၊ တောက် ဆွဲလို့မကောင်းလို့ ပေါက်နေတာနော်. . ဆွဲချမခံချင်ရင် အမြန် ဆင်း. . "

ဒီလိုအဖြစ်မျိုးပါ။ မြန်မာလူမျိုးဆိုတာ ဣန္ဒြေကြီးမြတ်မှု နဲ့ သိက္ခာကို အင်မတန်မှ တန်ဖိုးထား အလေးဂရုပြုကြတဲ့သူ တွေပါ၊ ဟန်းဖုံးသုံးကာမှပဲ လူတွေလည်း ဘာတွေဖြစ်ကုန်ကြသ လဲဆိုတာ မစဉ်းစားတတ်တော့ပါဘူး။ ရှုးပဲရှုးကုန်ကြတာလား။ ကဲ. . အဲ့ဒါထားလိုက်ပါတော့. . ကြုံလို့ပြောပြတာပါ။ ခုတော့ ဂျိုဂျိုး ဆိုင်ထဲပြန်ရောက်လာပါပြီ။

"ဘယ်သူလဲ. . ဂျိုဂျိုး. . "

ခင်မောင်ဂျော်မေးတော့ ဂျိုဂျိုး နှုတ်ခမ်းလေး ဆတ်ခနဲ တွန့်ပြပြီး. .

"ကြယ်စင်လေ. . စောစောက ဖုန်းပိတ်ထားလို့ ခေါ်လို့ မရလို့. . အခုမှပြောရတာတဲ့၊ ခဏတည်းခိုခွင့်ရလို့ ကျေးဇူးတင် တယ်တဲ့. . "

"အဲ့ဒါပဲလား. . "

"အဲ့ဒါပဲလေ. . "

"ငါ့ကိုရော ဘာမှမပြောဘူးလား. . "

"ဟဲ့. . ဘာပြောရမှာလဲ. . "

"တစ်ခုခုတော့ သူပြောသင့်တာပေ့ါ၊ နင်များ မကြားမိလို့ လား. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . အဲ့သလောက်ဖြစ်နေရင်လည်း ဖုန်းထဲပြန်နှိုက်ရှာကြည့်ကွာ၊ ချိုးကပ်ပြီးကျန်ခဲ့တာမျိုး ရှိချင်ရှိမပေါ့. ."

ကျွန်တော် အဲ့သလို အမြင်ကပ်ကပ်နဲ့ရွဲ့ပြောမှပဲ ကျော်ကြီး မကျေမနပ်လှည့်ကြည့်ကာ ငြိမ်သွားတယ်။ ကျော်ကြီးငြိမ်သွားမှ ဂျိုဂျိုးက သနားသွားတဲ့ဟန်နဲ့. . .

"နင်. . ဟတ်ထိနေတာလား. . ခင်မောင်ကျော်"

ကျော်ကြီး မျက်နှာလေးအိုပြီး ခေါင်းညိတ်ပြတော့ ဂျိုဂျိုး ရယ်ပြီး. .

"အဲ့ဒါဆို သူ့ဖုန်းနံပါတ် နင်ယူထားလေ၊ ငါပေးတယ်လို့တော့မပြောနဲ့ပေါ့. ."

"အဲ့ဒါများဟာ. . . ငါတောင်းတုန်းကသာပေးရင် ခုလောက်ဆို ဂွတ်နေပြီ. ."

"ဟဲ့. . အဲ့ဒီအချိန်က သူ့ဖုန်းကို ပိတ်ထားတာဟဲ့၊ ငါပေးတော့ရော နင်ဆက်လို့ရမယ်ထင်လို့လား၊ အခုတောင် ငါ့ဆီခေါ်တုန်းခဏပဲ. . ပြီးရင် ပြန်ပိတ်ချင်ပိတ်ထားမှာ. ."

"အိုခေ. . ပေး. . ငါခေါ်ကြည့်မယ်"

ကျော်ကြီးက သူ့ဖုန်းထုတ်ပြီး ဂျိုဂျိုးရွတ်ပြတဲ့နံပါတ်တွေ ရိုက်ထည့်လိုက်တယ်။ ပြီးတာနဲ့ ဖုန်းဆက်ခေါ်ပါတော့တယ်။

"လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာ. . ဖုန်းပိတ်ထားပါသဖြင့်. . ."

ဂျိုဂျိုးက ဘယ်နှယ့်လဲဆိုတဲ့အကြည့်နဲ့ ပြုံးတယ်။ တစ်ချက်တစ်ချက် ကျွန်တော့်ကိုလည်း မသိမသာလေး ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူကြည့်ရင် ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်ဖြစ်သွားသလို ပဲဗျ။

ဂျော်ကြီး သုံးလေးခါလောက်ခေါ်ပြီး စိတ်ပျက်ကာ ညည်းတွားရင်း ဖုန်းပြန်သိမ်းလိုက်တယ်။

"နင်. . ဘာချက်လဲ ဂျိုဂျိုး. ."

"ဟင့်အင်း. . ကြယ်စင်မရှိတော့ရင် ဟင်းပဲဝယ်စား လိုက်မလားလို့. ."

"ချက်ဟာ၊ လာ. . ဈေးသွားမယ်၊ ဘိတ်သိတ်. . မင်း ရောလိုက်မလား. ."

"မလိုက်ချင်ပါဘူးကွာ. . ငါ အခန်းက ပြန်စောင့်မယ်"

"အေး. . ပြီးရော. . ဘာဟင်းစားချင်လဲ"

"ငါးမဟုတ်ရင် ဘာဖြစ်ဖြစ်ကွာ. . ရတယ်၊ ပိုက်ဆံယူ သွားလေ. ."

"ရတယ်. . ငါ့မှာပါတယ်၊ လက်ဘက်ရည်ဘိုး မင်းရှင်း လိုက်"

ဂျိုဂျိုးနဲ့ဂျော်ကြီးတို့ ထွက်သွားတာကိုလှမ်းကြည့်ပြီး ဒီခေတ်လူငယ်တွေရဲ့ ပွင့်လင်းတဲ့စရိုက်ကို အတော်လင်းလင်းကြီး မြင်နေရတယ်။ မသိရင် လင်မယားလား၊ သမီးရည်းစားလားလို့ ထင်ရလောက်အောင် ရင်းနှီးပွင့်လင်းပုံထောက်ရင် ဒီကောင်နှစ် ကောင် လွတ်လွတ်ကင်းကင်းရော ရှိပါ့မလားလို့ တွေးစရာပါ။

ဒါပေမယ့် ကျွန်တော်မတွေးတော့ပါဘူး။ စိတ်လည်း မဝင်စားပါဘူး။ လောလောဆယ် အိမ်ကလိုက်ရှာလည်း မတွေ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ပုန်းခိုခွင့်ရရင်ပဲ အဆင်ပြေနေပါပြီ။

“ညီလေးရေ. . ဒီဝိုင်းရှင်းမယ်ကွာ. . ”

“လာပြီ. . အစ်ကိုကြီး. . ”



www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

အား လာလာ. . . ဂျိုဂျိုးဆိုတဲ့ကောင်မလေးက ဟင်း ချက်လက်ရာကတော့ ရှယ်ပဲဗျ။ အပြင်ထွက် ဘာညာ၊ နေတာ ထိုင်တာသာ ပော့ရှော့. . အလန်း၊ သူ့အခန်းနဲ့သူ နေတာထိုင် တာ မြင်ရတာတော့လည်း အဟုတ်သား။ တစ်ကယ်ကို မိန်းမ ပီသတဲ့ အနေအထိုင်မျိုး. . . ။

ဂျိုဂျိုးတစ်ယောက်တည်းနေတဲ့အခန်းနဲ့ ဂျော်ကြီးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းက အတော့်ကိုကွာတာကလား။

ဂျော်ကြီးအခန်းထဲ ကျွန်တော်ဝင်လိုက်တာ ဈေးဘေးက အမှိုက်ကန်ထဲဝင်လိုက်ရသလိုမျိုး ရှုပ်ပွ ပုံပလဲနေတာ။ အိပ်ခန်းထဲမှာလည်း ဘောင်းဘီတွေ အင်္ကျီတွေ တန်းလန်းတန်းလန်း. . ဘီယာဘူးခွံတွေ၊ အရက်ပုလင်းခွံတွေဆိုတာလည်း. . အခန်းထောင့်တွေမှာ အပုံလိုက်. . ။

ဒီကြားထဲ ကျွန်တော့်အထုပ်တွေ ပစ်ပုံလိုက်တော့. . တကယ့်ကို ဈေးအမှိုက်ကန်ဖြစ်နေတော့တာလေ။ ရောက်တဲ့ရက်ကတော့ ထားလိုက်ပါတော့။ နောက်နေ့ကျမှပဲ ရှင်းမယ်လို့ ကျွန်တော့်ဘာသာ အလုပ်ဇယားဆွဲထားပြီး လောလောဆယ် ကျွန်တော့်အတွက်ပေးထားတဲ့အခန်းကို အရင်ရှင်းလိုက်ပါတယ်။

အခန်းရှင်းပြီး ပစ္စည်းတွေယူသွင်းနေတုန်း ဂျော်ကြီး ထမင်းစားဖို့လာခေါ်လို့ ကျွန်တော် ဂျိုဂျိုးတို့အခန်းဘက် ကူးလိုက်မှ ခြေချရက်စရာမရှိအောင် ပြောင်လက်နေတဲ့ကြမ်းပြင်နဲ့ သန့်ရှင်းသပ်ရပ်ပြီး လိမ္မော်ရနံ့ အနံ့ပျောက်ဆေးလေး မွှေးပျံ့နေတာကို တွေ့မြင်ခံစားလိုက်ရတယ်ဗျ။

ဧည့်ခန်းထဲမှာလည်း ဆက်တီတစ်ဝိုင်းနဲ့ TV ရှိနေပြီး Sky Net တွဲထားပုံပါ။ Discorvery ဖွင့်ထားလို့ အဲဒီထဲက ခြင်္သေ့ခေါင်းနဲ့ ဂျော်ကြီးခေါင်းကိုယှဉ်ကြည့်ပြီး ဘယ်သူက ပိုသေ ရပ်လဲလို့တောင် တွေးမိသွားပါတယ်။

ပြောရရင် မြင်မြင်သမျှအရာအားလုံး သူ့နေရာနဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



သီးသီးသန့်သန့်လေးရှိနေပြီး အိမ်ခန်းတစ်ခန်းရဲ့ တင့်တယ်မှုမျိုးနဲ့ ပြည့်စုံတယ်ခင်ဗျ။ မီးဖိုခန်းလည်း မီးဖိုခန်းအလျောက် တစ်ကယ့်ကို အိမ်ရှင်မကြီးစတိုင်လ်မျိုးအပြည့်နဲ့ ဖြည့်ဆည်းထား၊ ရှင်းလင်းလုပ်ကိုင်ထားတာတွေ့ရတော့ ကျွန်တော် ဂျိုဂျိုးကို အထင်မသေးရဲတော့ပါဘူး။

ကြက်သားဟင်းတစ်ခွက်၊ ကြက်ဥနဲ့ပဲသီးကြော်တစ်ခွက်၊ တန်စွန်းရွက်အနီကို မန်ကျည်းသီးနဲ့ချဉ်ရည်ဟင်းချက်ပြီး ငါးပိချည်ကို ငါးမီးဖုတ်ဖျော်၊ ငရုတ်သီးကလည်းစပ်၊ သခွါးသီး၊ မြင်းခွာရွက်၊ ပဲပင်ပေါက်၊ တို့စရာ. . ဟာ. . . ကျွန်တော့်ကို အိမ်ပြန်ချင်စိတ် မေ့စေခဲ့တာပါ။

အဲ့ဒါကြောင့် စားသောက်ပြီးလို့ ဒီဘက်အခန်းပြန်ရောက်လာတော့ ကျွန်တော်နည်းနည်းစပ်စုကြည့်လိုက်တယ်လေ။

"ဂျော်ကြီး. ."

"ဟေ. ."

"မင်းကောင်မလေးက မဆိုးပါလား. ."

"ဘယ်ကကောင်မလေးတုန်း. ."

"ဂျိုဂျိုးလေကွာ. ."

"အာ. . အဲ့ဒါ ဘော်ဒါပါကွာ၊ ကောင်မလေးမဟုတ်ပါဘူး"

"အေး. . ထားပါတော့၊ မင်းဘော်ဒါကို ခိုက်တယ်ကွာ"

"ဟမ်!. ."

"အဲ. . အဲ. . သူ့. . သူ့လက်ရာကိုပြောတာ၊ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်းကတော့ ရှယ်ချက်တတ်တာပဲကွ. . နော. . . ”

“ဒါ. . ဘာဟုတ်သေးလဲ၊ မုန့်မျိုးစုံတောင် လုပ်တတ်တယ်”

“ဟော. . တကယ်လား. . ”

“ဩော်. . မင်းဘာမုန့်လုပ်စားချင်လဲ၊ ကြိုက်တာပြော”

“အိုခေ. . ငါစဉ်းစားမယ်၊ ဒီ Sunday တစ်ခုခုလုပ်စားကြမယ်. . ငါ ပိုက်ဆံပေးမယ်. . ”

“လုပ်လေ. . ဂျော်ကြီးရဲ့လျှာက အရသာခံတတ်တဲ့နေရာမှာ နံပါတ်တစ်ပဲ. . ”

ပြောပြီး ဂျော်ကြီး သူ့ကုတင်ပေါ် လှိမ့်ချလိုက်တယ်. .

“ဂျော်ကြီး. . ”

“ဘာတုန်းကွာ. . ငါနှပ်တော့မယ်”

ဂျော်ကြီး စိတ်မရှည်သံနဲ့လှည့်ပြောရင်း ခေါင်းအုံးတစ်လုံးကို ပေါင်ကြားထဲဆွဲသွင်းလိုက်တယ်. . .၊

“မင်းမရှက်ဘူးလား”

“ဟ. . ဘာကိုလဲ. . ”

“ဟိုကောင်မလေးအခန်းကို မင်းကြည့်စမ်း. .၊ ဘယ်လောက်သန့်ပြန့်ပြီး နေချင်စရာကောင်းသလဲဆိုတာ. . ”

“အဲ့ဒါဆို မင်းသွားနေလေ. . ငါပြောပေးရမလား”

“ရမလားကွ. .၊ မိန်းကလေးတစ်ယောက်တည်း နေတဲ့အခန်းကို. . ”

“ရတယ်. . ဂျိုဂျိုးက ခေတ်ကိုနားလည်တယ်၊ သူ့အ



www.burmeseclassic.com

www.burmeseclassic.com



သားကို သွားမထိရင်ပြီးရော၊ မင်းဘာသာ အိမ်တွင်းစင်ထဲပဲ
ဝင်ခွေခွေ ဖြစ်တယ်၊ ငါလည်း တစ်ခါတစ်ခါ မူးလာရင် သူ့အခန်း
သွားရစ်ပြီး ဧည့်ခန်းထဲ မိုးလင်းအောင်အိပ်ဖူးတယ်၊ အနားတော့
သွားမကပ်နဲ့ ဓါးနဲ့အထိုးခံရမယ်မှတ်. ."

"ဟာကွာ. . သွားလည်းမအိပ်ဘူး၊ ကပ်လည်းမကပ်ရဲ
ဘူး၊ ငါပြောချင်တာ. . သူ မိန်းကလေးတောင် တစ်ကိုယ်ရေတစ်
ကာယနဲ့ သန့်ရှင်းသပ်ရပ်အောင်နေနိုင်တာ. . ငါတို့ယောကျ်ား
တွေ အိမ်ထောင်ပြုရင် အိမ်ထောင်ဦးစီးဆိုတဲ့ရာထူးကို အလု
အယက်တက်ယူမယ့်ကောင်တွေ ပိုလို့တောင် စည်းကမ်းရှိမနေ
သင့်ဘူးလား၊ အခုကွာ ငါတို့အခန်းကိုကြည့်ပါဦး. . . သူ ဒီဘက်
ခန်းလာလည်ရင် ဘယ်လောက်ရှက်ဖို့ကောင်းလဲ. ."

"ရိုးဟိုးဟိုးနေပြီ. . ကဲ. . ဘိတ်သိတ်၊ ငါ့အခန်းက မင်း
ရဲ့အခန်းပဲ. . မင်းမနေတတ်ရင် နေတတ်သလိုသာလုပ်တော့ ငါ
အိပ်ချင်ပြီကွာ. ."

ကျွန်တော် ဒီကောင့်အခန်းထဲကထွက်လာပြီး ဈေးသာ
ဆောင်ရောက်မှ အသက်ဝဝရှူသွင်းလိုက်တယ်။ ဒီကောင်ရိုးနေ
ပေမယ့် မရိုးနိုင်တဲ့ကျွန်တော့်အတွက် လူနေအခန်းကို အခန်းနဲ့
တူအောင်လုပ်ဖို့ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ တာဝန်ပေးလိုက်ပါ
တော့တယ်။

ꩧ ꩧ ꩧ ꩧ



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင် လမ်းထိပ်က ကော်ဖီဘားမှာရောက်နေတယ်လို့ ဖုန်းနဲ့လှမ်းပြောလို့ ဂျိုဂျိုးအပြေးအလွှားရောက်သွားတယ်။ ရောက်ရောက်ချင်းပဲ ဂျိုဂျိုးက ဆူတယ်။

"နင်ဘယ်လိုဖြစ်နေတာလဲ. . ကြယ်စင်"

"ငါ. . သေချင်နေပြီ"

"နင် အခိပ္ပါယ်မရှိတာဟာ၊ ဘာဖြစ်သလဲ. . ဘာကြောင့်လဲဆိုတော့လည်း နင်မပြောဘူး၊ အိတ်တစ်လုံးနဲ့ ဟိုပြေးဒီပြေး ဘာမှန်းလဲမသိဘူး. ."

ဂျိုဂျိုးအဲ့သလို ခပ်ဆတ်ဆတ်ကလေး ဆူပြောပြောတော့လည်း ကြယ်စင်က သနားစရာကောင်းအောင်ငိုနေလို့ ထပ်မဆူရဲတော့ဘဲ. . .

"ကဲ. . တော်ပြီဟာ၊ သူများတွေကြည့်နေကြပြီ၊ အခု ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘာကူညီရမလဲ. . အခန်းမှာပြန်နေမလား"

ဆိုတော့ကာ ကြယ်စင် ခေါင်းခါပြီးမျက်ရည်သုတ်တယ်။ ခဏကြာမှ. .

"နင့်ကို ငါအကုန်ပြောပြမယ်. . နင်အကြံပေးပါ"

"အေး. . အေး. . ဟုတ်ပြီ. . ပြော"

"လောလောဆယ်. . ငါမေးချင်တာ၊ နင့်အခန်းကို အိမ်ကလာရှာသေးလား. ."

"ဘယ်သူမှမလာဘူး. . လာလည်း ငါကပြောမလားဟ"

"အေးပါဟာ. . ငါနင့်ကိုယုံပါတယ်၊ မပြောတာက ငါ့ဘာသာ အရမ်းစိုးရိမ်လွန်းတာပါ. . ဒီလိုဟ. . ငါ့ကို အိမ်က လူတစ်ယောက်နဲ့ပေးစားမလို့ စီစဉ်ကြတယ်. ."

"ဟင်!. ."

ဂျိုဂျိုးရဲ့ ဟင်ဆိုတဲ့အတွေးက ခင်မောင်ဂျော်ဆီရောက်နေတဲ့ စည်သူမင်းသိန်း ဆိုတဲ့လူကို တန်းခနဲသွားမြင်တယ်။ ခင်မောင်ဂျော်လည်း ပြောပြတယ်လေ. .၊ ငါ့ကောင် သူ့အိမ်က မိန်းမပေးစားမယ်ဆိုလို့ ကြောက်ပြီးထွက်ပြေးလာတာတဲ့. .။

"ဟဲ့!. . ငါပြောတာကြားရဲ့လား"

"အင်. . အေး. . အေး. ."

"နင်စဉ်းစားကြည့်. . အဲ့ဒီလူက ပိုက်ဆံတော့ရှိပါရဲ့၊ အသက်က ငါ့ထက်ကြီးတယ်၊ လူပုံကလည်း သူကြီးရာထူးအရွေးခံမယ့် တောသူဌေးဂိုက်နဲ့. ."

"နင်မြင်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မမြင်ဖူးပါဘူး. . ဒေါ်လေးပြောပြတာ၊ မေမေတို့က ငါ သိရင်ငြင်းမှာစိုးလို့ လုံးဝကိုလျှို့ဝှက်ထားတာ၊ ကဲ. . ဖြစ်သင့်လား၊ ကိုယ့်တစ်သက်လုံးပေါင်းသင်းရမယ့် ယောကျ်ားကို ပါကင်ထုပ်ပြီး ပေးစားတာမျိုးက မလွန်လွန်းဘူးလား၊ အဲ့ဒါကြောင့် ဒေါ်လေးက ငါ့ကိုလွှတ်ပေးလိုက်တာလေ. ."

"အေးဟယ်. . အဲ့သလိုကြီးဆိုတော့လည်း. ."

"အဲ့ဒါပဲဟ. . ဒေါ်လေးဆီဆက်သွယ်ကြည့်တာတော့ ငါ့ကို အသည်းအသန်လိုက်ရှာနေတယ်တဲ့၊ ဖေဖေလည်း အကြီးအကျယ် ပေါက်ကွဲနေတယ်. .၊ မနေ့ကဆို မြောက်ဒဂုံမှာ သုံးအိမ်လောက် ပြောင်းလိုက်ရတယ်၊ ဖေဖေ့တပည့်တွေ တောက်လျှောက်လိုက်လာတာ. .၊ ညက ငါ တည်းခိုခန်းမှာတည်းလိုက်ရတယ်"

"ဘာ. . နင်တစ်ယောက်တည်း. ."

"အေးလေ. ."

"တော်တော့. . မိကြယ်စင်၊ နင် ဘဝပျက်ချင်နေပြီထင်တယ် ဟုတ်လား. .၊ နင်မို့လို့ စွန့်စွန့်စားစား၊ ကြောက်တတ်တာလည်း နင့်အပြင်မရှိဘူး. .၊ တည်းခိုခန်းများ သွားတည်းသေးတယ် အံ့ပါရဲ့. .၊ အခုကစပြီး ငါ့အရိပ်အောက်က လုံးဝအပြင်မထွက်နဲ့တော့"

"အိမ်ကလာရှာရင် ဘယ်လိုလုပ်မလဲ. ."

"ရတယ်. . ငါစီစဉ်မယ်၊ ဒီဘက်ခန်းမှာလည်း ခင်မောင်ကျော်ရှိနေတာပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . အဲ့ဒီကောင်ကို ငါကြည့်မရဘူး၊ နင့်ကိုအားနာလို့ မပြောတာ. . လူကိုလာပြီး အီစီကလီနဲ့ ဘာမှန်းလဲမသိဘူး"

"အဲ့ဒါ. . ကိုယ်နေတတ်ဖို့ပဲလိုတယ်၊ ငါ အဲ့ဒီအခန်းကို ရောက်စတုန်းကလည်း ဒီလိုပဲ၊ ငါ့ကို သွေးတိုးစမ်းတာပဲ၊ ငါ သူ့ပေါင်ကို အသားလှီးတဲ့ဓါးနဲ့ ဆွဲလှီးပစ်လိုက်တာ တစ်ချီတည်း မှတ်သွားတယ်. ."

ကြယ်စင် လန့်ဖြတ်သွားပြီး. .

"ဘုရား. . ဘုရား. . နင်. . နင်တကယ်ပဲ"

"သွေးထွက်သံယိုဖြစ်အောင်တော့ လုပ်မလားဟ၊ သူ့ဂျင်းဘောင်းဘီက အထူကြီးဥစ္စာ၊ ဘောင်းဘီတော့ ပြဲသွားတာပေ့ါ၊ အခုတော့ အေးဆေးလေ. . လုံးဝ ဘော်ဒါပဲ၊ ဒီကောင်က ပျော်တတ်တယ်. . စိတ်ကောင်းလည်းရှိပါတယ်၊ ယောကျာ်းတွေက ဒီလိုပဲဟ လူကြမ်းရင် နတ်မခံနိုင်သလို၊ မိန်းမတွေတကယ်ကြမ်းလာရင် ယောကျာ်းတွေလည်း လစ်ကော. ."

"ဂျိဂျိုးရယ်. . နင့်ကို ငါတကယ်ကြောက်လာပြီ"

"အပိုတွေပြောမနေနဲ့တော့ ကြယ်စင်၊ ငါနင့်ကို စိတ်မချတော့ဘူး. . အခု ဟိုဘက်ခန်းမှာ နင့်လိုအိမ်ပြေးတစ်ယောက် ရောက်နေတယ်. . ."

"ဟုတ်လား. . မိန်းကလေးလား"

"ဟာ. . ခင်မောင်ကျော်အခန်းမှာပါဆို မိန်းကလေးဖြစ်မလား၊ နာမည်က စည်သူမင်းသိန်းတဲ့. . ခင်မောင်ကျော်ခေါ်တာတော့ ဘိတ်သိတ်. . တဲ့. . အဟိဟိ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ. . သူက ဘိတ်သိတ်ဆရာလား"

"မဟုတ်ပါဘူး. . ရိုးရိုးကြီးနေတတ်လို့ နာမည်ပြောင်ပေး ထားတာ. . ရုပ်ကတော့ မဆိုးပါဘူး၊ ကြည့်ကောင်းတဲ့ပုံပါပဲ၊ သူ လည်း နင့်လိုပဲ အိမ်ကပေးစားတာမလိုချင်လို့ ထွက်ပြေးလာတာ လေ. . နင်တို့အဖော်ရတာပေါ့. . "

"သွားပါဟာ. . ငါက ရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်ပါ ဘူး"

"ဘယ်သူမှ အတင်းမကြိုက်ခိုင်းဘူး. . ကဲ. . သွားမယ်"

"နင် မသောက်တော့ဘူးလား"

"အခုမှ သတိရတယ်နော်၊ ငါရောက်တာဖြင့် နာရီဝက် လောက်ရှိပြီ. . "

ဂျိုဂျိုး စကားနာထိုးဟန်လေးနဲ့ပြောပြီး ကြယ်စင့်ခရီး ဆောင်အိတ်ကို ဆွဲမ,လိုက်တယ်။

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



"ချထားလိုက်. . "

ဦးမောင်မောင်ကြည်ရဲ့ ဒေါ်သအိုးကွဲအသံကြောင့် ဒေါ်ကြည်ပြာ တုန်ခနဲဖြစ်ပြီး ဆက်တီစားပွဲပေါ်မှာ ကပျာကသီချပြီး နီလာနဲ့ သီတာတို့ဘေးမှာ ဝင်တိုးပြီးထိုင်တယ်။ နှစ်ယောက်ထိုင်ဆက်တီခုံမှာ အတော်အတန်ဝနေတဲ့ ညီအစ်မသုံးယောက် ပြွတ်ပြီးထိုင်နေလိုက်တော့ ဘေးလက်တင်ဘောင်တွေ ကားပြီးထွက်လာတယ်။ စည်သူမင်းသိန်း အိမ်ကပျောက်သွားတဲ့နေ့ကစပြီး ဦးမောင်မောင်ကြည် မနက်ခင်းပိုင်း ရုံးမတက်နိုင်ဘဲ အိမ်မှာ ယခုလိုမျိုး ဖြစ်နေတော့တာပါ။

ပုံမှန်အတိုင်းဆို မနက်ခနှစ်နာရီထိုးတာနဲ့ ဦးမောင်မောင်ကြည်က ကုမ္ပဏီကိုသွား၊ ဒေါ်ကြည်ပြာက မနက်ကိုးနာရီကျော်မှ အိမ်ထွက်၊ အိမ်တော်ထိန်း ဒေါ်ထွေးက ကိုအောင်ဒင်မောင်တို့တဲ့ ကားနဲ့ဈေးသွား၊ ဦးထေလည်း ပန်းခြံထဲဝင်၊ ဒေါ်ကြည်ပြာရဲ့ညီမ



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးတွေဖြစ်တဲ့ နီလာနဲ့ သီတာက အိပ်ခန်းတွေသိမ်းဆည်း ရှင်းလင်းရင်း စည်သူမင်းသိန်းနိုးလာတဲ့အချိန်ထိုင်စောင့်၊ နိုးလာရင် မနက်စာပြင်ဆင်ကျွေး၊ ဒေါ်ထွေးပြန်လာမှ ကိုအောင်ဒင်နဲ့ အပြင်ထွက်ချင်ထွက်။

ဒါဟာ ဒီအိမ်ကြီး ပုံမှန်လည်ပတ်နေကျ မနက်ခင်းအခြေအနေပါ။ ခုတော့. . မနက်လင်းတာနဲ့ အဲ့သလိုလည်ပတ်မှုကြီး တစ်ခုလုံး တုန့်ခနဲရပ်သွားတဲ့အတွက် ဧည့်ခန်းထဲမှာ မိသားစုတွေ အပြုံလိုက်ဆင်းထိုင်၊ မနက်စာ စားဖို့ဘေးချိတ်ထား၊ ဦးမောင်မောင်ကြည်ရဲ့ ဒေါသဩဇါဒကိုငြိမ်ခံ ကုတ်ကွနေကြရတဲ့ အဖြစ်မျိုးမဟုတ်လား။

ဦးမောင်မောင်ကြည်ကိုယ်တိုင် ပုံမှန်မဟုတ်တော့ ဒရိုင်ဘာတွေလည်း ဧည့်ခန်းအပေါက်ဝမှာ မိုးတိုးမတ်တပ်၊ ခြံလုပ်သား ဦးထေလည်း တွေ့ရာပန်းချုံဘေးနား ဝင်ပုပြီး ဆေးပေါ့လိပ်တစ်ဖွားဖွားနဲ့၊ ဒေါ်ထွေးလည်း မီးဖိုခန်းထဲကနေ ဘာဖြစ်မလဲ. . ဘာဖြစ်မလဲဆိုတဲ့ ထိတ်လန့်မှုမျိုးနဲ့ ရင်တစ်ခုန်ခုန်ပေါ့။

အဲ့သလို သုန်မှုန်နေတဲ့ မုန်တိုင်းကာလကြီးရဲ့ အဓိကတရားခံကတော့ စည်သူမင်းသိန်းပဲလို့ ပြောရမှာပေါ့။ ကျန်တာတွေကတော့ တစ်တရားခံ၊ နှစ်တရားခံဆိုပြီး အစဉ်လိုက်ပါပဲ။

"တောက်. . မိဘက လက်နဲ့ရေး၊ သင်းက ခြေနဲ့ဖျက်တယ်၊ မြင့်စေချင်လို့ နတ်ပြည်တင်ပေးတာ ဖင်အေးတယ်ဆိုပြီး ခုန်ချတာ ဒီကောင်မှအစစ်ကွ. . မင်းသိလား. . "

"ဟုတ်ကဲ့ပါအစ်ကိုရယ်. . ကျွန်မလည်းသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com





"သိရင် ထိန်းထားလေကွာ. .၊ မင်းတို့ အသုံးမကျတာတွေ အများကြီးပါတယ်. .၊ တွက်ကြည့်စမ်း. . ဒီအိမ်မှာ ငါကလွဲရင် လူခုနစ်ယောက်တိတိရှိတယ်၊ အဲ့ဒီထဲက တစ်ယောက်ပျောက်သွားတာကို မသိနိုင်မကြည့်နိုင်ဘူးဆိုတာ ဖြစ်သင့်သလား၊ ဒါတောင် လူချည်းပဲမဟုတ်ဘူး. . သူ့အသုံးအဆောင်ပစ္စည်း အကုန်သယ်ပြီး ထွက်သွားတာ. ."

"အဲ့ဒါထက် ဟိုတစ်ဖက်မိသားစုကို ကျွန်မတို့ ဘယ်လိုပြောကြမလဲဆိုတာသာ အရေးကြီးတာပါ. . အစ်ကိုရယ်"

"မင်းသွားလေ. . မင်းတို့ညီအစ်မတွေ သွားကြ၊ ငါကတော့ လုံးဝမသွားဘူး. .၊ အသုံးမကျတဲ့ သားနဲ့မိန်းမကြောင့် ငါ့မျက်နှာကြီးတော့ အနင်းမခံနိုင်ဘူးကွာ. . ဒါပဲ. .၊ ဟေ့ကောင်အောင်ဒင်"

ကိုအောင်ဒင် ဆတ်ခနဲတုန်ပြီး. . .

"ဗျာ!. . ဆရာ"

"ငါ့အိတ်. . ကားပေါ်တင်. . ရုံးသွားမယ်"

"ဟုတ်ကဲ့ဆရာ"

အောင်ဒင် ပြာပြာသလဲနဲ့ လက်ဆွဲအိတ်ကိုပြေးယူပြီး ကားပေါ်တင်လိုက်တယ်။ အဲ့ဒီနောက်. . တံခါးကြီးဖွင့်ထားလိုက်ပါတယ်။ ခြံထဲကနေ ကားမောင်းထွက်သွားမှ ဒေါ်ကြည်ပြာတို့ညီအစ်မတွေလည်း စားသောက်ခန်းထဲ အပြေးအလွှားဝင်နိုင်ကြတော့တယ်လေ။

"ဒေါ်ထွေး. . မြန်မြန်လုပ်. .၊ ဒီမှာ ဆာလွန်းလို့ သေ

www.burmeseclassic.com



တော့မယ်. . ”

“ဟုတ်. . ဟုတ်. . မမလေးတို့ ခဏလေး၊ အေးသွားလို့ ပြန်နွေးပေးမယ်. . ”

“မလိုဘူး. . ဒီအတိုင်းပေး. . ”

ညီအစ်မသုံးယောက် ဆာလောင်မှုကို အငမ်းမရစား သောက်ကြပြီးမှ ကော်ဖီသောက်ရင်း တိုင်ပင်ကြတယ်. . ။

“ဘယ်လိုလုပ်ရင်ကောင်းမလဲဟင်. . မမ”

“ဘာလုပ်လို့ရမှာလဲ. . မင်္ဂလာပွဲအစီအစဉ် ဖျက်ရုံပဲရှိတော့တာ. . ၊ ဘယ်သွားမှန်းလည်းမသိ. . ၊ သူသွားတတ်တဲ့နေရာတွေလည်း နှံ့နေပြီ. . ”

“လူပျောက်တိုင်ရင်ကောဟင်. . ”

“ဟာ. . မဖြစ်ဘူး နီလာ၊ သားလေးသိက္ခာကျမယ့်အလုပ်မျိုး လုံးဝမလုပ်ဘူး၊ အခုကိစ္စလည်း သူ့အဖေစီစဉ်လို့သာ. . ငါ့သဘောဆို. . ကလေးတွေဆန္ဒကိုပဲ ဦးစားပေးချင်တာ. . ”

အဲ့ဒီအချိန်မှာပဲ ဦးထေရောက်လာပြီး. .

“မမလေးတို့. . အိမ်ရှေ့မှာ ဧည့်သည်ခင်ဗျ. . ”

“ဟင်. . ဘယ်သူပါလိမ့်၊ သီတာရေ. . ထွက်ကြည့်ပါဦး”

သီတာ ခပ်သွက်သွက်လေးထွက်သွားပြီး ပြန်ရောက်လာပြီး လေသံနဲ့ပြောတယ်။

“မမရေ. . ဒေါ်တင်တင်ကြီးတို့တော့်. . ”

“မင်္ဂလာကိစ္စလားမှမသိတာ. . ”

“ဗုဒ္ဓေါ. . ငါတော့အရှက်ကွဲတော့မှာပဲ. . ”



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်ကြည်ပြာ ဘုရားတပြီး စားသောက်ခန်းထဲကနေ ကပျာကသီထွက်လာ ကြိုတယ်..

"ကြွကြွပါရှင်.. အဟင်းဟင်းဟင်း.. အစ်မကြီးကိုယ်တိုင် ပါလာတာကိုး.."

"မပါလို့မဖြစ်ဘူး မကြည်ပြာရေ..၊ ဒီမှာ မိုးမီးလောင်နေပြီ.. ကိုမောင်မောင်ကြည်ရော.. ရှိလား.."

"အခုပဲ ရုံးသွားပြီမမရဲ့၊ ခေါ်ပေးရမလား.. ဖုန်းဆက်လိုက်မယ်လေ.."

"နေဦး.. မကြည်ပြာရေ.. ခဏလေး.."

အဲ့ဒီနောက် အမျိုးသမီးကြီးက ဒေါ်ကြည်ပြာကို လက်ဆွဲခေါ်ထိုင်ပြီး တီးတိုးကပ်ပြောတယ်။

"ဟင်!.."

"အဲ့သလိုဖြစ်နေလို့... ကိုထူးလည်း သူ့တပည့်တွေနဲ့ ကြိတ်ပြီးရှာနေတာ.. တွေ့ကိုမတွေ့သေးဘူးဖြစ်နေလို့.."

ဆိုတော့ကာ ဒေါ်ကြည်ပြာလည်း အခုမှ ရေငတ်နေတုန်း ရေတွင်းကျဆိုသလိုပဲ ခပ်သွက်သွက်ထုတ်ပြောလိုက်တယ်။

"အတူတူပဲ အစ်မကြီးရေ၊ အိမ်ကသားလည်း ထွက်သွားပြီ"


"ဟောတော်!!.."





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





# အခန်း(၄)

နှစ်နာရီစာလောက် ကျွန်တော့်ကိုယ်ကျွန်တော် အိမ်ဖော်စိတ်သွင်းလိုက်တဲ့အတွက် ဂျော်ကြီးရဲ့တိုက်ခန်းတစ်ခုလုံး မဟုတ်ရင်တောင် ဧည့်သည်တစ်ယောက်ရဲ့အမြင်နဲ့ အတော်ကြည့်ပျော်ရှုပျော် ဖြစ်သွားတယ်။ မနက်ဖြန်တော့ ကိုယ်တိုင်ဈေးသွားပြီး ဘုရားပန်းဝယ်၊ ကြမ်းခင်းဖယောင်းပုဆိုးလည်း ဝယ်ရမယ်လို့တွေးမှတ်ပြီး လျှော်ပြီးသားအဝတ်တွေ အရှေ့ဝေးသော ဆောင်ဘက် မ,ယူလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အလွှာတိုက်ခန်းတွေအတွက်တော့ အဝတ်တွေ လေသာဆောင်မှာ ထုတ်လှန်းရင်လှန်း၊ မဟုတ်ရင် မီးဖိုဆောင် အရေးပေါ်ထွက်ပေါက်မှာပဲ လှန်းစရာရှိတာ။ ဒီဒုက္ခကို တိုက် ခန်းနေတဲ့ သူတွေသိမှာပါ။ အဝတ်လျှော်စက်တွေ အပူပေး အ ခြောက်ခံစက်တွေရှိရင်တော့ မဆိုးဘူးပေါ့။ လျှော်လိုက်တာနဲ့ မီးပူတိုက် ခေါက်သိမ်းတဲ့အထိ ဆက်တိုက်လုပ်သွားရုံပဲလေ။

ဂျော်ကြီးကတော့ အဲ့ဒါတွေရှိဖို့မပြောနဲ့ လျှော်ဖို့ကို စိတ် မဝင်စားတာ။ ဒိုဘီသမားအထည်လာယူရင် ထည့်ပေးလိုက် တယ်။ လာပို့ရင် ဝတ်တယ်။ ပြီးတော့ ချွတ်ပုံထားလိုက်တယ် အတော့်ကို သက်တောင့်သက်သာပါပဲ။

ခက်တာက ကျွန်တော့်စိတ်က ဒိုဘီအပ်ပြီး ထွက်လာတဲ့ အထည်အနံ့ကို မကြိုက်ဘူး . . ၊ ဘယ်လိုအနံ့လဲလို့မေးရင် ကျွန် တော်လည်း မပြောတတ်ဘူး။ သေချာတာတော့ အသက်ရှူမဝ ဘူးဗျာ။

အခုလည်း ဒီကောင့်အခန်းတစ်ခန်းလုံး ဒိုဘီနံ့တွေ လှိုင် နေလို့ ကိုယ်နေရတဲ့ရက်ကလေး ကိုယ့်နှာခေါင်းကိုယ်သနားပြီး အပင်ပန်းခံလိုက်တာပါပဲ။

အဝတ်လျှော်တာ ဘာခက်လို့လဲ။ အီလန်တစ်ထုပ် ဝယ် ပြီး ရေချိုးခန်းထဲမှာ ပစ်စိမ်ထား၊ တစ်နာရီလောက်ကြာတော့ . . တက်နင်းပြီးသာ ဖွတ်ထည့်လိုက်၊ အထည်ကများတော့ နင်းခွပ် မှပဲအဆင်ပြေမယ်၊ ကျွန်တော်လျှော်တတ်သလောက် ပြောတာ နော်. . ပြောင်တာမပြောင်တာ ကျွန်တော်မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဒီကောင့်အဝတ်တွေအားလုံး နင်းဖွတ်လိုက်။ ရေလောင်းလိုက်နဲ့ ဆပ်ပြာရည်စင်သွားတော့ အမယ်. . အိုခေသားဗျ။ ရေတော့ နည်းနည်းစင်အောင်ညှစ်မှဖြစ်မှာဗျ။ မဟုတ်ရင် အပေါ်ကလှန်းထားတဲ့အဝတ်က ရေစက်လက်တွေ အောက်ကိုကျရင် မကောင်းဘူးမဟုတ်လား။

အဲ့ဒါကြောင့် ဇလားထဲကအဝတ်တွေ တစ်ထည်ချင်းဆွဲထုတ်၊ ဇလားထဲရေညှစ်ချပြီး လေသာဆောင်လက်ရန်းတန်းပေါ်တင်နဲ့ ကျွန်တော်လည်း တစ်သက်နဲ့တစ်ကိုယ် မလုပ်ဖူးတာတွေလုပ်ပြီး အတော်အီစလန်ဝေသွားတယ်။

အကျီက တော်တော်ရယ်၊ ဂျင်းဘောင်းဘီတို့ ဂျာကင်အနွေးထည်တို့ဆို သေရော။ ရေစင်အောင်ညှစ်ရတဲ့အလုပ်နဲ့တင် လက်မောင်းတွေ ပြုတ်ချင်ချင်ပဲ။

နည်းလို့လားဗျာ. . ကြည့်ပါဦး။ ကျွန်တော့်ဘာသာ ရေညှစ်ပြီး တန်းပေါ်အလုံးလိုက်တင်ထားတဲ့ အဝတ်ပုံကြီးကိုကြည့်ပြီး စိတ်ပျက်သွားတယ်။ အမေသာမြင်ရင် ရင်ကျိုးမှာပဲ. . ။

ကျွန်တော်တွေးရင်း. . လက်အံ့သေချင်ချင်ဖြစ်နေတဲ့လက်တွေခါထုတ်ပြီး ရှေ့မှာရပ်နေတဲ့ ရေဇလားကို မ,ထုတ်ပြီး အနောက်ဘက် ရွှေ့ချထားလိုက်ပါတယ်။ ပြီးမှ အဝတ်လှန်းဖို့ ပြန်လှည့်ကြည့်တော့. . ။

"အဲ!. . ဗျ!. . "

ပြဿနာတော့တက်ပြီဗျ။ လှန်းမယ့်အဝတ်တွေမရှိတော့ဘူး။ ရေဇလားကိုဆွဲမ,ပြီး ဖယ်တော့ ဇလားနှုတ်ခမ်းနဲ့ အဝတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကို အောက်ကနေ မ,တွန်းသလို ဖြစ်ပုံပါ။ တန်းပေါ်မှာ အဝတ်နှစ်ထည်ပဲကျန်ပြီး ကျန်တာအားလုံး အောက်ကို 'ဂျာလကီးဂျောင်း' အဲ. . အဲ. . 'ဟားဒယား' ဖြစ်ကုန်ပါရောလား။

(ကျွန်တော်ကြားဖူးတာပါ. . အောက်ချတာတို့ အောက်ကိုကျသွားတာတို့ကို အာရဗီဘာသာနဲ့ 'ဟားဒယား'လို့ အော်တာပဲဗျ။ မမှန်ဘူးထင်လည်း မှန်တာကိုလက်ခံပြီး သုတယူကြပါကုန်)

ကျွန်တော် စိတ်မပေါ့မပါးနဲ့ အောက်ကိုငုံ့ကြည့်လိုက်တော့. . .။

ဘုရား. . ဘုရား. .။ တစ်ကယ် ဘုရားတ,မိတဲ့ မြင်ကွင်းဗျို့။ ဟိုမှာ. . . ကြည့်ကြပါဦး။

လေသာဆောင်အောက်တည့်တည့်မှာ ရပ်ထားတဲ့ အနက်ရောင် ပရာဒိုခေါင်မိုးပေါ်မှာ ကျွန်တော့်အဝတ်တွေက အပုံလိုက်၊ ကားပတ်ချာလည်ကနေ အပေါ်ကိုမော့ကြည့်နေတဲ့ လူငါးယောက်ကိုလည်းကြည့်ဦးဗျ. . .။

အာလုံး ကော်ကိုင်းမျက်မှန်အနက် တပ်ထားပြီး အနက်ရောင်အနောက်တိုင်းဝတ်စုံတွေနဲ့လေဗျာ။ ကျွန်တော်ကြည့်ဖူးတဲ့ အနောက်တိုင်းအက်ရှင်ဇာတ်ကြမ်းတွေထဲက မာဖီးယားဂိုဏ်းသားတွေများလားလို့တွေးပြီး ကြက်သီးတောင်ထ,သွားပါတယ်။

တစ်ကယ်ပါ။ သူတို့ထဲက နှုတ်ခမ်းမွေးကားကား၊ ဆံပင်ရှည်ရှည် နီကြောင်ကြောင်ကောင်ရဲ့ မော့နေတဲ့မျက်နှာအတိုင်း လက်တစ်ဖက်မြှောက်တက်လာပြီး ကျွန်တော့်ကို လှမ်းခေါ်တဲ့ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



က ချဲလင်းတောင်းတဲ့ပုံမျိုးမို့လို့ ကျွန်တော်လန့်ပြီး နောက်ကို ယို့ဆုတ်လိုက်ပါတယ်။

အရေးထဲ ဟိုကောင်ဂျော်ကြီးကလည်း အိပ်ရာကနိုးတာနဲ့ ဘောင်းဘီထစွပ်ပြီး အောက်ဆင်းသွားတာ ငရဲပြည်အထိများရောက်သွားသလား မပြောတတ်ဘူးဗျာ. . .။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ဒီအတိုင်းငြိမ်နေလို့ မဖြစ်တော့တာကြောင့် ပုဆိုးတိုတိုပြင်ဝတ်ပြီး အောက်ကိုပြေးဆင်းလာခဲ့တယ်။

မြေညီထပ်လည်းရောက်ရော သကောင့်သားတွေ ကျွန်တော့်ကိုဝိုင်းထားလိုက်ကြတယ်ဗျ။ ပြီးတော့ ကိုဆံရှည်က ကားခေါင်မိုးကို လက်မလေးထောင်ပြီး နောက်ပြန်ညွှန်ပြရင်း. . .

"ဒီကားကို မင်းဘယ်လောက်တန်တယ်ထင်လဲကွ. ."

ကျွန်တော် ယောင်နနလှမ်းကြည့်ပြီး. .

"ဒီမော်ဒယ်လောက်ကတော့. . တန်လှ ခြောက်ရာပေါ့ အစ်ကိုကြီးရ. ."

"အေ. . ဟုတ်ပြီ. . မင်းမှာ လျော်ဖို့ရှိလား"

"ဗျာ!. ."

"ဟော့ကောင် အူကြောင်ကြောင်လုပ်မနေနဲ့၊ အဲ့ဒါ. . ငါ့ဘော့စ်ရဲ့ကား၊ အခု. . . မင်းရဲ့သောက်စုတ်သောက်ပြတ်တွေ ပြုတ်ကျလို့ အမိုးတွေ ပိန်ချိုင့်သွားပြီကွ. ."

"အင်း. . လျော်မယ်လေ၊ ဘယ်လောက်ပေးရမလဲ"

"ဘာကွ!. ."



www.burmeseclassic.com

www.burmeseclassic.com



ကိုဆံရှည်ကြီး ကျွန်တော့်မျက်နှာနား ကပ်ပြီးအော်လို့ ကျွန်တော်လည်း မွန်ထွန်ပြီး မူးချင်သလိုတောင်ဖြစ်သွားတယ်။

ဒီလူ သောက်ထားတာပဲ. . ။

“ဒီမှာ ချာတိတ်. . ဒါ တစ်ရာဘိုးသုံးစီးမဟုတ်ဘူး၊ ဆေးလေး တစ်လက်မလောက်ပွန်းသွားရင်တောင် တစ်သိန်းလောက် ကုန်တဲ့ကားကွ. . ရှင်းလား. .”

“ကျွန်တော်သိပါတယ်. .၊ လောလောဆယ် ဘာလုပ်ပေးရမလဲ. .”

“လျော်စမ်းကွာ. . မလျော်နိုင်လို့ကတော့ မင်းအသေပဲ”

“လျော်နိုင်ရင် မီးရှို့ပစ်လည်း ရတယ်ပေါ့. . ဒီလိုလား”

“ဟမ်!. .”

“ဟုတ်တယ်လေဗျာ. . လျော်နိုင်လို့ကတော့ ဘာလုပ်လုပ်ပေါ့. .”

ကျွန်တော်လည်း ပြောရင်းဆိုရင်း ရွတ်ချင်စိတ်ပေါက်လာတယ်။ ဒီလူတွေ ပိုက်ဆံစကား အရမ်းပြောလွန်းတယ်ဗျ။

ကဲ. . ပိုက်ဆံတဲ့လား။

“ကဲ!. . မင်းလုပ်စမ်း. . ဘာလုပ်မလဲလို့ ငါကြည့်မယ်”

“ခင်ဗျားရဲ့ကားကို ပက်လက်လှန်ချင်တယ်ဗျာ. .၊ ဘယ်လောက်ပေးရမလဲ. .”

ငါးယောက်စလုံး ကျွန်တော့်ဘေးနား ဝိုင်းအုံသွားတယ်။

“မင်းဘယ်လောက်ချမ်းသာသလဲ”

“လျော်နိုင်ရုံလောက်ပါ. .”



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ. . လှန်စမ်း၊ မင်းလှန်လို့လန်သွားရင် ဝပ်ရှော့ထိုးကျသလောက်လျော်. ."

"အိုခေ. . ခဏလေးစောင့်. ."

ကျွန်တော် အနီးနားတစ်ချက်ဝေ့ကြည့်ပြီး လမ်းထိပ်လက်ဘက်ရည်ဆိုင်ဘေးမှာ ဆိုက်ကားဆရာအုပ်စုကိုတွေ့သွားလို့ အဲ့ဒီကိုလျှောက်သွားလိုက်တယ်။

လူနှစ်ဆယ်လောက်ရရင် လုံလောက်တယ်လေ။ ဆိုက်ကားဆရာတွေတင် ဆယ့်ငါးယောက်လောက်ဆိုတော့ကာ. .

"ညီလေး. . ဆိုက်ကားလား. ."

"မဟုတ်ဘူး. . အစ်ကိုကြီး၊ အလုပ်အပ်ချင်လို့"

"ဟေ!. ."

"ဒီလိုပါ. . ဟိုးကကားကို ပက်လက်လှန်ချင်တယ်၊ ဘာပြဿနာမှမရှိဘူး. . နှစ်ဦးနှစ်ဘက် နားလည်မှုယူပြီးမှ လှန်တာ"

"ဟေ. . ကားပက်လက်လှန်ပြီး ဘာလုပ်ဖို့လဲ"

"ကလိထိုးပြီး ဆော့ချင်ရုံသက်သက်ပါ. ."

"ဟမ်!. ."

"လုပ်ပါ. . အစ်ကိုတို့လူအင်အားနဲ့မလုံလောက်ရင် လူထပ်ရှာပြီး ပက်လက်လန်အောင်လုပ်ပေးဗျာ၊ တစ်ယောက်တစ်သောင်းပေးမယ်. ."

"ဘာပြဿနာမှမရှိပါဘူးလို့ မင်းတာဝန်ယူလား"

"ယူတယ်ဗျာ. . စိတ်ချ. ."

အဲ့ဒါနဲ့ ဈေးတည့်ပြီး. . ဆိုက်ကားဆရာတွေ ပုဆိုးခါး



www.burmeseclassic.com

www.burmeseclassic.com



တောင်းကျိုက်ကာ လိုက်လာကြတော့တယ်။

လူအုပ်ကြီးနဲ့ရောက်လာတော့ အနက်ရောင် သကောင့် သားတွေ တိုက်နံရံဘက် ကပ်ကုန်ကြတယ်။

"ကဲ. . အလုပ်စပေတော့၊ ကျွန်တော် ပိုက်ဆံတက်ယူ လိုက်မယ်. . "

ကျွန်တော် ပိုက်ဆံ၊ ဖုန်းနဲ့ ချက် ယူပြီးပြန်ဆင်းလာတော့ အောက်မှာ ဂျိုးဂျိုးဂျိမ့်ဂျိမ့်ညံသံ ကြားနေရပါတယ်။

"ဟေ. . လာလေ. . မောင်တို့. . "

"ဝုန်း!!. . "

အနက်ရောင်ကိုယ်တော်တွေ မျက်လုံးပြူးပြီး ပျာယာ ခက်ကုန်တယ်။ ကားကတော့ ပက်လက်လန်သွားပါပြီ။

"ကဲ. . ဆရာတို့အားလုံး ဘယ်နှစ်ယောက်လဲ. . "

"ဆယ့်ငါးယောက်. . "

"ရော့ဗျာ. . တစ်သိန်းခွဲ. . "

ကိုင်း. . ဘယ့်နှယ့်ရှိစ။

ကျွန်တော် ကားကိုတစ်ပတ်လှည့်ကြည့်ရင်း ဝပ်ရှော့ကို ဖုန်းခေါ်လိုက်တယ်။

"ကရိန်းလိုမယ်၊ ကျွမ်းကျင်တဲ့ဆရာလိုမယ်၊ ပြင်ဆင် စရိတ် တစ်ခါတည်းဈေးဖြတ်မယ်ဗျာ. . ၊ နေရာသိပြီနော်. . အိုခေဗျာ၊ မြန်မြန်လေးသာ ရောက်အောင်လာပါ. . "

ကျွန်တော်ဖုန်းပိတ်ပြီးတာနဲ့ ကိုဆံရှည်ဆီလျှောက်သွား လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ကားငှားပြန်ချင်သလား၊ ကျုပ် ဒီကားကို ဒီမှာ ပဲမီးပုံရှို့ပြီး တန်ဖိုးအတွက် လျော်ပေးလိုက်မယ်"

ကိုဆံရှည်မလှုပ်တော့ပါဘူး။ လေသလပ်ပြီးပြောင်နေတဲ့ နဖူးပေါ်ကချွေးစေးတွေကို လက်ခုံနဲ့သုတ်ပြီး ဖုန်းခေါ်နေပါတယ်။

"ဩော်. . အာစရိ. ."

". . . . . . . . . . ."

"ဟုတ်ကဲ့. . လိပ်စာတော့မှန်တယ်၊ မရှိဘူး. . အာစရိ၊ အခု လောလောဆယ်. . ပြဿနာတက်နေတယ်. . ."

". . . . . . ."

"ကား. . ကား. . အက်. . အက်ဆီးဒင့်. ."

". . . . . . . . . . . . . . . . ."

ဖုန်းထဲကနေ အာစရိဆိုသူ ဘယ်လိုစကားလုံးတွေနဲ့ မန်းမှုတ်တယ်မသိဘူးဗျို့။ ဘာသံမှမကြားရပေမယ့် ကိုဆံရှည်ဆိုတာ မျက်လုံးစုံမှိတ်ပြီး အံကြိတ်ခံနေရရှာတာပါ။

"အခု. . ဝပ်. . ဝပ်ရှော့ပို့တယ်အာစရိ၊ တစ်ဖက်ကမှားတဲ့ကားက လုံးဝစင်းလုံးချောဖြစ်အောင် ပြန်ပြင်ပေးဖို့ တာဝန်ယူထားပါတယ်. ."

". . . . . . . . . . . . . . . ."

"ဟုတ်ကဲ့. . အာစရိ. . ဒါ. . ဒါပဲနော်. ."

ကိုဆံရှည် ဖုန်းပိတ်ပြီးတာနဲ့ ကျွန်တော့်ကို ဝါးစားတော့မလိုကြည့်ပြီး. ."

"ခွေးကောင်. . မင်းကြောင့် ငါ နားစုတ်မတော်အဆဲခံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပြီကွ. . ချီးပဲ၊ အခု. . မင်းကြားတယ်နော် စင်းလုံးချောဖြစ်အောင် မင်းပြင်. ."

"အာ. . အဲ့ဒါမှားတဲ့လူက ပြန်ပြင်ပေးမယ်လို့ပြောတာလေ၊ ကျွန်တော်တို့ ညှိနှိုင်းထားတာ အဲ့သလိုမှမဟုတ်တာ. ."

"မဟုတ်. . ဟုတ်ဟုတ်ကွာ၊ အမှန်အတိုင်းသိသွားရင် ခွေးဖြစ်ကုန်မယ်ကွ. ."

"ဒိုဘာမင်လောက်လည်း မဆိုးပါဘူး ကိုဆံရှည်ရ. ."

"ဘာ!. . ဘာ!. ."

"ဒီကောင်တွေက အမြီးပြတ်မှ ခန့်တာလေ၊ အဲ. . အဲဒါပါ"

"မင်း. . မင်းနော်၊ ငါ နောက်တစ်မူထပ်တိုးမှာစိုးလို့သည်းခံနေတာ. ."

အဲ့ဒီအချိန်မှာပဲ လူတစ်ချို့ဝိုင်းအုံလာကြတယ်။

"ဒါ. . ဘယ်သူ့ကားလဲဟေ့. ."

ကိုဆံရှည်တို့ လှည့်ကြည့်ကြပြီး. . .၊

"ကျွန်တော်တို့ကားပါ. ."

"လမ်းပိတ်နေပြီကွ. . အခုဖယ်ပေး. ."

"ဗျာ!. ."

"ဟုတ်တယ်. . ကျွန်မတို့ရှေ့မှာ လာပိတ်နေတာ၊ ဈေးရောင်းလို့လည်းမရတော့ဘူး"

"ဟုတ်. . ဟုတ်ကဲ့. . ကျွန်တော်. . ကျွန်တော်တို့. ."

"ဒီမှာ. . မင်းတို့ဘာကောင်တွေလဲ၊ ကြာတယ်ကွာ. .



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာကို အကြောင်းကြားမယ်. . ”

“နေ. . နေပါဦး. . အန်ကယ်ရယ်၊ ကျွန်တော်တို့ အဆင်ပြေအောင်လုပ်ပေးပါ့မယ်. . ”

ကိုဆံရှည် ထိုင်မကန်တော့ရုံတမယ် တောင်းပန်ရင်း ကျွန်တော့်ဘက်ပြန်လှည့်ကြည့်ပြီး. .

“ဟေ့. . ချာတိတ် မင်းဘာလုပ်မှာလဲ၊ ဒီမှာ လာပြောတုန်ပြီကွ. . ”

“အင်းလေ. . အဲ့ဒါ ကိုဆံရှည်တို့ကား မဟုတ်ဘူးလား”

“ဟုတ်တယ်လေ. . ”

“ဟုတ်ရင် ရှင်းလိုက်လေဗျာ. . ”

“ဘာ. . မင်း. . ”

“ကျွန်တော်လည်းရှင်းတယ်လေ. . အခု ဝပ်ရှော့ကိုဖုန်းဆက်ထားတယ်၊ ကရိန်းကားပါ ပါလာမယ်၊ ကျွန်တော် ဒီထက်ဘာလုပ်ပေးရဦးမှာလဲ. . ”

“ဒီမှာ လာပြောနေပြီကွ. . ”

“တောင်းပန်ထားလိုက်ပေါ့. . ကိုဆံရှည်ရဲ့. . ”

ကိုဆံရှည် ဆံပင်အရှည်တွေ ဖွာခနဲ လန်ခနဲဖြစ်အောင် တုတ်ဖွဲ့ရင်း တောင်းပန်ရှာတယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်နဲ့ ဂျိုဂျိုးတို့ ခရီးဆောင်အိတ်ကြီးကို တစ်ယောက်တစ်ဖက်စီဆွဲပြီး လမ်းထဲအဝင် လမ်းထိပ်လက်ဘက်ရည်ဆိုင်ရှေ့အရောက်မှာ ကြယ်စင် တုန့်ခနဲရပ်ပြီး လက်ဘက်ရည်ဆိုင်ထဲကို ဝင်ပြေးတယ်။

"ဟဲ့!. . ဘာဖြစ်တာလဲ. . "

ကြယ်စင် အသံတောင်မထွက်ရဲတော့ဘဲ ဂျိုဂျိုးကို မျက်စိမျက်နှာပျက်ကာ လှမ်းခေါ်တယ်။ ဂျိုဂျိုး အိတ်ကြီးဆွဲပြီးရောက်လာမှ. . .

"နင်တို့တိုက်ခန်းရှေ့မှာ ဖေဖေ့ကားရောက်နေပြီ. . "

"ဟင်!. . "

ဒီတော့မှ ဂျိုဂျိုး အပြင်တစ်ခေါက် ပြန်ထွက်ကြည့်ပြီး ကြယ်စင် ဆိုင်ထဲဝင်ပြေးတာကို လက်ခံသွားတယ်။

"ကဲ. . . အဲ့ဒါဆိုလည်း ငါတို့ ဒီမှာခဏထိုင်ပြီး အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကြည့်ကြမယ်၊ ငါ. . အခန်းပိတ်ပြီးဆင်းလာတော့ သူတို့ ဘာမှလုပ်လို့ ရမှာမဟုတ်ဘူး"

"ငါ. . ရင်တွေတုန်လိုက်တာ ဂျိုဂျိုးရယ်. ."

"အရမ်းစိတ်ပူမနေနဲ့ ဘာသောက်မလဲ၊ မုန့်စားမလား"

"ဟင့်အင်း. . နင်ပဲသောက်တော့. ."

ဂျိုဂျိုး ကော်ဖီခါးဆိမ့်လေးလှမ်းမှာရင်း ဆိုင်အပြင်ဘက် တစ်ခေါက်ပြန်ထွက်ကြည့်တယ်။

"ဟောတော်!. ."

သူမ လှမ်းအကြည့်မှာ သုံးလွှာလေသာဆောင်ကနေ ကားအမိုးပေါ်တည့်တည့် တစ်စုံတစ်ခု အလုံးအထွေးလိုက် ပြုတ်ကျလာတယ်။ ကားဘေးမှာရပ်နေတဲ့လူတွေ ရှုးရှုးရှားရှားဖြစ် ကုန်ပြီး သုံးလွှာကိုမော့်ကြည့်တယ်။

သူမလည်း လှမ်းကြည့်တော့ အပေါ်ကနေ ပြန်ငုံ့ကြည့် နေတဲ့ ဘိတ်သိတ်ကိုတွေ့လိုက်ရလို့ ပြဿနာတော့ တက်ပြီလို့ တွေးရင်း အခြေအနေကို စောင့်ကြည့်နေမိတယ်။ ခဏကြာတော့ ဘိတ်သိတ်ဆင်းလာပြီး အောက်ကလူတွေနဲ့ အချီအချ ရှင်းကြ တယ်။

ခင်မောင်ဂျော်ကိုမတွေ့လို့ သူမလက်ထဲကဖုန်းနဲ့ ခင် မောင်ဂျော့်ဖုန်းကို လှမ်းခေါ်တယ်။ တစ်ဖက်က ဖုန်းပိတ်ထား တော့. . သူမ အတော်လေးစိတ်ပူသွားပြီး ဆိုင်ထဲပြန်ဝင်လာပါ တယ်။

"ဟဲ့!. . ဟိုမှာတော့ ပြဿနာတွေတက်နေပြီ. ."



www.burmeseclassic.com

www.burmeseclassic.com



"တငါး. ."

အဲ့ဒီနောက် ဂျိုဂျိုးက သူမမြင်ခဲ့သမျှကို ရှင်းပြပြီး. .

"အရေးထဲမှ ဟိုကောင်ငရော်လည်း ဘယ်ရောက်နေလဲ မသိဘူး. . နင့်အဖေရဲ့လူတွေ တော်တော်ဒေါသထွက်နေပုံပဲဟ၊ တော်တော်ကြာ. . ဝိုင်းကြိတ်လိုက်ကြရင် ဒုက္ခပဲ. . ."

"ကောင်းတယ်. . နေပစေ. . ဒါမှာ အာရုံပြောင်းပြီး ပြန်လစ်သွားကြမှာ. ."

"ဘာကောင်းရမှာလဲ. . ဟိုမှာက တစ်ယောက်တည်းသမား၊ သူတို့က ငါးယောက်ယောက် ရှိမယ်ထင်တယ်၊ ကြည့်ရတာ. . ယာခူဇာဂိုဏ်းသားတွေ ကျနေတာပဲ. ."

"စိတ်မပူပါနဲ့ ဂျိုဂျိုးရယ်၊ ဖေဖေ့တပည့်တွေက ဟိတ်ဟန်ပဲရှိတာ. . အားလုံး ငကြောက်တွေ၊ အဲ့ဒီထဲက ဆံပင်ရှည်ရှည်နဲ့ ဦးပီတာကြီးဆိုရင် အကြောင်းမသိတဲ့လူက သူ့မျက်နှာကို ရဲရဲတောင် ကြည့်ရဲတာမဟုတ်ဘူး၊ အိမ်မှာတော့ သူ့မိန်းမ အန်တီရှီ့စ်ကို ကြောက်သလားမမေးနဲ့. . ၊ အန်တီရှိ့စ်က. . ဟောသလို မျက်လုံးစွေ ကြည့်လိုက်တာနဲ့ နှုတ်ခမ်းမွေးတွေတောင် ပျော့ကုန်တာ. ."

"နင်ကိုင်ကြည့်ရလို့လား"

"ကြည့်ရ. . အဲ. . ကိုင်တော့မကြည့်ရဘူးပေါ့ဟဲ့၊ မြင်ရုံနဲ့ သိတာပေါ့. ."

အဲ့ဒီနောက်တော့. . နှစ်ယောက်သား ဆိုင်အပြင်ဘက် ထွက် ချောင်းကြပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!. . ဘိတ်သိတ်. ."

သူမတို့ရှိနေရာနဲ့ ခပ်လှမ်းလှမ်းက ဆိုက်ကားဂိတ်မှာ ဘိတ်သိတ်ကို လှမ်းတွေ့လိုက်ရလို့ ဂျိုဂျိုးပြေးသွားမယ်ပြင်တော့ ကြယ်စင် လှမ်းဆွဲထားပြီး. .

"မသွားနဲ့လေ. . တော်ကြာ ငါတို့ရှိနေတဲ့နေရာ သိသွားရင် ငါဒုက္ခရောက်မှာ. ."

ဂျိုဂျိုးစိတ်ထဲ သိပ်ဘဝင်မကျလှသော်လည်း ကြယ်စင့်အတွက်လည်း စိုးရိမ်စရာအခြေအနေမို့လို့ အသာငြိမ်နေရပြန်တယ်။ သူမ ကြည့်မြင်နေရသလောက် ဘိတ်သိတ်ရဲ့မျက်နှာမှာ စိုးရိမ်ထိတ်လန့်မှုမျိုး နည်းနည်းလေးတောင်မတွေ့ရဘဲ ပေါ့ပါးသွက်လက်နေတာကြောင့် စိတ်သက်သာရာရမိပါတယ်။

အဲ့သလို သူမတို့လှမ်းကြည့်နေတဲ့အခိုက်မှာပဲ ဘိတ်သိတ်က ဆိုက်ကားဆရာတွေကို အုပ်စုလိုက်ခေါ်သွားပြီး တိုက်ခန်းရှေ့ကကားကို ပက်လက်လှန်ပစ်လိုက်ပါတော့တယ်။

နှစ်ယောက်သား အံ့သြလွန်းလို့ လန့်မအော်မိအောင် ကိုယ်စီ ပါးစပ်ကိုလက်ဖဝါးနှစ်ဖက်နဲ့ပိတ်ပြီး ပြူးကြောင်ကြည့်နေကြရတယ်။

"ဖေဖေ့ကားတော့ သွားပါပြီ ဂျိုဂျိုးရယ်၊ ဖေဖေသာမြင်ရင်တော့ ရင်ကွဲမှာပဲ၊ သူ အဲ့ဒီကားကို အရမ်းမြတ်နိုးတာ၊ ဒုက္ခပါပဲ"

"တိတ်တိတ်နေစမ်းပါဟာ. . ဟိုမှာ ဘာတွေဆက်ဖြစ်ကုန်ပြီလဲမသိဘူး. ."



www.burmeseclassic.com

www.burmeseclassic.com



ကားပက်လက်လှန်ပြီးပြန်လာကြတဲ့ ဆိုက်ကားဆရာတွေ တစ်ပျော်တစ်ပါးကြီး လက်ဘက်ရည်ဆိုင်ထဲဝင်လာကြလို့ သူမတို့နှစ်ယောက်တောင် ဘေးကပ်ပြီးရှောင်ပေးလိုက်ရတယ်။

"ဟား. . မမြင်ဖူးဘူးကွာ၊ ပိုက်ဆံတစ်သိန်းခွဲ ထုတ်ပေးလိုက်တာ မျက်တောင်တောင်မခတ်ဘူး၊ ဒီနေ့တော့ နားပြီဟေ့ ဟား. . ဟား. . ."

"လုပ်. . လုပ်. . ပိုက်ဆံခွဲကွာ၊ ခဏနေ ငါ့မိန်းမလာတော့မယ် ကြက်သားဟင်းလေး ချက်ခိုင်းရမယ်ကွ. . အဟတ်ဟတ်. ."

သူမတို့ ကြားနေရသော်လည်း နားမလည်နိုင်အောင်ဖြစ်နေကာ နှုတ်သွက်အာသွက်ရှိတဲ့ ဂျိုဂျိုးက တစ်ယောက်ကိုမေးကြည့်တယ်။

"အဲ့ဒါ ဘာလုပ်ကြတာလဲဟင် ဦးလေး. . ."

"မသိဘူး. . တူမရေ. .၊ လာခေါ်တဲ့ချာတိတ်ကတော့ ကားကိုပက်လက်လှန်ပေးရင် တစ်ယောက်တစ်သောင်းပေးမယ်ဆိုလို့ သွားလှန်ပေးလိုက်တာ. ."

"ကားပက်လက်လှန်ပြီး ဘာလုပ်မှာလဲ. ."

ထိုအခါ တစ်ယောက်က ရယ်ကျဲကျဲနဲ့. .

"အပျင်းပြေ ကလိထိုးကြည့်ချင်လို့တဲ့၊ ရူးပေါ့. . အဟာဟာ" ဆိုတော့လည်း ကြယ်စင်စိတ်ထဲ မခံချင်ဖြစ်လာပြီး. .

"အဲ့ဒီကောင် စော်စော်ကားကား ငါ့ဖေဖေ့ကားကိုများ. ."



www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲ ညည်းကတစ်မျိုး . .၊ ကဲ . . မခံချင်ရင်လည်း သွားရှင်းကြမယ် . . လာ . ."

"အာ! . . မ . . မဖြစ်သေးဘူးဟ . ."

ဂျိုဂျိုး မျက်စောင်းထိုးကြည့်ပြီး ဆိုင်ထဲဝင်လာတော့ ကြယ်စင်ပါ အလိုမပြည့်တဲ့မျက်နှာနဲ့ လိုက်ဝင်လာတယ်။

"ဟောတော့! . ."

"ဘာလဲ . . ဂျိုဂျိုး . ."

"နင့် . . နင့်အိတ်ကြီးကော . ."

"ဟင်! . ."

ဂျိုဂျိုးက စားပွဲထိုးကောင်လေးကိုလှမ်းခေါ်ပြီးမေးတယ်။

"ဟဲ့! . . ဟဲ့! . . ဒီဝိုင်းက ခရီးဆောင်အိတ်ကြီးရော"

"ဗျာ . . . စောစောကပဲ ဦးလေးကြီးတစ်ယောက် ယူပြီး ထွက်သွားတယ်လေ . . ပူညံပူညံနဲ့တောင် ပြောသွားတယ်"

"ဟင်! . . ဘာပြောသွားလဲ"

"သောက်ကောင်မ . . ပြန်လာမှတွေ့မယ်တဲ့၊ ယောက္ခမ က အကုန်အကျခံပြီး မင်္ဂလာဆောင်ပေးထားလို့ ယောက္ခမမျက် နှာနဲ့ အလိုလိုက်ထားတာ အကောင်းမှတ်နေတယ် အိမ်ရောက် မှ တွေ့မယ်တဲ့ . ."

"ဟမ်!! . . ."





www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

ညနေစောင်းမှ ကျော်ကြီးပြန်ရောက်လာပြီး သူ့အခန်း သူကြည့်ပြီး အံ့အားသင့်သွားတယ်။

"အားနာစရာတော့ဖြစ်ကုန်ပြီ ဘိတ်သိတ်ရာ၊ အခန်းက ...တော့်ကိုလင်းပြီး သန့်သွားတာဟ. . အပေးပေး. . "

ကျွန်တော် ဘာမှပြောစရာမရှိသလို တစ်ချက်လှမ်း ...ည့်ပြီး လက်တော့ပ်ပေါ်အာရုံစိုက်ရင်းက ငါးပိနံ့လိုလို အနံ့



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြောင့် . . .

"ဘာနဲ့လဲ . ."

"အာ . . မပြောချင်ပါဘူးကွာ၊ ကားမှတ်တိုင်ကနေ ဆိုက်ကားစီးလာတာ ဆိုက်ကားဆရာကလည်း သူ့ဆိုက်ကားကို ငါးပိတင်ထားလည်း ပြန်ဆေးမှပေါ့ မဆေးဘဲ နောက်ထပ် ပါစင်ဂျာထပ်တင်တော့ ငါ့မှာ အကုန်နံကုန်ရော . ."

"အေး . . နံလည်း မင်းအဝတ်တွေရေချိုးခန်းမှာ သွားချွတ်ပုံပြီး စောင်ပတ်နေလိုက်တော့ . ."

"ဟော! . . ဘာလို့လဲ . ."

"မင်းအဝတ်တွေ အနံ့မကောင်းလို့ ငါ အကုန်လုံးလျှော်ပြီး မီးဖိုခန်းအထွက်ပေါက်မှာ လှန်းထားတယ် . ."

ကျော်ကြီး မယုံနိုင်သလို သူ့အခန်းထဲပြေးကာဝင်ကြည့်တယ်။ ပြီးတော့ မီးဖိုခန်းဘက်ဝင်ကြည့်ပြီး . . .

"ချီးမှပဲကွာ . . ငါ (၆)နာရီမှာ ဒိတ်ထားတာရှိတယ်ကွ ဒုက္ခပါပဲ . . မင်းအဝတ်တစ်စုံပေး . ."

"မရဘူး . . ငါ့အဝတ်ကို သူများဝတ်တာမကြိုက်ဘူး ငါလည်း သူများဟာယူမစွတ်ဘူး ကျော်ကြီး . ."

"မစွတ်ရင်နေကွာ . . ငါကတော့ စွတ်တယ် . ."

ပြောပြီး ကျော်ကြီး ကျွန်တော့်အခန်းထဲ ဝင်မွှေပါတော့တယ်။ ဘယ်လိုပြောပြော ဖွတ်လုပ်မှာပဲဆိုတာသိလို့ ကျွန်တော်ဆက်မပြောတော့ဘဲ ကိုယ့်အလုပ်ကိုဆက်လုပ်နေလိုက်တယ်။ ဒါပေမယ့် . . လူခေါ်ခေါင်းလောင်းမြည်သံကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာဘေးချပြီး တံခါးထဖွင့်ပေးလိုက်တယ်။

"ခင်မောင်ဂျော်ရော. ."

ဟိုဘက်ခန်းက ကောင်မလေးပါ။ သူမနဲ့အတူ ဟိုတစ်ရက်က ခရီးဆောင်အိတ်ကြီးနဲ့ဆင်းသွားတဲ့ ကောင်မလေးပါ ပါလာတယ်လေ။

"ရှိတယ်. . လာ. . အထဲဝင်ထိုင်ပါ. ."

ဂျိုဂျိုး အထဲကို မျက်လုံးဝေ့ကြည့်ပြီး ပါးစပ်အဟောင်းသားလေး ဖြစ်တော့မလိုနဲ့ အသာပြန်ထိန်းရင်း အထဲဝင်လာကြပါတယ်။ ကျွန်တော်လည်း လက်တော့ပ်ကိုပိတ်ပြီး နံရံဘေး ကပ်ရွှေ့ထားလိုက်တယ်။ ဂျော်ကြီးထွက်လာပြီး. .

"ဟဲ့. . ထိုင်ကြလေဟာ. ."

"နေ့ခင်းက နင်မရှိဘူးလား"

"အေး. . ငါ အိမ်ခဏပြန်သွားတာ စောစောကပဲပြန်ရောက်တယ်. . ဘာဖြစ်လို့လဲ. ."

ဆိုတော့ကာ ကောင်မလေးရဲ့မျက်လုံးတွေ ကျွန်တော့်ဘက် ရောက်လာပြီး. .

"ရှင်မပြောရသေးဘူးထင်တယ်. . ကားကိစ္စလေ"

"ဩော်. . အင်း. . မပြောရသေးဘူးကွ၊ ဒီလိုပါ. . ငါ အစတ်တွေလှန်းဖို့ရေညှစ်ပြီး လက်ရန်းပေါ်တင်ထားတာ အလုံးလိုက်ပြုတ်ကျပြီး ကားခေါင်မိုး နည်းနည်းလေးပိန်သွားတယ်၊ အဲ့ဒါကို ငွေစကားအရမ်းပြောပြီး ဟိန်းလားဟောက်လားနဲ့လုပ်နေလို့ ငါနဲ့ နည်းနည်းအချေအတင်ဖြစ်ကြတာပါ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ရှင့်အခြေအတင်ကလည်း ကားပါပက်လက်လှန်ပစ်ရောလား. . "

ဂျိုဂျိုးဘေးက ကောင်မလေးက ရုတ်တရက်ကြီး မျက်နှာတည်ကြီးနဲ့ဖြတ်ပြောလို့ ကျွန်တော်အံ့အားသင့်ရင်း. .

"ဒါက သူတို့ကျေနပ်လို့လုပ်တာလေ၊ လျှော်နိုင်ရင် လုပ်ချင်တာလုပ်ဆိုလို့ ကားပါပက်လက်လှန်ပြီး လျှော်ပေးလိုက်တာ"

"အဲ့ဒါ. . ကျွန်မ ဖေဖေကားရှင့်. . "

"ဒါတော့ ပိုင်ရှင်နာမည်ဘယ်သူ၊ ဥပမာ ကျွန်မဖေဖေရဲ့ကားဆိုတဲ့ စာတန်းမျိုးမပါတော့ ငါလည်း ဘယ်သိနိုင်မလဲကွ"

"မဟုတ်ပါဘူး. . ရှင်က ငါ့မှာပိုက်ဆံရှိတယ်ဆိုပြီး ရမ်းကားလွန်းလို့ပြောတာပါ. . "

"ဟော့. . ဟော့. . ဒါတော့ မင်းလွန်ပြီကွ၊ ရမ်းကားတာမင်းအဖေပဲ. . "

"ဘာ. . "

"မင်းအဖေဆို. . ဟိုဆံပင်ရှည်ရှည်နဲ့လူက မင်းအဖေမဟုတ်ဘူးလား. . "

"တောက်!. . ရှင်. . "

"ကဲ. . တော်ပြီ ကြယ်စင်၊ ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ ယောကျ်ားချင်းယှဉ်လာရင်တော့ ကိုယ့်မာနနဲ့ကိုယ် အံတုချင်ကြတာချည်းပဲ၊ တစ်ဖက်လူ ကျေနပ်မှုမရှိဘဲ သူလုပ်ချင်သူ့တစ်ယောက်တည်းကို ဟိုငါးယောက်က အမှုန့်လုပ်ပစ်ကြရောပေ့၊ အခုဟာက နှစ်ဦးနှစ်ဘက် ကျေနပ်ပြီးလုပ်ကြတယ်ဆိုတော



www.burmeseclassic.com

www.burmeseclassic.com



ရှင်းနေတာပဲ. . ”

“ဘာတွေလဲဟာ. . နင်တို့ပြောနေတာ ငါဘာတစ်ခုမှ နားမလည်ဘူး. . ”

“လည်နိုင်မလား. . နင်မှမရှိတာ၊ အမှန်တော့ အဲဒီလူတွေက ကြယ်စင့်ဖေဖေရဲ့တပည့်တွေပဲ၊ ကြယ်စင့်ကိုလာရှာကြတာ ငါတို့ကလည်း သူတို့ရောက်နေလို့ လက်ဘက်ရည်ဆိုင်ထဲ ဝင်ပုန်းနေတာလေ. .၊ ဖြစ်ချင်တော့ ဒီမှာ ပြဿနာတွေတက်နေလို့ ငါတို့ထွက်ကြည့်နေကြတုန်း သူ့ခရီးဆောင်အိတ်ကြီးကို အလစ်သုတ်သမားက မ,သွားတယ်. . ”

“ဟောဗျာ. . ပြန်ရောရခဲ့လား”

“ဘယ်လိုလုပ်ရမှာလဲ. . အခုပဲ ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားခဲ့ရပြီး ပြန်လာတာ”

“အပေးပေး. . . အဖော်ရတာပေါ့၊ သူလည်း ငါ့လိုပဲ စောင်ပတ်ပြီးနေပေါ့. . ”

ကောင်မလေးမျက်နှာ ရဲခနဲဖြစ်ပြီး လှမ်းကြည့်တော့. . ဂျော်ကြီးက. . .

“ဒီကောင်လေ. . အခန်းတွေသန့်ရှင်းရေးလုပ်၊ ငါ့အဝတ်တွေလည်း နံတယ်ဆိုပြီး အကုန်လျှော်ပစ်တာ၊ ဝတ်စရာမရှိလို့ စောင်ပတ်အိပ်ရတော့မယ်. . အဲ့ဒါ. . အဲ့ဒါ. . ”

“အဲ့ဒါကြောင့် နင့်အမှိုက်ခန်းက ဘယ်ရောက်သွားတာလဲလို့ ငါစဉ်းစားနေတာ. . ”

ပြောပြီး ဂျိုဂျိုးလှမ်းကြည့်တဲ့တစ်ချက်က ကွန်တော်ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လှိုက်ခနဲ၊ ဖိုခနဲတောင် ဖြစ်စေတယ်။

ပြီးမှ . . ဂျိုဂျိုးက . .

"ကဲ . . ဒီညစာ နင်တာဝန်ယူပေးတော့၊ ငါလည်းပိုက်ဆံ ပြတ်သွားပြီ၊ ကြယ်စင်လည်း ရှိသမျှအကုန်ကုန်ပြီ . ."

ထိုအခါ ကြယ်စင် ရှက်သွားတဲ့မျက်နှာနဲ့ . .

"ရပါတယ် ဂျိုဂျိုးရယ်၊ ငါတို့ဘာသာစီစဉ်ကြမယ်၊ ငါ့မှာ ဆင်ထားတဲ့ပစ္စည်းတွေကျန်ပါသေးတယ် . ."

ဒီတော့မှ ဂျော်ကြီးက . . .

"မဟုတ်တာ . . ကြယ်စင်ရာ၊ အဲ့ဒါဆို ငါတို့က ဘယ်လို လုပ် ဘော်ဒါဖြစ်နိုင်တော့မလဲ . . ၊ ကဲ . . နင်တို့လည်း ခုမှပြန် ရောက်တာ ရေမိုးချိုးပြီး ခဏနားကြဦး၊ ဘာစားချင်လဲ . . ဘယ် မှာစားမလဲ၊ အပြင်မှာလား . . အိမ်ကို ချိုင့်ဆွဲအော်ဒါမှာပေးရမ လား"

"ချိုင့်ဆွဲပဲလုပ် . . ငါ့အခန်းမှာ စုပြီးစားကြတာပေါ့ . ."

"အိုခေ . . ဖြစ်တယ် . ."

ပြောပြီး ဂျော်ကြီး ချက်ချင်းပဲဖုန်းဆက်တယ် . . .

"ဟလို . . ဂွတ်ရှယ်ဆိုင်ကလားခင်ဗျာ . ."

". . . . . . . . . . ."

"အေးဗျာ . . ဒီနေ့ညစာအတွက် လေးယောက်စာပို့ပေး ပါ၊ ကြက်၊ ဝက်၊ ဘဲ၊ ငါးနှပ်၊ ချိုချဉ်ကြော်၊ အစိမ်းကြော်၊ ငါးပိ တို့စရာအစုံနဲ့ ငါးခေါင်းချဉ်ရည်ဟင်းတစ်ခွက် ပါမယ်ဗျာ၊ (၈)နာရီ ထက်နောက်မကျဘူးနော် . . နေရာက ခင်မောင်ရွှေအခန်းဆို



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီက ပို့နေကျချာတိတ်တွေ သိတယ်. . ”

“. . . . . . . . . . . . ”

“အိုခေ. . အိုခေ. . ”

အဲ့ဒီနောက် ခင်မောင်ကျော် ဖုန်းပိတ်ပြီး. .

“ကိုင်း. . ငါ ညစာချက်ပြီးပြီ၊ (၈)နာရီထိုးရင် လက်ဆုံစားကြမယ်၊ စားပြီးရင် အောက်ဆင်းပြီး ကော်ဖီသောက်ကြမယ်၊ (၉)နာရီလောက် ပြန်တက်အိပ်ကြမယ်၊ တူမောရိုးမောနင်း ဆုံနေကျဆိုင်မှာပဲ ဘရိတ်ဖတ်ဆွဲမယ်. . ဟုတ်ပြီလား. . ”

“ပြီးရော. . ငါတို့သွားတော့မယ်. . ”

“ကောင်းပါပြီဗျား. . ကိုယ့်ဘော်ဒါတွေ စိတ်မချမ်းသာရင် ခင်မောင်ကျော် လူမဟုတ်တော့ဘူးပဲ. . ဟဲဟဲဟဲ. . ”

ကောင်မလေးတွေပြန်သွားမှ ခင်မောင်ကျော် ကျွန်တော့်ရှေ့မှာလာထိုင်ပြီး. . .

“ကဲ. . ဘိတ်သိတ်၊ မင်းက ဟိုက်ဘော့စ်ဆိုတော့ ထမင်းလာပို့ရင် မင်းရှင်းလိုက်ကွာ. . ၊ ည ကော်ဖီဘိုးလည်း မင်းခံပေး၊ မနက်ဘရိတ်ဖတ်ကိုတော့ မင်းခဏစိုက်ထားလိုက်ပါ. . ”

“ဘာကွ. . . မင်းဘာသာ နှလုံးကောင်းဝမ်းဖောင်း လျှောက်လုပ်ပြီး ငါက ဘာကိစ္စဝင်ပါရမှာလဲ. . ”

“အာ. . ကွာ. . ကောင်မလေးတွေ သနားပါတယ်ဟ၊ ရှိတဲ့ဖစ္စည်း ဖျောသုံးရင် အလှပျက်ကုန်မှာပေါ့. . ၊ မင်းလည်း သဘောကျနေတာပဲဟာ. . ”

“မကျပါဘူး. . လှတယ်ပဲပြောတာ၊ ငါစိတ်မဝင်စားဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် လုပ်လိုက်ပါ ဘိတ်သိတ်ရာ၊ ငါ ဒီနေ့အိမ်ပြန်ပြီး ရေပြန်ခပ်တာ အမေနဲ့မတွေ့ခဲ့လို့ အသာပြန်ဒိုးလာရတာ၊ မင်း မကျေနပ်လည်း ငါပြန်ပေးမယ်ကွာ. . ကျသလောက်သာ မှတ်ထားလိုက်. ."

"ဒါဆို ကျောင်းတက်တုန်းက မင်း နှစ်ပုံးချေးထားတာ အရင်ပြန်ဆပ်လေ. ."

"အဲ. . အဟဲဟဲ. . ယုတ်တယ်နော်၊ ဟဲဟဲဟဲ. . ဆပ်မှာ ပေါ့ကွာ. . မင်းကလည်း. ."

ပြောပြီး ဂျော်ကြီးထရပ်လို့. .

"မင်း အပြင်ထွက်ဦးမှာလား"

"အေးလေ. . (၆)နာရီ ဒိတ်ထားတယ်လို့ ပြောပြီးပြီပဲ၊ အသစ်ကလေးကွ. . ခုမှငြိတာ နှစ်ပတ်လောက်ပဲရှိသေးတယ်၊ အိုခေ. . သွားပြီနော်. ."

ဂျော်ကြီးထွက်သွားမှပဲ ကျွန်တော်လည်း ဒီညနေမှ အသစ်ဝယ်ခင်းထားတဲ့ ဖယောင်းပုဆိုးပေါ်မှာ ပက်လက်လှန်ချ လိုက်တယ်။ ဂျော်ကြီးဆိုတဲ့ကောင် အတော်ရယ်ရတဲ့ကောင်၊ တစ်ကယ့်ငပြောင်။ ကျောင်းတုန်းကတည်းက ဒီကောင်နဲ့တွဲခဲ့ရလို့ နောကြေအောင်သိခဲ့ရတာ။ စေတနာကတော့ တကယ်ကောင်း ပါတယ်။ သူပြောနေကျစကားတောင် အမှတ်ရသေး။

"ငါ တစ်ကယ်စေတနာရှိပါတယ်ကွာ၊ ပိုက်ဆံပဲမရှိဘူး ပါ"

ပိုက်ဆံကတော့ ဘယ်တော့မှ ရှိမယ့်ကောင်မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လောင်းတောင်လောင်းရဲသေး. . ။ အသုံးနဲ့အဖြုန်းက အဖြုန်းများနေတဲ့ကောင်။ ဘယ်မှာ လက်ထဲပိုက်ဆံရှိမှာလဲ။

သူ့အိမ်ကလည်း ပေးရှာပါတယ်။ တစ်ဦးတည်းသော သားမို့ အကြိုက်သုံး၊ အကြိုက်ပေးတာပါ။ အဲ့ဒါကို အလျင်မမီ တာဆိုတော့ သူ့မိဘတွေကိုယ်တိုင် သူတို့သားဂျော်ကြီးနဲ့တွေ့ရ မှာတောင် ကြောက်နေသလားမသိတော့ပါဘူး။

ဒီကောင် သောက်လည်းသောက်တတ်တယ်။ ကျွန် တော်လည်း အပေါင်းအသင်းဖြစ်အောင်သာ ပြောနေရတာ ပါ။ နောက်ဆုံးတော့ ကျွန်တော်ပဲကုန်တာပါပဲ။ ကုန်နေကျဆို တော့လည်း သိပ်အထူးအဆန်းကြီး မဟုတ်တော့ပါဘူး။

အခုလည်း ဂျော်ကြီးဆီ လာမယ်လို့ စိတ်ကူးပြီးကတည်း က ငွေအလုံအလောက်ထည့်ပြီး ယူလာခဲ့တာပါ။ ပါလာတာ လေးကုန်သွားလည်း ဘဏ်အကောင့်ထဲက ထုတ်သုံးရမှာပဲ။ ဘယ်တတ်နိုင်မလဲ။ ဂျော်ကြီးကလည်း ကျွန်တော့်အကြောင်း သိတယ်လေ။ ပါးစပ်ရှိလို့ လျှောက်ပြောနေတယ်ဆိုတာ. . ။

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



(၇) နာရီခွဲလောက် ထမင်းချိုင့်လာပို့ပြီး ညစာစားဖို့ ပြင်ဆင်ပြီးချိန်မှာ ကျွန်တော် နည်းနည်းဒုက္ခရောက်သွားပါတယ်။ ရှစ်နာရီခွဲတဲ့အထိ ဂျော်ကြီးပြန်မရောက်လို့ ဂျိုဂျိုးရောက်လာပြီး ထမင်းစားလာခေါ်တယ်။

"ငဂျော်ကိုစောင့်နေရင် ရှင်ပါငတ်လိမ့်မယ်၊ ကျွန်မတို့လည်း ဆာလှပြီ. . စားနှင့်ကြရအောင်. ."

"ဟာ. . ငါ သူလာမှပဲစားမယ်၊ ရတယ်. . စားနှင့်ကြပါ"

"မဟုတ်တာ. . . အဲ့ဒီကောင် ဒီညသန်းခေါင်ကျော် ရောက်လာရင်တောင်ကံကောင်း. .၊ လာပါ စားကြရအောင်"

ကျွန်တော် ဒီထက်ပိုငြင်းလို့မကောင်းတာရော၊ ဗိုက်ဆာလာရင် အောင့်တတ်တဲ့အကျင့်ကြောင့်ပါ သူမတို့အခန်းဆီကို လိုက်လာခဲ့ရပေမယ့် နည်းနည်းတော့ ရှိုးတိုးရှန်းတန်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မိန်းမတွေနဲ့ သိပ်ပြီးရောရောထွေးထွေးမနေဖူးတော့ အီတီအာတာကြီးနဲ့ ဘယ်လိုကြီးကိုဖြစ်နေမှန်းမသိတာ။

ကိုယ်တစ်သက်လုံးကိုင်လာတဲ့ ဇွန်းခရင်းတိုတောင်. . ပြောင်းပြန်ကိုင်လို့ကိုင်၊ ဟင်းခွက်ချော်နှိုက်လို့နှိုက်နဲ့ ဗိုက်ထဲ ဘယ်လိုရောက်သွားမှန်းမသိတဲ့ ညစာမျိုး ဒီတစ်ခါ ပထမဦးဆုံးစားဖူးတာပါ။

သူမတို့ကလည်း နည်းနည်းလေးမှကို အလိုက်ကန်းဆိုးမသိတာ။ ကျွန်တော် အယောင်ယောင်အမှားမှားဖြစ်နေတာကို မသိချင်ဟန် ဆောင်နေလိုက်ပါတော့လား။ မဟုတ်ဘူးဗျာ. . တခိခိနဲ့ ဘယ်လောက်ထကန်ပစ်ချင်စရာ ကောင်းလဲဆိုတာ. .။ အဲ့ဒါကြောင့် ကျွန်တော်လည်း ကပျာကသီထိုးသွပ်ပြီး ထပြေးလာခဲ့တယ်။

BURMESE CLASSIC

ထမင်းစားပြီးတော့ ကိုးနာရီထိုးနေပြီ၊ ဟိုကောင်လည်းမလာသေးဘူး။ တစ်ခါ ဂျိုဂျိုးတို့နှစ်ယောက် ရောက်လာကြပြန်ရော. . .။

"ကော်ဖီဆိုင်သွားမယ်လေ. .၊ ကျွန်မတို့က ကော်ဖီမသောက်ဘဲ မအိပ်တတ်ဘူး. ."

"ငါ အိပ်တတ်တယ်. ."

"ရှင်တစ်ယောက်တည်း အိပ်တတ်လို့ရမလား၊ လာ. . ငျော်ပြန်လာရင်လည်း ဒီချိန်ဆိုင်မှာပဲရှိမယ်ဆိုတာသိလို့ ဝင်ရှာမှာပဲ. . သွားစို့. ."

အဲ့ဒါနဲ့ပဲ ကျွန်တော့်မှာ ဂလန်ဂလားနဲ့ လိုက်ခဲ့ရတယ်ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



မလိုက်ရင်တောင် ဆွဲထုတ်မယ့်ပုံဗျ။ ဒီခေတ်မိန်းကလေးတွေ တကယ်မလွယ်ဘူးဆိုတာ ကျွန်တော်အခုမှပဲ နဖူးတွေ့ဒူးတွေ့ တွေ့ရတော့တာပါ။

ဘယ့်နှယ်ဗျာ. . ယောကျ်ားလေးတစ်ယောက်ကိုများ ကစားစရာ အရုပ်များမှတ်နေလား မသိဘူး။ ပေါ့ပေါ့ပါးပါးကို ပေါင်းတာ. . .။

ဟိုလေ. . ဟိုတစ်ယောက်ကတော့ နည်းနည်းပေကပ် ကပ်ဗျ။ ယောကျ်ားတွေနဲ့ အပေါင်းအသင်းလုပ်ပြီး နေထိုင်တာ ကို သိပ်မနှစ်သက်သလိုပဲ။ ကျွန်တော့်ကိုတော့ သူ့အမဖေကားကို ပက်လက်လှန်ထားလို့ သိပ်ကြည်ပုံမရဘူးဗျ။

BURMESE CLASSIC

အံမာ. . မျက်နှာကိုတင်းထားလိုက်တာမှ လေမှုတ်ထား တဲ့ ပူဖောင်းပဲ. . .။

ကျွန်တော်ကလည်း မာနမင်းသားပဲလေ. . အေးဆေး ပေါ့။ ဒါပေမယ့် အာသွက်ခရာ ဂျိုဂျိုးကြောင့် အေးဆေးတော့ နေလို့မရဘူးခင်ဗျ။ ကော်ဖီမှာသောက်ရင်း ပေါက်ပေါက်ဖောက် တော့တာ. . .။

"ကိုစည်သူမင်းသိန်းက ရည်းစားမရှိဘူးထင်တယ်. . ဟုတ်လား. ."

"ဟေ. . အေး. . မရှိဘူး. ."

"မထားဘူးလား"

"စိတ်ရှုပ်စရာကြီးကွာ. . ဘာလုပ်မှာလဲ. ."

ကောင်မလေးတွေရယ်တယ်၊ နှစ်ယောက်စလုံးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအဝ့ါမက ဒါမျိုးကျတော့ရယ်တယ်လေ. . .။

"ကိုစည်သူက မိန်းမယူရမှာကြောက်လို့ ထွက်ပြေးလာတာဆို. ."

"ဟမ်!. . နင့်ကိုဘယ်သူပြောလဲ. ."

"ငချော်ပြောတာလေ. ."

"ဟာ. . ဒီကောင်ကွာ. ."

"အဟင်းဟင်း. . ဒါ ရှက်စရာမှမဟုတ်တာ၊ ကြယ်စင်လည်း ကိုစည်သူမင်း. . ဟာ. . နာမည်ခေါ်ရတာလည်း ရှည်လိုက်တာ၊ ကိုဘိတ်သိတ်. . အဲ. . အဲ. . ကိုဘိတ်လို့ပဲခေါ်မယ်ရလား"

"ကြိုက်သလိုသာခေါ်. ."

BURMESE CLASSIC

"ကျေးဇူးပဲ. . ကြယ်စင်လည်း ကိုဘိတ်လိုပဲ ယောကျ်ားယူရမှာကြောက်လို့ ပြေးလာတာလေ. ."

"ဂျိုဂျိုးကလည်းဟာ. . တကယ်ပါပဲ. ."

ကြယ်စင် ရှက်နီနီလေးညည်းပြောတော့ ဂျိုဂျိုးက. .

"ဘာဖြစ်လဲဟ. . ပွင့်ပွင့်လင်းလင်း ပြောဆိုပြီးနေကြတာမကောင်းဘူးလား၊ ဒါနဲ့. . ကိုဘိတ်က မိန်းမယူရမှာကြောက်တာလား၊ ဒါမှမဟုတ်. . ယူရမယ့်မိန်းမကို မကြိုက်တာလား"

"မဟုတ်ဘူး. . ကြောက်တာလည်းမဟုတ်ဘူး၊ မကြိုက်တာလည်းမဟုတ်ဘူး၊ ဘုမသိဘမသိနဲ့ အိမ်ထောင်သည်ဖြစ်ရမှာကို လက်မခံချင်တာ. ."

"ဟင်. . ဘယ်လိုကြီးလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးနဲ့ လျှာတိုချင်လို့လည်းမရတော့လို့ ကျွန်တော်လည်း. . .

"ဒီလိုကွ. . ငါ့ကိုမိန်းမပေးစားမယ်၊ အဲ့ဒီမိန်းမကို လက်ထပ်တဲ့နေ့ကျမှမြင်ရမယ်၊ လောလောဆယ် ဘယ်သူဘယ်ဝါ မပြောဘူး၊ ဘာမှမသိရဘူး. . အဲ့ဒါပဲ. . ."

"ဩော်. ."

"မင်းစဉ်းစားကြည့်. . ကိုယ်တစ်သက်လုံးပေါင်းရမယ့် မိန်းမတစ်ယောက်ကို ကိုယ်လေ့လာဆန်းစစ်ခွင့် မရှိသင့်ဘူးလား၊ ဒီအတိုင်း ပေးတာယူ. . ကျွေးတာစား. . ခံမပြောနဲ့ဆိုတဲ့ ဓလေ့ဟောင်းကြီးကို ငါမုန်းတယ်၊ ဘဝမှာ မိန်းမယူမှဖြစ်မယ်ဆိုရင်လည်း နှစ်ဦးနှစ်ဘက်လွတ်လပ်ပြီး တရားမျှတတဲ့ချစ်ခြင်းနဲ့ ချစ်ကြပြီးမှပဲ လက်ထပ်ချင်တယ်. . ." BURMESE CLASSIC

"ဟုတ်တယ်. . အဲ့ဒီတစ်ခုတော့ ကျွန်မလည်းထောက်ခံတယ်၊ အတင်းအကြပ်ပေးစားတဲ့ ကိစ္စကြီးတော့ ကျွန်မလည်း လက်မခံဘူး၊ ရှင့်လိုယောက်ျားတစ်ယောက်ကတောင် ဒီလိုမျိုး လက်မခံချင်ရင် ကျွန်မတို့မိန်းမသားတွေ ပိုဆိုးတာပေါ့. ."

အလည်အလည်. . မျက်နှာကြောတင်းကြီး ဝင်ပါလာပြီ။ အဟတ်. . အဟတ်. . အဟတ်။ အကြောနည်းနည်းလျှော့သွားတဲ့ပုံလည်း ပေါ်တယ်ဗျ။ အဲ့ဒီနောက် ဂျိုဂျိုးက. . .

"ဒါကျတော့လည်း ရှင်တို့နှစ်ယောက်က အတွေးသူနေပါလား. .၊ ကျွန်မကတော့ မိဘတွေက ကောင်းတယ်ထင်လို့စီစဉ်ရင် မဖျက်ပါဘူး. .၊ ကိုယ့်ကို ကျွေးမွေးစောင့်ရှောက်လာတဲ့ မိဘပဲ



www.burmeseclassic.com

www.burmeseclassic.com







လေ ကိုယ့်သားသမီးဒုက္ခရောက် အရှက်ရအောင်တော့ လုပ်ပါ့မလား၊ အဲ့ဒါကြောင့် မိဘတွေစီစဉ်မယ်ဆို လက်ခံလိုက်မှာပဲ. . ၊

တစ်ခုပဲ တောင်းဆိုတာ. . ၊ ကျွန်မက ဒီလိုလွတ်လွတ်လပ်လပ်နေရတာကိုကြိုက်တယ်၊ အဲ့ဒါကြောင့် အိမ်ထောင်မကျခင် လွတ်လွတ်လပ်လပ်နေမယ်. . အပျော်မရှာဘူး၊ ကိုယ့်ကာယကန္ဒြေကိုယ် မဖျက်ဘူး. . ၊ အိမ်ထောင်ရေးကိစ္စ မိဘတွေစီစဉ်ချင်သပဆိုစီစဉ်၊ ဂျိုဂျိုးရေ. . ပြန်လာတော့. . နင့်ကို ယောကျ်ားပေးစားတော့မယ်လို့ လှမ်းခေါ်တာနဲ့. . သွားမှာပဲ. . ”

“အာ. . မင်းဟာက ဘယ်လိုကြီးလဲကွ. . ”

“လူတစ်ကိုယ် စိတ်တစ်မျိုးရှိကြတာပဲလေ၊ ရှင်တို့နှစ်ယောက်က လာတူနေတာတော့ ကံပေါ့၊ ကျွန်မထင်တယ်၊ ရှင်တို့မိဘတွေပေးစားချင်တာ ရှင်တို့နှစ်ယောက်များလားမသိဘူး ပြန်လည်းမေးကြည့်ကြဦး. . ”

“ဟာကွာ. . မဟုတ်တာတွေ. . ”

ကြယ်စင်ရော ကျွန်တော်ပါ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ရဲတော့သလို ထူအမ်းကုန်ပြီး ဂျိုဂျိုးကိုပဲ ဝိုင်းပြီး မြည်တွန်ပစ်ကြတယ်. . ။

“ဂျိုဂျိုး နင်ပါးစပ်ပိတ်တော့ဟာ. . ဘာမှန်းလဲမသိဘူး”

“ဟဲ့!. . ရုပ်ရှင်တွေဗီဒီယိုတွေထဲမှာလည်း ဒါမျိုးဇာတ်လမ်းတွေ ရှိတာပဲလေ၊ အိမ်ကပေးစားမှာကြောက်လို့ ပြေးရင်း တစ်နေရာမှာဆုံကြ၊ ခင်သွားကြ၊ ပြီးတော့ ချစ်သူတွေဖြစ်ကြ၊ အိမ်ကလည်း အသည်းအသန်လိုက်ရှာ၊ သူတို့ကတွက်ပြေး. . ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ချောင်ပိတ်ဖမ်းမိတော့မှ ဟင်ဟာဖြစ်ကုန်တာ၊ ဒါ အပြင်မှာတစ်ကယ်ဖြစ်ဖူးလို့ ဇာတ်လမ်းတွေဖြစ်လာတာပေါ့ဟဲ့. . မိကြယ်ရဲ့. .”

“အေး. . ငါတို့က ရုပ်ရှင်ရိုက်နေတာမဟုတ်ဘူး၊ နင့်ရိုးပုံရိုးပန်းကြီးကိုလည်း ငါစိတ်မဝင်စားဘူး”

ကျွန်တော့်ကို ငုတ်တုတ်ကြီးထားပြီး တည့်တည့်ကြီးဗျင်းတော့ ကျွန်တော်လည်း ဘာရမလဲ. . .၊

“ဒီမှာ မင်းသိပ်လှတာတော့ ငါလက်ခံတယ်၊ ဒါပေမယ့် ငါမကြိုက်ဘူး. . အထူးသဖြင့် မင်းလို ဘူမှန်းမသိ၊ ကိုးမှန်းမသိတဲ့မိန်းမျိုးလည်း ငါစိတ်မဝင်စားဘူး. .”

“ဘာ!. . ရှင် ဘာစကားပြောတာလဲ. . အောင်မာလူကို များ”

“ကဲ. . ကဲ. . နင်လည်းတော်တော့. .၊ ကိုဘိတ်လည်းတော်တော့. . ပြန်ကြမယ်၊ ကိုဘိတ် ရှင်းလိုက်နော်. . ကျွန်မတို့ပြန်နှင့်မယ်”

“ဟင်း. . လူပါးဝလို့. .”

“ဝတာကောင်းတာပေါ့ကွ. .”

ထပြန်တာတောင် နှာမှုတ်သံလေးပေးပြီး ပြန်သွားလို့ကျွန်တော့်ဘာသာ တစ်ယောက်တည်းသဘောကျပြီး ကျန်ခဲ့တယ်။ ကျွန်တော်ထင်တယ် မိန်းမတွေလှတယ်၊ ချစ်စရာကောင်းတယ်ဆိုတာ ဒေါသစိတ်မဝင်ခင်ဗျ။ ဒေါသစိတ်လွှမ်းလာရင်ဘယ်လောက်လှတဲ့မိန်းမဖြစ်ဖြစ် အတော်ကြည့်ရဆိုးဆိုးရယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့လည်း အဲ့ဒီဒေါသအိုးလေး သောက်သွားတဲ့ ကော်ဖီဘိုးကို ကျွန်တော်ပဲရှင်းလိုက်ရတာပါပဲ။

ဂျော်ကြီးကောင်းမှုတွေပေါ့ဗျာ. . ကျွန်တော့်စိတ်နဲ့ ကျွန်တော်သာဆို အိပ်လို့တစ်ရေးတောင်ရနေပါပြီ။

"ဝါး. . အင်း. . ဆယ်နာရီတောင်ထိုးတော့မယ်ဟ"





www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာအားမကောင်းလည်း

ရောင်းနေရတာ အချစ်ဖြစ်တယ်...၊

သစ်ချင်သစ်...ဟောင်းချင်ဟောင်းပါစေ..

Promotion တွေမရှိ...

ဂျာနယ်သတင်းလည်းမရှိ...

Marketing မရှိဘဲ...

အမြဲတမ်း Top Ten ဝင်တာဟာ

အချစ်ပါဆိုရင်...

(ဟုတ်ကဲ့..)

ပရိသတ်အမြင်လေး...


တဆိတ်လောက်...



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

ဒီနေ့ပါနဲ့ဆို ဂျော်ကြီးပြန်မလာတာ တစ်ပတ်တိတိရှိသွားပါပြီ။ ဖုန်းလည်းမဆက်၊ ကျွန်တော်ခေါ်လည်းမရနဲ့ အဆက်အသွယ်ကိုပြတ်နေတာပါ။ ဟိုဘက်ခန်းက ကောင်မလေးတွေလည်း ကော်ဖီဆိုင်မှာ ကျွန်တော်နဲ့စကားများတဲ့ညကစပြီး အသွားအလာ အခေါ်အပြော မရှိတော့ပါဘူး။

ဒါပေမယ့်. . ဂျိုဂျိုးကတော့ တွေ့ရင် ပြုံးပြနှုတ်ဆက်ပါတယ်။ ဂျော်ကြီးကိုလည်းမေးပါတယ်။ ကျွန်တော်လည်း အိမ်နီး



www.burmeseclassic.com

www.burmeseclassic.com



ချင်းမိတ်ဆွေဆိုတဲ့သဘောနဲ့ လူမှုရေးအသိစိတ်ရှိရှိ မေးပါတယ်။

"အကူအညီလိုရင်ပြောနော်၊ ဂျော်ကြီးလောက်တော့ ငါလည်းကူညီတတ်ပါတယ်. . "

ဒါလောက်ပါပဲ. . . ။

ကြည့်ရတာ. . ဟိုတစ်ယောက်က နင်အဲ့ဒီလူနဲ့ ဆက်ပြီး အပေါင်းအသင်းလုပ်ရင် သေခန်းပြတ်ပဲ ဘာညာနဲ့ မှာထားလို့ အရင်လိုအသွားအလာ မရှိတော့တာနေမှာပါ။ ဂျိုဂျိုးရဲ့စိတ်ကတော့ တကယ့်ကို အဖြူသက်သက်ဆိုတာ ကျွန်တော်ခန့်မှန်းမိနေပါပြီ။

ကျွန်တော်လည်း ဒီရက်တွေမှာ ကိုယ့်အလုပ်ကိုယ် ပုံမှန်အတိုင်းလုပ်လာနိုင်ပါတယ်။ အိမ်မှာလို ပြည့်ပြည့်စုံစုံနဲ့လုပ်ရတာ မဟုတ်ပေမယ့် ရှိတာရတာလေးနဲ့ ဖြစ်အောင်ဆက်လုပ်နေတဲ့သဘောပါ။

တစ်ရက် ကျွန်တော် နေ့လယ်စာ ဆင်းစားပြီးပြန်အလာ ဂျော်ကြီးဆီက ဖုန်းဝင်လာပါတယ်။

"ဟေ့ကောင်!. . မင်းဘာလုပ်တာလဲ ဂျော်ကြီး၊ အခု ဘယ်မှာလဲ. . "

မန္တလေးမှာတဲ့. . ဗုဒ္ဓေါမြတ်စွာဘုရား. . ၊

မိန်းမခိုးသွားတာတဲ့. . ၊

"အဲ့ဒါများဂျော်ကြီးရာ. . ဒီမှာ မင်းအခန်းရှိနေတဲ့ဟာ

". . . . . . . . . . . . . . . "

"ပြဿနာမရှိဘူး. . ငါ့ဘာသာ တည်းခိုခန်းသွားတည်း



www.burmeseclassic.com

www.burmeseclassic.com



လည်းရတယ်. . ”

“. . . . . . . . . . . . . . ”

“ဘယ်သူမှလာမမေးဘူး. . ”

“. . . . . . . . . . . . ”

“အေ. . အေး. . ဒါပဲမဟုတ်လား. . ”

ဖြစ်ပုံ. . ဖြစ်ပုံ. . ၊ မိဘတွေလာရှာပြီး ပြဿနာလုပ်မှာထက် သူထားထားတဲ့ရည်းစားတွေလိုက်လာပြီး ပြဿနာရှာမှာစိုးလို့ ရှောင်တာတဲ့. . ဖြစ်ပုံ. . ဖြစ်ပုံ. . ၊

ဂျော်ကြီးကို စိတ်ကူးနဲ့လုပ်ပုံမျိုးလည်း ရှိသေးသကိုးလို့ ကျွန်တော် မဖြစ်ညစ်ကျယ်တွေးရင်း အခန်းပေါ်ပြန်တက်လာခဲ့တယ်။ ကျွန်တော်လည်း အခန်းတံခါးအဖွင့် ဒီဘက်က ဂျိုကျိုးတို့အခန်းတံခါးပွင့်လာပြီး ကြယ်စင် ဖုန်းတစ်လုံးနဲ့ ထွက်ပေါ်လာပါတယ်။

“ဘာ!. . အ. . အခု ဘယ်နားရောက်နေပြီလဲ. . ”

“. . . . . . . . . . . . . . ”

“ဒုက္ခပါပဲ. . ငါဘယ်လိုလုပ်ရမလဲ. . ”

“. . . . . . . . . . . . ”

ကျွန်တော် တံခါးဖွင့်ရင်း ဘာရယ်ဟုတ်ဘဲလှည့်ကြည့်မိနေတုန်း သူမ လှမ်းကြည့်ပြီး. .

“သူအခုရှိနေတယ်. . နင်ပြောပေး. . ငါ ဖုန်းပေးလိုက်မယ်. . ”

အဲ့သလိုပြောပြီး ကျွန်တော့်ကိုဖုန်းပေးလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အူတူတူနဲ့ နားထောင်လိုက်တယ်။

ဂျိုဂျိုးဆက်တာပါ။ ကြယ်စင့်အိမ်ကလူတွေ လိုက်လာလို့ ကြယ်စင့်ကို ဧည့်ကြိုးအခန်းဘက် ခဏခေါ်ထားပေးဖို့ အကူအညီတောင်းတာပါ။

"ဒါမျှားဟာ . . ဖြစ်တယ်၊ ဒါပဲ . . မဟုတ်လား"

"……………"

ကျွန်တော် ဖုန်းပိတ်ပြီး သူမကိုအခန်းထဲဝင်ဖို့ မေးဆတ်ပြလိုက်တယ်။ သူမ ရှုံ့တွန့်တွန့်ဖြစ်နေတာကြောင့် . . .

"ဝင်ပါ . . မိန်းကလေးရဲ့၊ မင်းအထဲရောက်တာနဲ့ ငါ အပြင်ကနေ သော့ခတ်လိုက်မှာ . . စိတ်မပူနဲ့ . ."

ဒီတော့မှ သူမအထဲဝင်တဲ့အတွက် ကျွန်တော်တံခါးပြန်ပိတ်ပြီး သော့ခတ်ထားလိုက်တယ်။ သော့ခတ်ပြီးမှ ဘာဆက်လုပ်ရမှန်းမသိတာနဲ့ ဂျိုဂျိုးအခန်းထဲ ဝင်ထိုင်နေလိုက်တယ်။ မကြာပါဘူး။ အမျိုးသမီးကြီးနှစ်ယောက်နဲ့ ကိုဆံရှည်တို့ ဂျိုဂျိုးတို့အခန်းဝကို ရောက်လာကြပါတော့တယ်။

"သမီးရေ . . ကြယ်စင်ရေ . . သမီးလေး . ."

အသံနဲ့အတူ အမျိုးသမီးကြီးတစ်ယောက် ဧည့်ခန်းထဲ ပြေးဝင်လာတယ်။ အဲ့ဒီနောက်က အမျိုးသမီးကြီးတစ်ယောက်နဲ့ ကိုဆံရှည်တို့ လိုက်ဝင်လာကြတာပါ။ ဒီတစ်ခါတော့ ကော်လာကတုံးတွေ ကချင်ကွက်ပုဆိုးတွေနဲ့မို့လို့ မှတ်မိအောင် မနည်းကြည့်ယူရပါတယ်။

"ဩော် . . မင်းကိုးကွ . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ခင်ဗျားကိုး. ."

"ဟော့ကောင်. . ဘယ်မှာလဲ၊ ငါ့တူမလေး. ."

"ဘယ်တူမလဲ. . . တူမတော့ မရှိဘူးဗျ၊ တူလေးပဲရှိတယ်. . အဲ့ဒါတောင် ခြင်ထောင်ကြိုးချည်ဖို့ သံရိုက်လို့ရအောင် မနေ့ကမှ ဝယ်ထားတာ. ."

"မင်း ကြောင်တောင်တောင်မလုပ်နဲ့နော်. . ၊ ငါတို့က သတင်းအတိအကျရလို့ လိုက်လာတာ. ."

အဲ့ဒီအချိန်မှာပဲ အမျိုးသမီးကြီးက. .

"ဟုတ်တယ်. . မောင်ရင်၊ မင်းလက်ခံထားလို့ကတော့ တရားစွဲပြီးသားပဲ၊ ဘယ်မှာလဲ. . ငါ့သမီး. ."

"အာ. . ဒုက္ခပါပဲ၊ ဟော့လူ. . ခင်ဗျား ဟိုတစ်ပတ်ကပဲ လာပြီးပြီ. . ဒီမှာကား. . ဝု. . အု. . ဝု. ."

ကိုဆံရှည် ကျွန်တော့်ပါးစပ်ကို အတင်းဝင်ပိတ်ပြီး မျက်လုံးတွေပြူးပြ၊ ပြဲပြလုပ်ရင်း. . .

"မင်း အပိုတွေလျှောက်မပြောနဲ့. . ၊ ကြယ်စင်ဘယ်မှာလဲ ဒါပဲပြော. ."

အဲ့ဒီအခိုက်မှာပဲ ဂျိုဂျိုးရောက်လာပြီး ကျွန်တော့်ကိုချုပ်ထားသလိုလိုဖြစ်နေတဲ့ ကိုဆံရှည်ရဲ့ခါးကို ခါးမြှောင်နဲ့ထောက်ထားလိုက်တယ်။

"ကျွန်မယောက်ျားကို အခုလွှတ်လိုက်ပါ၊ မဟုတ်ရင်တော့ တစ်ဆုံးထိုးချလိုက်မှာနော်. . ."

ကိုဆံရှည် အတော်ဖျားသွားပြီး ချက်ချင်းလွှတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ငါ. . ငါဘာမှမလုပ်ဘူးနော်. . ကောင်မလေး. ."

"မလုပ်ဘဲနဲ့ အခု ဒါဘာလုပ်တာလဲ၊ သူများလင်မယား အခန်းကို အပြုံလိုက်ဝင်လာပြီး အနုကြမ်းစီးချင်တာလား၊ လုပ်ကြည့်လေ၊ ရဲကိုနောက်မှတိုင်မယ်. . . အခုလောလောဆယ် အကုန် အူဖွင့်ပစ်မယ်. . ဟင်း. ."

"ဗုဒ္ဓေါ. . မြတ်စွာဘုရား. . သမီး ဂျိုဂျိုး၊ အန်တီ့ကိုကြည့်ပါဦးကွယ်. .၊ အန်တီက ကြယ်စင့်အဒေါ် အပျိုကြီးမမလေ သမီးရဲ့၊ ကြည့်ပါဦး. ."

အဲ့ဒီတော့မှ ဂျိုဂျိုးရယ် မျက်လုံးလေးပေကလန်ပေကလန်နဲ့ကြည့်ပြီး. . .

"ဩော်. . အန်တီမမ. ."

"အမလေး. . ဘုရား. . ဘုရား သမီးမှတ်မိပြီနော်. ."

"မှတ်မိပြီ. . မှတ်မိပြီ၊ ရုတ်တရက်ဆိုတော့ သမီးလည်း အရမ်းစိုးရိမ်သွားတာလေ၊ ဒီလို တိုက်ခန်းတွေမှာ အနုကြမ်းစီးတာတို့ဘာတို့က ခဏခဏဖြစ်နေတာမဟုတ်လား၊ ကန်တော့ပါ အန်တီရယ်. . ထိုင်ကြပါဦး. .၊ ဩော်. . မောင်ရေ အန်တီတို့အတွက်. ."

"နေ. . နေပါစေသမီးရယ် ဘာမှမလုပ်ပါနဲ့. .၊ အန်တီ သမီးသူငယ်ချင်းကြယ်စင့်ကို လာရှာတာပါ. ."

"ကြယ်စင်. . ဟုတ်လား. . ကြယ်စင် ဘာဖြစ်လို့လဲ. ."

ကျွန်တော်လည်း ဂျိုဂျိုးရောက်လာမှ အားရှိရတော့မယ်



www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးထရတော့မလို ဖြစ်ကုန်ပြီး အနားရောက်လာတဲ့ ဂျိုဂျိုး ဘေးမှာ ကတုန်ကရင်နဲ့ကို ဖြစ်နေရတာပါ။ ဂျိုဂျိုးကတော့ တစ်ကယ့် လျှာစပရိန်မ,လို့တောင် ပြောရမလားပဲ၊ ကျွန်တော့် ကိုလည်း မောင်တွေဘာတွေ ပစ်ခေါ်ပြီး သူ့ယောကျ်ားလို့ ပြော လို့ပြော။

ရောက်လာတဲ့ ကိုဆံရှည်အဖွဲ့လည်း ဂျိုဂျိုးရဲ့ဖောထဲမှာ မျောပြီး ငြိမ်ကုန်ကြတာပါ။ ရုပ်ရှင်မင်းသမီးသာလုပ်စားရင် တစ် ကယ်ကိုကွက်တိပဲ။

လုပ်ပုံ . . လုပ်ပုံ . . ကြည့်။ အမျိုးသမီးကြီးက ကြယ်စင့် ကိစ္စပြောပြီးတာနဲ့ ဂျိုဂျိုးဆက်ပြီး သရုပ်ဆောင်တယ်။

“ဩော် . . တစ်ကယ်မသိတာပါ အန်တီရယ်၊ ကြယ်စင် သာ ဒီကိုရောက်လာရင် သမီးပြန်ပို့မှာပေါ့၊ လူကြီးစိတ်ညစ်ရ အောင် လုပ်စရာလား၊ ဒီမှာတော့ သမီးတို့လင်မယားနှစ်ယောက် ပဲရှိတယ်၊ သေချာအောင် ဝင်ရှာကြည့်လိုက်ပါဦး . . ကြယ်စင်သာ ဒီမှာရှိရိုးမှန်ရင် အနည်းဆုံး နှုတ်ခမ်းနီဘူးတစ်တောင့်တော့ သက် သေကျန်မှာပဲ၊ နှုတ်ခမ်းမဆိုးရရင် အသက်မရှင်ချင်တဲ့မိန်းမလေး၊ အန်တီလည်း သိသားနဲ့ . .”

“ဟုတ်ပကွယ် . . ဒါပေမယ့် အန်တီမရှာတော့ပါဘူး”

“ဟာ! . . ဘယ်ဖြစ်မလဲ မမရဲ့၊ ရှာတော့ရှာကြည့်ရဦးမှာ ပေါ့”

ကိုဆံရှည်ဝင်တွန့်လို့ ဂျိုဂျိုးကပဲ . .

“ကဲ . . လာ . . ဒီမှာ ဧည့်ခန်း၊ ဟိုးက အိပ်ခန်းနှစ်ခန်း။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းကအလွတ်ကြီး၊ ကျွန်မတို့လင်မယားက ခြေရင်းခန်းနေတာ၊ မီးဖိုဆောင်နဲ့ ရေချိုးခန်းပါ အနှံ့ရှာပါရှင်. . ”

အမျိုးသမီးကြီးက အားနာတွန့်ဆုတ်နေပေမယ့် ကိုဆံရှည်ကတော့ ရှာတယ်။ သေချာကိုအနှံ့ လိုက်ရှာကြည့်ပြီးမှ. . ခေါင်းခါပြလို့ အမျိုးသမီးကြီးက. . .

“အားနာစရာတော့ဖြစ်ကုန်ပြီ သမီးရယ်၊ ရဲစခန်းဝင်တော့ ကြယ်စင့်နာမည်နဲ့ ဒီတိုက်ခန်းလိပ်စာအတိုင်း တိုက်ချက်ဖွင့်ထားတယ်လို့ပြောလို့ အန်တီတို့လိုက်လာတာပါ။ အခုတော့ လွဲကုန်ပြီကွယ်. . . . ”

“သြော်. . အဲ့ဒါ သမီးယောက်မလေး ကြယ်စင်ရွှန်းလက်လေ. . . ဟိုတစ်လောက မန္တလေးကနေ ဒီမှာအလုပ်လာလျှောက်ရင်း ပစ္စည်းအလစ်သုတ်ခံရလို့ တိုင်ထားတာ၊ ပြောပြလိုက်လေ မောင်ရဲ့. . မောင့်ညီမကိစ္စ မောင်ပဲသွားတိုင်ခဲ့တဲ့ဟာကို နာမည်တူနေတော့ ခက်ကုန်တာပေါ့. . ”

ကျွန်တော် အူတူတူဖြစ်ပြီးမှ. .

“အဟဲဟဲ. . ဟုတ်ပါခင်ဗျ. . အမှန်အကန်ပါ အဟဲဟဲ”

“အင်း. . ဒါဆိုလည်း လမ်းစပျောက်ပြန်ပြီ ပီတာရေ. . ၊ တို့ဆက်ရှာကြဦးမှ၊ ကဲ. . သမီးရေ. . အန်တီတို့ကိုခွင့်ပြုပါဦး”

“ကောင်းပါပြီရှင်. . ”

ကိုဆံရှည်တို့အုပ်စု လှေခါးအတိုင်းဆင်းသွားမှ ဂျိုဂျိုးက လေသံနဲ့. .

“ကြယ်စင်ရော. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ခန်းမှာ သော့ခတ်ထားတယ်. ."

"တော်ပါသေးရဲ့. . သူ ဖျားချင်သလိုလို ဖြစ်နေတယ်ဆို လို့ ကျွန်မ ဆေးသွားဝယ်ပေးတာ၊ သူ့အိမ်ကကား လမ်းထဲဝင် လာတာတွေ့လို့ ဖုန်းလှမ်းဆက်လိုက်တာ. .၊ ရှင် ပက်လက်လှန် လိုက်တဲ့ကားလေ. ."

"ဟုတ်လား. . တော်သေးတာပေါ့. . ဒါနဲ့ အခုဘာ ဆက်လုပ်မှာလဲ. ."

"စိတ်မချရသေးဘူး. . တော်ကြာ အလစ်အငိုက်ဖမ်းပြီး ပြန်တက်လာရင်ဒုက္ခ. .၊ လောလောဆယ် ရှင်လည်း ဒီမှာပဲခဏ နေလေ. ."

"ရပါတယ်. . ကိုယ် လင်မယားအချင်းချင်းတော့ ဘာပြ သနာရှိမှာလဲ. ."

"ရှင်!. ."

ဂျိုဂျိုးမျက်နှာ ရဲခနဲဖြစ်ပြီး မျက်လုံးဝိုင်းကြီးတွေနဲ့ မော့ ကြည့်လို့ ကျွန်တော်လည်း မအောင့်အင်းနိုင်ဘဲ ရယ်ပစ်လိုက် တယ်။

ပြီးမှ. . .

"အံ့ပါ့ကွာ. . အခုမှ လာရှက်နေတယ်၊ စောစောက မင်း ကြောင့် ငါ့မှာဘယ်လောက်ဒုက္ခရောက်သလဲဆိုတာ. .၊ မင်းတ မောင်လို့ခေါ်လိုက်ရင် ငါ့ဖင်ရှုံ့ရှုံ့သွားတယ်ကွ. ."

"ဘုရားရေ. . သူကများ. ."

စိတ်ထဲမခံချိမခံသာဖြစ်လွန်းလို့သာ ပြောရတာ ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဂျိုဂျိုးဆိုတဲ့ကောင်မလေး ရှက်ပြီး မျက်နှာကြီး ရဲခနဲဖြစ်သွားတာ အခုမှတွေ့ဖူးတာလေဗျာ။

အမယ်. . . မလှဘူးထင်တာ ရှက်စိတ်နဲ့ သွေးနွေးလေးတွေ မျက်နှာပေါ်လွင့်တက်လာတာ့ ကြည့်ကောင်းကောင်းနဲ့ ကျွန်တော့်မျက်လုံးတွေ အပြူးသား။ မျက်လွှာလေးချချပြီး တစ်ချက်ချက်မှ ဖြတ်ခနဲဖြတ်ခနဲ လင်းလင်းတက်လာတဲ့ မျက်လုံးအကြည့်တွေဗျာ. . တကယ်ပါ။

အခုကြည့်ဦး ကျွန်တော့်ကိုရှက်ပြီး အခန်းထဲပြေးဝင်သွားတာ ပြန်ထွက်မလာတော့ဘူးလေ။ ကျွန်တော့်မှာ ဧည့်ခန်းထဲ ငေါင်တိငေါင်ကြောင်နဲ့. . အတော်ကြာပါတယ်။

ကျွန်တော်လည်း ဆက်တီဝိုင်းမှာ တစ်ယောက်တည်းထိုင်ပြီး ကိုယ်ပြောခဲ့တဲ့စကားတွေ ပြန်စဉ်းစားပါတယ်။ ကိုယ့်ကြောင့် တစ်ဖက်သား သိပ်နစ်နာသွားမလား။ တောင်းပန်ရင်ကော. . စသည်ဖြင့်ပေါ့။

အိမ်နီးချင်းတွေဆိုတော့ မကောင်းဘူးမဟုတ်လား. . ။ အခုဟာကလည်း အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်လည်း ရှက်ပြီး ပြောချင်ရာဖွတ်ပြောမိတာပါ။

အဲ!. . . ။

ပြန်တွေးမှ ကြက်သီးတောင်ထသွားတယ်။ ဂျိုဂျိုးလက်ထဲမှာ ဓါးရှိတယ်ဗျ။ ဟိုကောင် ရော်ကြီးလို ပေါင်အလှီးခံလိုက်ရရင်. . . ဟူး. . ကံကောင်းလို့. . ။

"ဒီမှာ. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟော်. ."

လှည့်ကြည့်တော့ ဂျိုဂျိုး ကျွန်တော့်အနားပြန်ရောက်နေလို့ ထခုန်မိတော့မလိုတောင် ဖြစ်သွားပါတယ်။

"ဒီနေ့တစ်ရက်လောက် ကျွန်မတို့ အခန်းချင်းလဲပြီး အိပ်ကြရင် ကောင်းမလားလို့. ."

"ဟော်. ."

"ရှင်ဘာဖြစ်နေတာလဲ. . တစ်ဟောဟောနဲ့ ဘာမှန်းလဲမသိဘူး. ."

"ဟော. . အဲ. . အေးလေ. . ကောင်းတာပေါ့၊ ဒါပေမယ့် မင်းတို့အိပ်တတ်ပါ့မလား. ."

"ဘာလို့မအိပ်တတ်ရမှာလဲ. ."

"မဟုတ်ဘူးလေကွာ. . ယောကျ်ားတွေနေတဲ့ အခန်းဆိုတော့ ယောကျ်ားကိုယ်နံ့တွေရှိချင်ရှိလိမ့်မယ်. . မင်းအခန်းမှာလည်း မင်းရဲ့အနံ့အသက်ဆိုတာ ရှိမှာပဲ. ."

"ရှင်ရော အိပ်တတ်သလား"

"ဟာ. . အိပ်တာပေါ့. . အိပ်မက်တွေတောင် လှချင်လှဦးမှာ. ."

သူမ မျက်စောင်းထိုးပြီး တစ်ဖက်အကြည့်လွှဲပစ်တယ်။ ခဏကြာမှ. .

"ပေး. . အခန်းသော့၊ ရှင်ဒီမှာနေခဲ့တော့၊ ကျွန်မတို့ ဟိုဘက်မှာနေကြည့်မယ်၊ အဆင်မပြေရင် ကျွန်မမွေ့ယာ လာပြန်ယူမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အိုခေလေ. . ရော့၊ ဩော်. . ငါ. . ငါ့ကွန်ပြူတာတော့ ဝင်ယူဦးမှကွ. . အလုပ်တွေရှိနေတယ်. . "

သူမ ဘာမှပြန်မပြောဘဲ တစ်ဖက်အခန်းရဲ့သော့ကိုဖွင့်လိုက်တယ်။ အဲ့ဒီအခိုက်မှာပဲ လှေခါးအတိုင်းတက်လာခဲ့ ခြေသံတွေကြားလို့ တုံဏှိဘာဝေဖြစ်နေတဲ့ ကျွန်တော့်ကို အခန်းထဲဆွဲသွင်းပြီး တံခါးဂျက် ထိုးလိုက်ပါတော့တယ်။

ခြေသံတွေက ကျွန်တော်တို့အခန်းရှေ့မှာ ရပ်မသွားဘဲ အပေါ်ဘက်ဆက်တက်သွားတော့မှ နှစ်ယောက်သား သက်ပြင်းချကြတယ်။ လှမ်းကြည့်လိုက်တော့. . ကြယ်စင်ရယ် ကျွန်တော့်ကွန်ပျူတာဘေးမှာ ငုတ်တုတ်လေး။

"မိကြယ်ရေ. . အဆင်တော့ပြေသွားပြီ၊ သူတို့က တိုင်ချက်ဖွင့်ထားတဲ့လိပ်စာနဲ့ လိုက်လာကြတာဟ. . "

"ပြန်သွားကြပြီလား. . ဘယ်သူပါသေးလဲ. . "

"အန်တီမမလေ. . "

"ဩော်. . တွေ့သွားရင်တော့ ငါတော့သွားပြီ. . ၊ ဒီကိစ္စ သူအများဆုံးလျှော်တာ. . "

"မိကြယ်ရယ် နင့်ဒုက္ခလည်း. . အဲ. . ငါ ဆေး. . ဆေးမဝယ်ရသေးဘူးဟဲ့. . လန့်ဖျတ်ပြီး နင့်ဆီဖုန်းဆက်ရင်း ပြန်လှည့်ပြေးလာတာ. . "

"နေပါစေတော့ဟာ. . . သူ့ဘာသာ ကောင်းသွားမှာပါမယ်"

ဆိုတော့လည်း ကျွန်တော်မနေနိုင်ဘဲ. .



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာတော့မကောင်းဘူးကွ၊ အခု မင်းဘယ်လို နေလို့လဲ. . သူ့ကိုစမ်းကြည့်ပါဦး ကိုယ်တွေပူနေသလားလို့. ."

ဂျိုဂျိုးစမ်းကြည့်ပြီး. .

"ဟာ. . ကိုယ်တွေတအားပူနေတယ်၊ လာကိုင်ကြည့်"

ကျွန်တော်လည်း စိုးရိမ်စိတ်ပါတဲ့စေတနာ တစ်မျိုးတည်း နဲ့(ဘုရားစူး) စမ်းကြည့်မယ်လုပ်တော့. . ကြယ်စင် နောက်ကိုယို့ ပြီး. .

"ရတယ်. . ဘာမှမဖြစ်ဘူး. ."

"ဟဲ့!. . နင်. . မဟုတ်ဘူးနော်"

"မဖြစ်ပါဘူးဆိုဟာ. . ရတယ်. ."

"ကဲ. . ရတယ်ဆိုလည်းပြီးရော၊ ဒီနေ့တော့ မင်းတို့နှစ် ယောက် အပြင်မထွက်သင့်တာအမှန်ပဲ၊ အဲ့ဒီမှာ ကော်ဖီမစ်ထုပ် တွေရှိတယ်၊ နို့ဆီဗူးရှိတယ်. . ရေနွေးလည်းရှိတယ်၊ ခေါက်ဆွဲ ခြောက်ထုပ်၊ ကြက်ဥနဲ့ ပေါင်မုန့်တွေလည်းရှိတယ်၊ ညစာအ တွက် အဲ့ဒါမစားချင်ရင် ထမင်းမှာပေးမယ်. ."

"ရပြီ. . ကိုဘိတ်၊ ဒီလောက်ဆိုလုံလောက်ပြီ၊ ကျွန်မ အခန်းမှာတော့ ဘာမှမရှိဘူးနော်. ."

"ရတယ်. . ငါ့ဘာသာဆင်းပြီးစားမယ်. ."

ပြောပြီး ကျွန်တော့်ကွန်ပျူတာလေး ကောက်ယူကာ. . အခန်းထဲကထွက်လာခဲ့တယ်။ ကျွန်တော် ဒီဘက်ခန်းမရောက် ခင်ဘဲ ဂျိုဂျိုး အခန်းတံခါးကို ပြန်ပိတ်ပြီးပါပြီ။

အင်း. . စိတ်ရှုပ်လို့ လမ်းဘေးထွက်ထိုင်ကာမှ ကိုဒီ့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ အမှိုက်သိမ်းကားမှောက်တာနဲ့ကြုံတယ်ဆိုတာ ဒါမျိုးလား ကမ်းပါးနဲ့သပွတ်အူကတော့ ရိုးနေပြီထင်တာပဲ. .။

၅.၅.၅.၅.

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မပျင်းရတာတစ်ခုနဲ့တင် ကျွန်တော် ကျေနပ်ပါတယ်။ အဲ့ဒါကြောင့်လည်း. . လူဆိုတာ တစ်ယောက်တည်း နေတတ်တဲ့ သတ္တဝါမဟုတ်ဘူးလို့ ရှေးကဝိတွေက ဆိုကြတာပါ။ ပြီးတော့ သံယောဇဉ်တွေဖြစ်လွယ်တဲ့ သတ္တဝါတွေထဲမှာလည်း လူက ထိပ်ဆုံးကလို့လည်း ဆိုသဗျ။

ခုပဲကြည့်. . ကျွန်တော်နာရီကြည့်တော့ (၁၀)နာရီထိုးပြီမို့လို့ ကော်ဖီဆိုင်ကထပြီးပြန်မယ်ဆိုမှ ကော်ဖီမသောက်ရရင် မအိပ်တတ်တဲ့ ကောင်မလေးတွေအတွက်ပါ. . ဝယ်ပြီးပြန်ရင် ကောင်းမလားလို့ တွေးမိတယ်လေ။

သံယောဇဉ်ဗျ. . ကြောက်စရာပဲ။ ဟိုတစ်ယောက်ဒီမှာ တွက်တော့ ကော်ဖီဆိုင်မဝင်ခင်ကတည်းက ဆေးဆိုင်ဝင်ပြီး ဘိုင် အိုဂျက်ဆစ်နဲ့ ဗိုင်ဂျင်း တစ်ခွက်စာလောက်ဝယ်ထားပြီးပြီ။ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဝါးကတော့ ဒီထက်ပိုပြီး စေတနာမကောင်းသင့်တာ အမှန်ပဲ။ အန္တရာယ်ရှိတယ်ဗျ။ ဆရာဝန်ညွှန်ကြားချက်မပါဘဲ ကိုယ့်သဘောနဲ့ကိုယ် လုပ်တာဆိုတော့လေ။

အဲ့ဒါနဲ့ပဲ ကော်ဖီပါဆယ်ဝယ်ပြီး ပြန်တက်လာခဲ့တယ်။ ကျွန်တော့်အခန်းဝရောက်တော့ အခန်းဝမှာ ဂျိုဂျိုး။

"ရှင်. . ဘယ်သွားနေတာလဲ၊ ဒီမှာတော့ ဒုက္ခများနေပြီ"

"ဟေ!. . ဘာဖြစ်လို့လဲ. ."

"ဟာ. . အဖျားတွေတစ်အားတက်ပြီး သတိလစ်ချင်သလိုတောင်ဖြစ်နေပြီ. ."

"ဟောဗျာ. . ကဲ. . ရော့ ဒီမှာ ဆေးနဲ့ကော်ဖီ"

ဂျိုဂျိုးလှမ်းယူပြီး. .

"ဒါလောက်နဲ့ အဆင်မပြေဘူးထင်တယ်"

"ဒါဆို ဆေးခန်းသွားကြမလား၊ ညလုံးပေါက်ဖွင့်တဲ့ အထူးကုဆေးခန်းတွေရှိတာပဲ. ."

"ကောင်းတယ်. . သူ့ကိုမေးမနေနဲ့၊ ဇွတ်ခေါ်ထုတ်မှပဲဖြစ်တော့မယ်. ."

သူမတို့နှစ်ယောက် ကျွန်တော့်အခန်းမှာပဲအိပ်ကြတာပါ။ ဂျော်ကြီးအခန်းမှာ မွေ့ယာနဲ့ကုတင်ပေါ်ကို မအိပ်ကြလို့ နောက်မှမေးကြည့်တော့ သေးစော်နံတယ်လို့ ဂျိုဂျိုးကပြောပါတယ်။ လောလောဆယ် ကျွန်တော်နဲ့ဂျိုဂျိုး ကြယ်စင့်ဘေးကို ရောက်သွားတယ်။

"မိကြယ်. . မိကြယ်. ."



www.burmeseclassic.com

www.burmeseclassic.com

“ဟင်. . အင်း. . ဟင့်. .”

“ကြယ်စင်. .”

“မိကြယ်. . မိကြယ်. . ကိုဘိတ် လုပ်ပါဦး. .”

ကျွန်တော် ဘာမှပြောမနေတော့ဘဲ ကြယ်စင့်ကို ပွေ့ချီလိုက်ပါတော့တယ်။

“အခန်းတံခါးပိတ်ပြီးလိုက်ခဲ့တော့. . ငါ ဆင်းနှင့်မယ်”

“ဟုတ်. . ဟုတ်. .”

မြေညီထပ်ရောက်တော့ တက္ကစီတစ်စီးတားပြီး နီးရာအထူးကုဆေးရုံကို မောင်းပို့ခိုင်းတယ်။ ကားနောက်ခန်းထဲ ကြယ်စင့်ကို ဘေးကနေထိန်းပွေ့လာလို့ ဂျိုဂျိုးရှေ့ခန်းကနေ လှည့်လှည့်ကြည့်ပါတယ်။

အမှန်အတိုင်းပြောတာပါ လက်ရှိအခြေအနေမျိုးမှာ သူ့ထက်ပိုလှတဲ့ ကောင်မလေးတစ်ယောက်ကို ပွေ့ထားရလည်း ရင်မခုန်နိုင်ပါဘူး။ ကိုယ်ပူရှိန်ပြင်းပြင်းနဲ့ အနံ့တစ်မျိုးရှိနေတဲ့ သူမကိုယ်နံ့ကြောင့် ကျွန်တော် ပျို့ချင်အန်ချင်စိတ်ကို မနည်းကြီးမြိုချပြီး လိုက်လာရတာပါ။ မှန်တာပြောရရင် ဂွတ်တာလေးနဲ့ပဲ ညားရပါစေရဲ့ တစ်ကယ်ပါ။

ကြယ်စင့်ကို SSC ဆေးရုံအထူးကြပ်မတ်ကုသဆောင်ထဲ ရောက်အောင်ပို့ပြီးမှပဲ ကျွန်တော်လည်း အသက်ဝဝရှူနိုင်ပါတယ်။

ည(၂)နာရီကျော်မှ အဖျားကျသွားပြီလို့ တာဝန်ကျဆရာမလေး လာပြောမှပဲ ကျွန်တော်ရော ဂျိုဂျိုးပါ လူနာဆောင့်ထိုင်ခုံ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖင်မြဲမြဲထိုင်နိုင်ကြပါတော့တယ်။ မိုးလင်းတဲ့အထိ ဆက်စောင့်ရတော့မှာမို့လို့ ကျွန်တော်တို့နှစ်ယောက် ထိုင်ခုံမှာပဲ ငုတ်တုတ်မှေးလိုက်ကြပါတယ်။

မိုးလင်းပိုင်း ကျွန်တော်တစ်ရေးနိုးလာတော့ ဂျိုဂျိုး ကျွန်တော့်ပုခုံးကိုမှီပြီး အိပ်ပျော်နေတာလေ။ အဲ့ဒါနဲ့ ကျွန်တော်လည်း သူ့ဖြောင့်ဖြောင့်တန်းတန်းအိပ်နိုင်အောင် လွှတ်နေတဲ့လက် တစ်ဖက်နဲ့ သူမပုခုံးလေးကို အသာမှေးထိန်းပေးလိုက်ပါတယ်။

ခဏကြာတော့ သူမလည်းနိုးလာပါတယ်။ ကျွန်တော့်လက်မောင်းမှာ သွားရည်တွေရွှဲနေတာလည်း အခုမှသိရပါတယ်။

“အားနာလိုက်တာ. . . ကျွန်မ အရမ်းအိပ်ပျော်သွားတယ်”

“ရပါတယ်. . လျှော်လိုက်ရင် ပြောင်သွားတာပဲ၊ ဒါနဲ့ မင်းဗိုက်မဆာဘူးလား”

“ညကတည်းက ဘာမှမစားရသေးတာ. . .”

“ဟာ. . မင်း စောစောကပြောပါလားကွာ၊ အစာအိမ်ထိခိုက်တာမျိုးဖြစ်ရင် မကောင်းဘူးကွ. .”

အဲ့ဒါနဲ့ပဲ ကျွန်တော်တို့ လူနာခန်းထဲ တစ်ချက်ချောင်းကြည့်ကြတယ်။

အထဲက တာဝန်ကျဆရာမလေး ထွက်လာပြီး. .

“စိတ်မပူပါနဲ့ ရှင်တို့လူနာ သက်သာနေပါပြီ”

“ဟုတ်ကဲ့ဗျာ. . ကျွန်တော်တို့ အပြင်ခဏသွားချင်လို့”



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်. . သွားလေ၊ ကျွန်မရှိနေမှာပဲ. ."

ဆေးရုံရှေ့မှာ စားသောက်ဆိုင်တွေကတော့ အတော့်ကို စုံစုံလုံလုံရှိတာပါ။ သူတို့လည်း (၂၄)နာရီဖွင့်ရောင်းတယ် ထင်ပါရဲ့။ နည်းနည်းလည်းအေးနေလို့ နွေးနွေးထွေးထွေးရှိမယ့်ဆိုင်လေး ရွေးပြီးဝင်ထိုင်ကြတယ်။ ကြက်ဆီထမင်းနဲ့ ကော်ဖီမှာပြီး နှစ်ယောက်သား စကားမပြောနိုင်သေးဘဲ ဗိုက်ပြည့်အောင်အရင်ဖြည့်ကြတယ်။ ပြီးမှ ကော်ဖီသောက်ရင်း ကျွန်တော်ကစပြီး မေးပါတယ်။

"ကားပေါ်မှာ. . မင်းငါ့ကို ခဏခဏလှည့်ကြည့်တယ်လေ၊ ဘာလို့လဲ. . မင်းသူငယ်ချင်းအတွက် စိတ်မချလို့လား. ."

"ဟင့်အင်း. . ရှင့်မျက်နှာကိုဖတ်ကြည့်တာ. ."

"ဟော. . ဘာတွေ့လဲ. ."

"မတွေ့ပါဘူး. . ဒါပေမယ့် ရှင့်စိတ်ထဲမှာ ဒါ ငါလက်ထပ်ရမယ့်မိန်းကလေးများ ဖြစ်နေမလားလို့ တွေးချင်တွေးနေမှာပေါ့. . ဟုတ်တယ်မဟုတ်လား. ."

"နိုးကွာ. . . ဒီလောက် ပူလောင်ခြစ်တောက်နေတဲ့ဟာကြီး ပွေ့ထားရတာ ဘာဖီလင်မှမလာဘူး၊ အေး. . တစ်ခုတော့ တွေးမိတယ်၊ ဆောရီး. . စိတ်ထဲကပြောမိတာ. . သောက်ကြီးသောက်ကျယ်ကောင်မ. . ဟင်. . ခုတော့ဘာတတ်နိုင်သေးလဲလို့. ."

"အခိခိခိ. . ရှင်ဟာလေ. . တစ်ကယ်ပဲသိလား"

"ဟုတ်တယ်လေကွာ. . ညဦးကတည်းက ကြီးကြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်တွေမလုပ်ရင် ဒီလောက်ဒုက္ခရောက်မှာ မဟုတ်ဘူး၊ ဖျား တယ်ဆိုပြီး လျှော့မတွက်နဲ့ အပူတအားများလို့ သတိလစ်သွား ရင် နှလုံးလှုပ်ရှားမှုမမှန်တော့ဘူး၊ ဆောက်ဆီဂျင်ပေးထားပေ မယ့် ဦးနှောက်သွေးကြောမျှင်လေးတွေထဲ အောက်ဆီဂျင် အ ရောက်နည်းသွားရင် ဆွံ့အတာတို့ အတိတ်မေ့တာတို့ ဖြစ်သွား နိုင်တယ်၊ သေသွားရင်တောင် လုံလောက်တဲ့ဖိစီးမှုပဲ. . ."

"ဟုတ်လား. ."

"ငါလည်းသေချာတော့မသိဘူး စာထဲဖတ်ဖူးတာပြော တာ"

"ဟင်း. . သူပဲသိသလိုလိုနဲ့. ."

"ငါ. . ဆရာဝန်မဟုတ်ဘူးလေ၊ စာထဲဖတ်ဖူးတာလို့ ပြောပါပြီကော. ."

"အဲ့ဒါထား. . ကြယ်စင့်ကိစ္စ ဘယ်လိုလုပ်ကြမလဲ၊ သူ့ အိမ်ကို အကြောင်းကြားရင်ကောင်းမလား. . ."

"အဲ့ဒါတော့ ငါလည်းမဆုံးဖြတ်တတ်ဘူး. .၊ စေတနာ ဆိုတာ ဝေဒနာနဲ့ အသံတူတော့ တစ်ခါတရံ ရလဒ်သိပ်မကောင်း ချင်ဘူး. ."

"ကျွန်မ စဉ်းစားကြည့်တာတော့ အကြောင်းကြားတာ ကောင်းလိမ်မယ်၊ သူ့မိဘတွေလည်း သူတို့ကြောင့် ဒီလိုဖြစ်ရ တာဆိုပြီး မဂ်လာကိစ္စ ပြန်စဉ်းစားရင်စဉ်းစားလိမ့်မယ်. ."

ကျွန်တော်တွေးကြည့်တော့လည်း ဟုတ်သလိုလိုရှိလို့. .

"အေးလေ. . အဆင်ပြေရင်တော့ကောင်းပါတယ်၊ မပြေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်. . မင်းတို့သူငယ်ချင်းသံယောဇဉ်တွေ ပြတ်ကုန်လိမ့်မယ်”

“မတတ်နိုင်ဘူး ကိုဘိတ်ရာ၊ ကျွန်မတွေးကြည့်တာတော့ အဆင်ပြေမယ်ထင်တာပဲ၊ ဘာကြောင့်လဲဆိုတော့ ရှင်တို့နှစ်ယောက်က အဖြစ်ချင်းတူနေတယ်. . တစ်ကယ်လက်ထပ်ရမယ့်သူတွေလို့ လည်းထင်မိတယ်၊ ရှင်နဲ့သာဆို ကြယ်စင် သိပ်ကြာကြာမငြင်းနိုင်ပါဘူး. . .”

သူမ စကားသံတွေက ဆုံးရှုံးမှုတစ်ခုခုကို မြိုသိပ်ပြီး နှစ်သိမ့်ပေးနေရသလိုမျိုး တိုးတိမ်သိမ်ငယ်လွန်းတယ်လို့ ကျွန်တော်တွေးမိတုန်း. . လက်ခနဲမြင်လိုက်ရတဲ့ မျက်ရည်တစ်စကို သူမအချိန်မီ ဖျောက်ဖျက်လိုက်တာကြောင့် ကျွန်တော့်စိတ်တွေတောင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကုန်တယ်။

ဒါပေမယ့် သူမက ပြုံးစစနဲ့. . .

“ရှင်ကော. . ရှင်လက်ထပ်ရမယ့်သူက ကြယ်စင်ဆိုရင် ခုလိုမျိုး ရှောင်နေဦးမှာလားဟင်. .”

ကျွန်တော် အသက်ရှူကြပ်သွားတယ်။ ဘာပြောမလဲလို့ ငံ့လင့်ပြီးကြည့်နေတဲ့ ဂျိုဂျိုးရဲ့အကြည့်မျက်လုံးတွေကိုလည်း မှင်တက် မိသလိုငေးကြည့်နေမိတယ်။ တစ်မိနစ်လောက်မကဘူး ထင်တာပဲ။

အဲ့ဒီတစ်မိနစ်စာလေးမှာပဲ ကျွန်တော်နားလည်လိုက်တယ်။ ကျွန်တော့်စိတ်အလိုဆန္ဒကို နားလည်လိုက်တယ်။

“အိုး!. . .”

ကျွန်တော် သူမ လက်ဖဝါးလေးကို လှမ်းအုပ်ကိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လို့ လန့်ပြီးရှန်းတာပါ။ ဒါပေမယ့်. . လွတ်ထွက်မသွားပါဘူး။ ကျွန်တော့်ရဲ့လက်ဖဝါးနွေးနွေးအောက်မှာ အေးစက်နေတဲ့ သူမ လက်ဖဝါးနုနုကို အမိအရပဲ ဆုပ်ကိုင်ထားနိုင်ခဲ့ပါတယ်။

"ရွေးကြစတမ်းဆို ငါ မင်းကိုပဲရွေးမယ်၊ ချစ်ရမယ်ဆိုလည်း မင်းကိုပဲချစ်မယ်၊ ကျေးဇူးပြုပြီး ငါ့ပေါင်ကို ဓါးနဲ့မလှီးပါနဲ့၊ ငါတကယ်ချစ်သွားတာပါ၊ မင်းမှာ ဖြူစင်ပွင့်လင်းတဲ့စိတ်ကလေး ရှိတယ်၊ တရားမျှတစွာ ခံစားတတ်တဲ့ နှလုံးသားလေးရှိတယ်၊

မင်းက. . ကြယ်စင်လောက်မလှပေမယ့် ငါမြတ်နိုးတဲ့ စိတ်နှလုံးမျိုးက မင်းမှာပဲရှိနေတယ်. . ၊ ငါ မင်းကိုချစ်မက်မူးစွာနဲ့ လက်ထပ်ချင်ပါတယ် ဂျိုဂျိုး၊ ငါ့ကိုခွင့်ပြုပါ. . လက်ခံပေးပါ. . "

ကျွန်တော် တကယ်ဖီလင်အပြည့်နဲ့ ပြောလိုက်တဲ့စကားတွေကို ကျွန်တော့်ဘာသာတောင် အံ့သြမိပါတယ်။ အိပ်မက်ထဲ လမ်းလျှောက်သလိုထိုင်နေတဲ့ ကျွန်တော့်ကိုယ်ကြီး တအိအိနဲ့ ပေါလောပေါ်ချင်သလိုကြီး ဖြစ်နေတာပါ။

တစ်သက်နဲ့တစ်ကိုယ် မိန်းမတစ်ယောက်ကို ချစ်စကားဆိုမိတာ ဒါပထမဆုံးပဲ။ ထွက်လာတဲ့တော်ကီတွေကလည်း. . လုံးဝလန်းတယ်။ ကောင်မလေးဆိုတာ. . ငြိမ်ပြီး တဆတ်ဆတ်တုန်နေတဲ့လက်ကို မရုန်းရက်တော့တဲ့အထိပဲ. . အဟတ်ဟတ် ငါကွ. . ။

"ရှင်. . လူဆိုးပဲ. . "

"ဟမ်!. . "

"ကျွန်မကို ကော်ဖီတိုက်ပြီး ရည်းစားစကားပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သိပ်လွန်တာပဲ. . ”

“ဟာကွာ. . ”

ကျွန်တော် သူမလက်ကိုလွှတ်ပေးပြီး ကိုယ့်နဖူးကိုယ် ရိုက်မိတဲ့အထိ စိတ်ညစ်သွားတယ်။

“ကဲ. . ရှင်းလိုက်တော့၊ ကြယ်စင်အတွက် တစ်ခုခုသယ်သွားရင်ကောင်းမယ်. . ”

“အင်း. . အေးလေ. . ဘာဝယ်မလဲ. . ”

“စွပ်ပြုတ်လေးတစ်ခုခုပေ့ါ. . ”

မေးကြည့်တော့ ကြက်စွပ်ရတယ်ဆိုလို့ ဒီမှာပဲတစ်ခါတည်းဝယ်ပြီး ဆေးရုံပေါ်ပြန်တက်လာကြတယ်။

“ငါပြောတာ မမေ့ရဘူးနော် ဂျိုဂျိုး. . ”

“ဟာ. . ရှက်တယ်ဗျာ. . မပြောနဲ့တော့. . ”



အောင်မြင်စာပေ

www.burmeseclassic.com

ရင်ဘတ်ကြီးပူနွေးလာတယ်

နှလုံးသားမှာ အောက်စီဂျင်လိုအပ်တယ်...၊

အရှုံးများစွာရဲ့ "$CO_2$" က

ဒီလူကို ရူးစေတယ်...၊

သေချာအောင်..

အချစ်မှာ...

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု လုပ်ကြစို့လားကွယ်...။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

ကြယ်စင် အဖျားကျသွားပေမယ့် စိတ်ချနိုင်လောက်တဲ့ အခြေအနေမျိုး မဟုတ်တဲ့အပြင် အားနည်းနေတယ်လို့ ဆရာဝန် မှတ်ချက်ပြုတဲ့အတွက် ဆေးရုံဆင်းခွင့် မရသေးပါဘူး။ အဲ့ဒါကြောင့် ကျွန်တော်တို့နှစ်ယောက် တစ်လှည့်စီ အခန်းပြန်ရေမိုးချိုးပြီး အနားယူကြဖို့ ကျွန်တော်အကြံပြုတော့ ဂျိုဂျိုးက. . .

"ရှင်ပြန်နားလေ. . ကျွန်မ ဒီမှာပဲ ရေမိုးချိုးပြီးဆက်စောင့်ပေးပါ့မယ်. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မင်းအဝတ်လဲဖို့ လိုသေးတယ်လေ"

"ရတယ်. . ညနေ ရှင်ပြန်လာမှပဲ အဝတ်လဲဖို့ ကျွန်မ ခဏပြန်မယ်. . "

"အိုခေ. . "

ကျွန်တော် အခန်းပြန်ရောက်တော့ ဂျော်ကြီးနဲ့ သူ့ ကောင်မလေးကို အခန်းရှေ့မှာ ငုတ်တုတ်တွေ့ရပါတော့တယ်။

"ဘယ်တွေလိမ့်နေတာလဲ ဘိတ်သိတ်ရာ၊ ငါတို့ရောက် နေတာ ကြာနေပြီ. . "

"ကြယ်စင် ဆေးရုံတင်ရလို့ကွ၊ ဂျိုဂျိုးတောင် ဟိုမှာကျန်ခဲ့ တယ်. . "

"ဟော်!. . အခုရော. . "

"သက်သာပါတယ်. . မင်းရော အဆင်ပြေရဲ့လား"

"ပြေပါတယ်. . အိမ်ကိုလည်း အကြောင်းကြားလိုက်ပြီ၊ အဖေတို့က သူတို့ဘာသာ ကြည့်စီစဉ်မှာမို့လို့ လောလောဆယ် အခန်းမှာပြန်နှပ်ရင်း စောင့်မှာလေကွာ. . ၊ ဘယ့်နှယ့်လဲ ငါ့မဒီ လေး မိုက်တယ်မဟုတ်လား. . "

ကျွန်တော်လှမ်းကြည့်ပြီး အသိအမှတ်ပြုပေးလိုက်ပေမယ့် ကျွန်တော့်အကြိုက်ပုံစံတော့ မဟုတ်ပါဘူး။ ခြသေ့်ခေါင်းနဲ့ တူတဲ့ ဂျော်ကြီးကိုကြိုက်တဲ့ ကောင်မလေးကလည်း ကြောင်မ လေးတစ်ကောင်ရဲ့ မျက်နှာမျိုးနဲ့ဆိုတော့ကာ. . အဆင်ပြေပါ တယ်။ ဒီခေတ်မျက်လုံးမျိုးနဲ့ပဲ ကြည့်မှဖြစ်မှာ။ အော်ဘာတွေ လေ. . . ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက်. . ကျွန်တော် တစ်ရေးတစ်မှေးလောက်နား ဖို့ စိတ်ကူးကိုဖျောက်ပြီး ရေမိုးချိုးအဝတ်လဲပြီး ပြန်ထွက်မယ်လုပ် တော့ ဂျိုဂျိုးရောက်လာတယ်။

“ဟင်. . မင်းပြောတော့ ငါပြန်လာမှဆို. . ”

“ရှင့်ကို မထားခဲ့ချင်လို့ပေါ့. . ”

ဒီစကားကို ကျောခိုင်းပြီးပြောရင်း အခန်းကိုဖွင့်နေတဲ့ ဂျိုဂျိုးကို ဘာအဓိပ္ပါယ်နဲ့ ပြောတာလဲလို့ အတော်စဉ်းစားယူပြီးမှ ရင်ထဲ ဒိန်းခနဲမြည်သွားတယ်။

လှမ်းကြည့်တော့ ဂျိုဂျိုး သူမအခန်းထဲ ရောက်သွားပါပြီ။

ကျွန်တော် ဝမ်းသာအားရ လိုက်ဝင်တော့. .

“ဘာလုပ်တာလဲ. . ဒီမှာ ရေချိုးမလို့ဟာကို. . ”

“ဒုက္ခပဲကွာ. . ဟိုဘက်ခန်းမှာလည်း ဂျော်ကြီးတို့လင်မ ယား ပြန်ရောက်နေပြီ. . ”

“ဟုတ်လား. . သူ့ကောင်မလေး ချောလား”

“မင်းကိုတော့ ဘယ်မီမလဲကွ. . ”

“အပိုတွေ. . ကဲ. . ရှင် အဲ့ဒီဆက်တီမှာပဲထိုင်နော်၊ လှုပ် ရင်တော့ အမြုပ်ပဲ. . ”

“အာ. . အေးပါ. . ထိုင်မှာပါ၊ ဒါပေမယ့် မင်း ငါ့ကိုပြော သွားဦး. . ဘာလို့မထားခဲ့ချင်တာလဲ. . ”

“ကြယ်စင်လေ. . ရှင့်ရဲ့မဟာကရုဏာတော်ကြီးကို နား လည်နေပြီ. . နေကောင်းမှတောင်းပန်မယ်တဲ့၊ အဲ့ဒါကြောင့် အ မြင်ကပ်လို့. . ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ. . မနာလိုတာပါ. ."

"ရှင်နော်. ."

"ဝန်ခံစမ်းပါ. ."

"ကဲ. . ကဲ. ."

"ဟာ. . ဟော့. . ကဲကွာ. ."

"အား. . ဘာလုပ်တာလဲ. . လွှတ်ပါ. ."

"မင်းစိတ်ချစမ်းပါ. . ငါ မင်းကိုပဲချစ်တယ်. ."

သူမ ငြိမ်သွားတယ်။ ကျွန်တော်လည်း အူတွေပါ တုန်လာပြီး အားပါးတရ ဖက်ထားလိုက်တယ်။ မွှေးနေတာပဲ. . အား. . ကောင်းမှကောင်း၊ ဆေးရုံနဲ့ နည်းနည်းရတာကလွဲရင် အတော့်ကို ရင်သန့်တဲ့ ရနံ့မျိုးပါ။

"ကျွန်မဆီက ဘာမှမပြောခင် တစ်ခုတော့ပြောချင်တယ်"

"အင်း. . ပြောလေ. ."

"ရှင်နဲ့ကြယ်စင်ဟာ ကျွန်မ ထင်တဲ့အတိုင်း အိမ်ကပေးစားမယ့်နှစ်ယောက် တကယ်ဖြစ်ခဲ့ရင် ကျွန်မ အရမ်းခံစားသွားရလိမ့်မယ်၊ အဲ့ဒါကြောင့် ဘာဆိုတာမသေချာဘဲနဲ့ ကျွန်မအဖြေကို မတောင်းဆိုပါနဲ့. . ၊

ကျွန်မ သူ့အိမ်ကိုအကြောင်းကြားလိုက်ပြီ၊ သိပ်မကြာခင် သူ့မိဘတွေ ဆေးရုံကိုရောက်လာကြလိမ့်မယ်၊ ကျွန်မ ရေမိုးချိုးပြီးရင် ရှင်နဲ့အတူတူ ဆေးရုံကိုပြန်သွားကြမယ်၊ တကယ်လို့ မြင်ရင် သူ့မိဘတွေကတော့ ရှင့်ကိုသိမှာပဲလေ. . ၊



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါမှ မသိဘူး၊ မဟုတ်ဘူးဆိုရင် ဒီနေ့ပဲ ကျွန်မအဖြေပေးမှာပါ။ တစ်ကယ်ဟုတ်တယ်. . သိတယ်ဆိုရင်. . ကျွန်မကို လုံးဝလှည့်မကြည့်ပါနဲ့. . တစ်သက်လုံးကျောခိုင်းနိုင်အောင် ကြိုးစားပေးပါ”

“ငါတော့ယုံကြည်တယ်. . ဂျိုဂျိုး၊ ငါ မိန်းမတွေကို စိတ်ဝင်စားတယ်ဆိုရင် မင်းက ပထမဆုံးပဲ. . ၊ ချစ်တယ်လို့ ဒီပါးစပ်က ပြောမိတာလည်း မင်းကိုပထမဆုံးပဲ၊ သေချာတယ်လေ. . မင်းကသာ ငါ့ရဲ့ထာဝရချစ်သူပဲ၊ ကဲ. . သွား. . ရေချိုးပြီး အလှဆုံးပြင်ခဲ့. . ”

ကျွန်တော် ဖြေလျော့ပေးလိုက်ပေမယ့် သူမ ထွက်မသွားသေးဘဲ ကျွန်တော့်ကို အကြာကြီးငေးစိုက်ကြည့်နေတယ်။

ဒီတစ်ခါလည်း မျက်နှာကိုဖတ်ကြည့်တာပဲလား ဂျိုဂျိုး။

ဖတ်မနေနဲ့. . . ငါ့ တစ်ကိုယ်လုံးမှာ မင်းမှမင်းပဲဆိုတဲ့ နှလုံးသွေးတွေ ပျံ့နှံ့နေပြီကွ. . လို့ ကျွန်တော်တွေးနေတုန်း သူမ လှည့်ထွက်သွားပါတယ်။

ကျွန်တော်တို့ ဆေးရုံကိုပြန်ရောက်တော့ နေ့လယ်တစ်နာရီ ထိုးနေပါပြီ။ မနက်က ကြက်ဆီထမင်းနဲ့တင် ရင်ပြည့်နေတာလား၊ ဒီနေ့အဖြေရပြီဆိုတဲ့ စိတ်ကြောင့်ပဲ ရင်ကယ်နေတာလားဆိုတာ မသေချာပေမယ့် နေ့လယ်စာစားဖို့ လုံးဝကို သတိမရတာပါ။

ကျွန်တော်တို့နှစ်ယောက် အခန်းထဲဝင်လိုက်တယ်ဆိုရင်ပဲ အဖေ့လုပ်ငန်းမိတ်ဆွေ ဦးမြတ်ကျော်ကိုတွေ့ရပါတယ်. . ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ ကြယ်စင့်ကုတင်ဘေးကနေ လှည့်ကြည့်လိုက်တဲ့ သူမမိခင်ဖြစ်ပုံရတဲ့ အမျိုးသမီးကြီးတစ်ဦးကို တွေ့ရပါတော့တယ်။

"ဟင်! . . မောင်စည်သူ . . အမလေးတော် တိုက်တိုက်ဆိုင်ဆိုင် . . ငါ့နှယ် . . ကိုမြတ်ကျော်ရေ အဲ့ဒီကောင်ကို ဆွဲထားစမ်း . . ."

ဦးမြတ်ကျော်ကလည်း တစ်ကယ်ကိုဆွဲတော့တာပါ။

ဒေါ်တင်တင်ကြီးက ချက်ချင်းပဲဖုန်းဆက်ပြီး . .

"ကြည်ပြာရေ . SSC ကို နင်အမြန်လာစမ်း၊ ဒီမှာ နင့်သားကို ငါတို့မိထားပြီ . ."

". . . . . . . . . . ."

"အေး . . အေး . . မြန်မြန်နော် . ."

ဒေါ်တင်တင်ကြီး ဖုန်းပိတ်ပြီးတာနဲ့ ကျွန်တော့်ဆီရောက်လာပါတော့တယ်။

"မင်းကွယ် . . ငါတို့လင်မယား အခုပဲ မင်းတို့အိမ်ကပြန်လာတာ . . မင်းအဖေလည်း မင်းကြောင့် အလုပ်တွေပျက်လှပြီ၊ ကြည်ပြာလည်း တစ်ငိုငိုတစ်ရယ်ရယ်နဲ့ မိဘတွေက ကောင်းစေချင်လို့ စီစဥ်တာ ဒီလိုလုပ်သင့်သလား၊ ကြယ်စင်လည်း အတူတူပဲ မင်းတို့နှစ်ယောက်စလုံး မိဘတွေကို ဒုက္ခပေးတဲ့ဟာတွေ . ."

ကျွန်တော် ငြိမ်ကုတ်နားထောင်နေရင်းက မွန်းကြပ်အောင့်သက်လာလွန်းလို့ မျက်လုံးအစုံကိုပါ မှိတ်ထားပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားပြီပေါ့. . ဂျိုဂျိုးရဲ့အတွေးအတွက်တွေ မှန်ပြီပေါ့။

ဒါဆို တစ်သက်လုံး ကျောခိုင်းရတော့မှာပေါ့။ ရင်ဘတ်တစ်ခုလုံး ကော့နေအောင် တင်းခံထားကြည့်ပေမယ့် နေလို့မရတဲ့စိတ်၊ မယုံကြည်နိုင်တဲ့ ခံစားမှုတွေနဲ့ ဂျိုဂျိုး ကြိုတင်တောင်းဆိုထားတဲ့ကြားက ကျွန်တော် ချာခနဲ လှည့်ကြည့်မိတယ်. . .။

သူမ မရှိတော့ပါဘူး. .၊

"ဂျိုဂျိုး. . . ဂျိုဂျိုး၊ ဟာ. . လွှတ်. . လွှတ်ပါ အန်ကယ်ရဲ့"

"မလွှတ်ဘူးကွ. . . တင်တင်ရေ လာစမ်းပါ၊ ငါတစ်ယောက်တည်း မရဘူး. ."

ဒေါ်တင်တင်ကြီးပြေးလာပြီး အဝင်ဝအခန်းတံခါးကို ပြေးပိတ်ဂျက်ချထားလိုက်ပါတော့တယ်။

ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်တဲ့ တံခါးချပ်ရဲ့ အတွင်းထဲမှာ တိုဘိတ်တစ်ယောက် ဘယ်လိုရှုးသွပ်မှု မျိုးနဲ့ကျန်ခဲ့မလဲလို့ သူမနာကျင်စွာတွေးပြီးမှ နာကျည်းစွာ အတွေးပြောင်းပစ်တယ်။

"မဟုတ်ဘူး အဲ့ဒီထဲမှာ ကျန်ခဲ့တာ ငါ့ရဲ့ကံဆိုးခြင်းတွေ၊ အကုသိုလ်တွေ၊ မွန်းကြပ်မှုတွေ၊ ဒါဏ်ရာအနာတရတွေ၊ ငါ့ရင်ကို ခွဲပစ်နိုင်တဲ့ ဓါးအစင်းစင်းတွေ၊ ဟုတ်တယ် အဲ့ဒီအတိုင်း ပိတ်လှောင် ကျန်ရစ်ခဲ့တာပဲ ကောင်းတယ်"

"ဟော့!. . . ကလေးမလေး၊ ညည်းက ကိုအေးကျော်ရဲ့ သမီးလေး မဟုတ်လား"

"ရှင်!"



www.burmeseclassic.com

www.burmeseclassic.com



ကော်ရစ်တာတစ်လျှောက် အရှူးတစ်ယောက်လို ပြေးလာရင်းက သူမရှေ့ကနေ ပိတ်ကာရပ်ပြီး မေးသံကြောင့် သူမ မျက်ရည်တွေကြား ဝိုးတဝါးပုံရိပ်တွေကို ကြိုးစားရှာဖွေပြီး ကြည့်လိုက်တယ်။ သူမဖခင်နဲ့ သက်တူရွယ်တူတွေပဲ ဖြစ်လောက်တဲ့ ဦးလေးကြီးတစ်ယောက်နဲ့ အဒေါ်ကြီးတစ်ယောက်ဆိုတာပဲ သိပြီး ဘာမှမသိတဲ့အတွက် သူတို့နှစ်ယောက်ကြားကပဲ ဖြတ်ထွက်ပြီး ဆက်ပြေးလာခဲ့တယ်။

ကျွန်မတို့ တစ်ကယ်ဝေးပြီပေါ့. . ။ အင်းလေ. . ကျွန်မကြိုတွက်ပြီးသားပါ ကြယ်စင်နဲ့ရှင်က အဖြစ်ချင်းလည်းတူ၊ စိတ်ချင်းတောင် တူသလိုလိုပဲ၊ အသွင်တူမှ အိမ်သူဖြစ်တယ်ဆိုတာ ရှင်လည်း ကြားဘူးမှာပဲလေ။

အဟင်းဟင်း. . ဂျိုဂျိုးဆိုတဲ့မိန်းမက ရှင့်လို ယောက်ျားမျိုးနဲ့ ဖူးစာဆုံမယ် ဆိုတာကြီးကတော့ ကိုးဆယ့်ကိုးရာခိုင်နှုန်း အလွဲကြီးလေ၊ ကျွန်မတို့ ဘာများတူနိုင်တာရှိလို့လဲ၊ တော်သေးတာပေါ့၊ ရှင့်ကို ယစ်မူးမိတဲ့စိတ်နဲ့ အဖြေပေးလိုက်မိတော့မလို့။



www.burmeseclassic.com

www.burmeseclassic.com



သူမ အခန်းတံခါးဖွင့်နေတုန်း အောက်ကနေ ဂျော်ကြီး တို့လင်မယား ဒယောသော ပါးပြေးတက်လာပြီး. . .

"ဟာ. . ဂျိုဂျိုး အတော်ပဲ ငါ့ကိုကယ်ပါဦးဟ "

သူမ စိတ်ရှုတ်ပြီး. .

"ဘာလဲဟာ. . . ဘာတွေဖြစ်နေတာလဲ"

"ငါ့ကောင်မလေး. . အိမ်. . အိမ်က. . လိုက်လာလို့ အောက်. . အောက်မှာရောက်နေပြီ"

"အဲ့ဒါ ငါဘာလုပ်ပေးရမှာလဲ"

"ကျွတ်!. . နင်ဟာ ဘော်ဒါအချင်းချင်း"

ဂျိုဂျိုးစိတ်ညစ်သွားသလို ခေါင်းကို စုံကုတ်ဖွပစ်ပြီး သူ့ အခန်းတံခါးကို တွန်းဖွင့်လိုက်တယ်။

"မြန်မြန်ဝင်"



www.burmeseclassic.com

www.burmeseclassic.com



ဂျော်ကြီးတို့ ပြေးဝင်သွားပြီး အခန်းတံခါးပြန်ပိတ်ဖို့ ပြင်ပြီး မှ. . .

"ဟဲ့!. . နင့်အခန်းသော့ ဘယ်မှာလဲ၊ ပေးဦးလေ"

"ဘိတ်သိတ်ဆီမှာလေ"

"ဟာကွာ. . ရှစ်. . "

သူမ ဆဲဆိုပြီး အခန်းတံခါးကို သော့ခတ်ပစ်လိုက်တယ်။ အဲ့ဒီနောက် ဂျော်ကြီးအခန်းရှေ့ လှည့်ရပ်ပြီး တံခါးကို ဆောင့်ကန် ပစ်လိုက်တယ်။ အဲ့ဒီအခိုက်မှာပဲ လှေခါးအတိုင်း လူသုံးယောက် ပြေးတက်လာပြီး. . .

"ဟေ့. . ဟေ့. . ကလေးမ ဒီအပေါ်ကို ကလေးမတို့အ ရွယ် ကောင်လေးနဲ့ကောင်မလေးအတွဲ ပြေးတက်လာတာ မမြင် ဘူးလား"

"မြင်တယ်. . ဟိုးအပေါ်ကို ဆက်တက်သွားတယ်"

"ဟာ. . လိုက်. . လိုက်. . လာဟေ့ မြန်မြန်"

"သွားပါ. . ရှင်သာ ရှေ့က မီအောင်လိုက်စမ်းပါ"

"မင်းက တုံ့နှေးတုံ့နှေး လုပ်နေတာ"

အဲ့ဒီနောက်တော့ ဂျိုဂျိုးပင့်သက်ရှိုက်ပြီး အောက်ပြန် ဆင်းလာခဲ့တယ်။ ကော်ဖီဆိုင်ထဲဝင်ပြီးမှ ဘိတ်သိတ်နဲ့အတူ ထိုင် ခဲ့ဖူးတဲ့ဆိုင်ဖြစ်နေလို့ အရင်တုန်းက ဂျော်ကြီးတို့နဲ့ ထိုင်နေကျ ဆိုင်ကို ပြောင်းထိုင်လိုက်တယ်။

ညက စိတ်ပင်ပန်းမှု၊ အိပ်ပျက်မှုတွေနဲ့ ရင်ထဲက နာကျင် ခံစားမှုတွေရောကာ သူမတစ်ကိုယ်လုံး ဘာခွန်အားမှ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



သလို ခံစားနေရတယ်။

"အစ်မ တစ်ယောက်ထဲလား"

"အေး. . ကော်ဖီ ချထားခဲ့ လျှာမရှည်နဲ့"

စားပွဲထိုးလေးလန့်ပြီး ကော်ဖီပန်းကန်ချထားခဲ့ကာ ပြန်လစ်သွားတယ်။ ကော်ဖီတစ်ငုံလောက်သောက်ပြီး ပုံမှန်ရှိနေတဲ့ အရသာခံမှုအာရုံတွေပါ ပျောက်နေလို့ သူမ ဆက်မထိုင်တော့ပဲ စားပွဲပေါ် ပိုက်ဆံတင်ပြီး ထွက်လာခဲ့တယ်။ အခန်းကိုပြန်ရောက်တော့ သော့ပိတ်ထားခဲ့သော အခန်းနှစ်ခန်းကိုကြည့်ပြီး သူမ စိတ်တွေ အဆုံးအထိ ပေါက်ကွဲချင်လာတယ်။

"ကဲ!. . ."

သိပ်ကြာကြာတွေဝေမနေဘဲ လျှေခါးထောင့်မှာရှိနေတဲ့ အုတ်ခဲကျိုးကို ယူလာပြီး ဂျော်ကြီးအခန်းတံခါးသော့ကို ထုချေ ရိုက်ဖျက်ပါတော့တယ်။

အုပ်ခဲကျိုးလည်း အုပ်ခဲအကြေဘဝ ရောက်သွားပြီး. . သော့လည်းပျက်သွားတယ်။ အဲ့ဒီနောက် အခန်းတံခါးဖွင့်ဝင်ပြီး မြင်မြင်သမျှ အားလုံးကန်ထုတ်၊ ပေါက်ခွဲဖျက်ဆီးပစ်နေတဲ့ သူမရဲ့ ခံစားမှုအရှိန်အဟုန်ကို ခုနေခါ ဘယ်သူမှ တားဆီးလို့ရနိုင်မယ် မထင်ပါဘူး။

ჷ ჷ ჷ ჷ



www.burmeseclassic.com

www.burmeseclassic.com



**အ**ခန်းထဲဝင်လာတာနဲ့ ကျွန်တော့်ဆီ ပြေးဝင်လာတဲ့ အဖေ့ကို ကြယ်စင့်ဖခင်က ကြားဖြတ်ဆွဲတားထားတယ်။

"လွှတ်စမ်းပါ ကိုလှမြင့်၊ ဒီကောင် မိဘကို ခွေးလုပ်သွားတာ"

"အေးပါဗျာ. . ကလေးတွေ မသိလို့မိုက်တာပါ၊ ကျုပ်လည်း အဖေတစ်ယောက်ပါ ခင်ဗျားနဲ့ပုံစံတူ ခံစားနေရတာပဲ ကိုယ်လုပ်လည်း ငုတ်တုတ်ခံမယ့်ကောင်တွေဗျ"

"ခံစမ်း. . သေအောင်ခံ ကျွန်တော် သတ်ပစ်လိုက်ရင် တစ်ခါပဲ စိတ်ဆင်းရဲရမယ်"

"ကဲ. . မကြည်ပြာ ခင်ဗျားသားကို ခေါ်ပြီးထွက်နှင့်ပေတော့ ဒါဆေးရုံဗျ"

"ဟုတ်တယ်. . လာ. . လာ သားလေး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိုက်တင်ခံမနေပဲ အမေ့ဆီ ပြေးသွားတယ်။ အဖေ့လက်သီးစာ နှစ်ခါလောက်မဖူးတော့ ဘယ်လောက် လက်ဆပြင်းတယ်ဆိုတာ ကျွန်တော်သိတယ်။ ပြီးတော့ တံခါးပေါက်လည်း ဖွင့်ထားပြီလေဗျာ။ အဲ့ဒီတော့. . .။

"ဟင်!. . သားလေး"

"ဟော့ကောင်!. . စည်သူ"

"ဟော့ကောင်. . . မင်းရပ်နေဦး ငါပြောနေတာ. . ဟော့ကောင်"

ကျွန်တော် လုံးဝလှည့်မကြည့်တော့ပါဘူး။

ရှိသမျှခွန်အားကို ခြေထောက်ပေါ် မှာစုပုံပြီး ဒီခရီးဘယ်လောက်ဝေးဝေး ပြေးပြီဗျာ။ ကြယ်စင်ဟာ ကျွန်တော့်ကို အဖေတို့စီစဉ်ပေးတဲ့ မိန်းကလေးဆိုတာ သေချာနေတဲ့အတွက် ကျွန်တော် အဝေးဆုံးကိုပြေးနိုင်ခြင်းဟာ ဂျိုဂျိုးဆီ အနီးဆုံး ရောက်ဖို့ပဲ မဟုတ်လား။

SSC ဆေးရုံဝင်းထဲမှာ သားအဖတွေ ပြေးတမ်းလိုက်တမ်း ကစားရင်း ဆေးရုံဝင်းအပြင်ဘက် အလျင်ရောက်လာတဲ့ ကျွန်တော်က အမြန်ဆုံး ကားငှါးနိုင်တဲ့အတွက်. . ယာယီလွတ်မြောက်မှု ပင့်သက်ကလေး ချနိုင်ခဲ့ပါတယ်





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"ဒုန်း!!. . ဒုန်း!!. . "

"ဂျိဂျိုးရေ. . ဟေ့. . ဂျိဂျိုး"

တစ်ဖက်ခန်းကနေ မကြားဝံ့မနာသာ အော်ဟစ်နေဆဲ ဂျော်ကြီးအသံကြောင့် သူမ အိပ်ယာထဲကနေ ကြုံးရုန်းထပြီး ထွက်လာတယ်။

"နင် ဘာဖြစ်နေတာလဲ"

"ဟေ. . ငါတို့ကို ဒီအတိုင်းလှောင်ပိတ်ပြီး ခေတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တော့မှာလား”

“နင်ကအလျှောင်ခံတာလား. . ငါကလျှောင်တာလား”

“အေးပါ ဗိုက်ဆာလို့ပါ”

“ဆာရင် သေလိုက်၊ နင်ဟာလေ နင့်အတွက်ပဲ နင်ကြည့်တဲ့အကောင် ဘယ်သူဘာဖြစ်နေသလဲ နင်မတွေးဘူး”

“ဟေ. . အခု ဘာတွေဖြစ်နေလို့လဲ”

အဲ့ဒီအခိုက်မှာပဲ ကျွန်တော်ရောက်သွားတဲ့အတွက်. . . ဂျိုဂျိုး အခန်းထဲပြန်ဝင်ပြေးကာ တံခါးပိတ်သွားတယ်။

“ဂျိုဂျိုး. . ဂျိုဂျိုး. . ”

မရပါဘူး၊ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိအောင် ပူထူနေလို့ အခန်းနံရံမှာ ကျောမှီပြီး ထိုင်ချလိုက်ပါတယ်။

“ဘိတ်ပိတ် ငါတို့ကို တံခါးဖွင့်ပေးပါဦးကွာ၊ ငါ ဒီထဲမှာ ဒီလိုကြီးနေရတာ ကြာပြီကွ”

ကျွန်တော်အိတ်ထဲမှာ ဂျိုဂျိုးပေးထားတဲ့ အခန်းသော့တစ်ချောင်း ရှိနေတဲ့အတွက် နားငြီးအောင်အော်နေတဲ့ ဂျော်ကြီးကို အခန်းဖွင့်ပေးလိုက်တယ်။ ဒီတော့မှ ဂျော်ကြီးတို့ လင်မယားထွက်လာပြီး. . . ။

“လာ. . အောက်ဆင်းပြီး ထမင်းသွားစားရအောင်ကွာ”

“ငါမစားချင်ဘူး ဂျော်ကြီး”

“အေး မင်းမစားချင်လည်း လိုက်ကျွေးမှရမယ်. . ဒါမှ ရေမရှိတော့ဘူးကွ”

ပရိသတ်သိတဲ့အတိုင်း ဂျော်ကြီးရဲ့ ပူစီကိုဘိတဲ့ အသံကို



www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်စရာမရှိတာမို့လို့ နားအေးပြီးရောဆိုပြီး ပိုက်ဆံထုတ်ပေးလိုက်တယ်။ အဲ့ဒီနောက် ဂျိုဂျိုးရဲ့အခန်း ထဲဝင်လာပြီး ဆက်တီမှာ ခြေပစ်ထိုင်ချလိုက်တော့တယ်။

ထိုင်ရင်းက အတွေးတစ်ချက်ကြောင့် တောင့်ခနဲဖြစ်ကာ ထရပ်လိုက်တယ်။ ဒီနေရာကို ကြယ်စင် ကောင်းကောင်းသိနေတာပဲ တကယ်လို့များ. . ။

ကျွန်တော် သွေးမအေးနိုင်တော့ပဲ ဂျော်ကြီး အခန်းဖက်ထွက်လာပြီး အခန်းတံခါးကို အားကုန်ထုပစ်တော့တယ်။

"ဂျိုဂျိုး. . ဂျိုဂျိုး. ."

"နင်မဖွင့်လည်း ငါရအောင်ဖွင့်မှာနော် ဂျိုဂျိုး. ."

"ဝုန်း!. ."

ကျွန်တော် ခန္ဓာကိုယ်နဲ့ နှစ်ခါလောက်ပဲ ဆောင့်တိုက်လိုက်ရတယ်။

"နေဦး. . ကျွန်မ ဖွင့်မယ်"

အိုခေပေါ့ ဒါပဲလေ. . နောက်ထပ်တစ်ခါထပ်ပြီး ကိုယ်နဲ့တိုက်ဖွင့်ဖို့ ကျွန်တော်လည်းမတတ်နိုင်တော့လို့ ရေငတ်တုန်းရေတွင်းထဲကျသွားတာပါ။

"ရှင်တို့ သူငယ်ချင်းတွေ သိပ်ပြီးရုပ်ပျက်တာပဲ သိလား"

"ဟော!"

ကျွန်တော် အခန်းထဲရောက်ကာမှ ပိုလို့တောင် သေချင်စော်နံသွားပါတယ်။ တစ်ခန်းလုံး မွစာကြဲအောင် ပလဲနေပြီး ကျွန်တော့်ကွန်ပျူတာလည်း အကြမ်းဖက်တိုက်ခိုက်ခံထားရလို့ နံရံ



www.burmeseclassic.com

www.burmeseclassic.com



ထောင့်မှာ ဖရိုဖရဲ။

"ဘုရားရေ ဘာတွေဘယ်လိုဖြစ်ကုန်တာလဲ"

ကျွန်တော် အပြေးအလွှားလေး ကွန်ပျူတာဆီ ရောက်သွားမှ. . .

"အားလုံး ကျွန်မလုပ်ထားတာ. .၊ ဒီလိုမှ မဖေါက်ခွဲရင် ကျွန်မတစ်ကိုယ်လုံး အစိတ်စိတ်အမွှာမွှာ ကွဲထွက်တော့မယ်"

"ငါ နားလည်ပါတယ် ဂျိုဂျို၊ ငါလည်းမင်းလိုပဲ ခံစားနေရတာပါ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ဘဝကို အတူ. . တူ. ."

"ဟင့်အင်း ကျွန်မ လက်မခံဘူး"

"ဘာလို့လဲ"

"ပြောပြီးပြီလေ ရှင်နဲ့ကြယ်စင်က သတ်မှတ်ပြီးသားလေ ကျွန်မ သူငယ်ချင်းအပေါ် ကျွန်မဘယ်စိတ်နဲ့ မျက်နှာပြောင်ရမလဲ၊ မဖြစ်နိုင်ဘူး ကိုဘိတ် ရှင် အိမ်ပြန်လိုက်ပါ၊ ကြယ်စင်လည်း သူ့မိဘတွေဆီ ပြန်ရောက်သွားပြီပဲ၊ ဘာပဲဖြစ်ဖြစ် ရှင်နဲ့ကြယ်စင်က မျှတမှုရှိတဲ့ ဇနီးမောင်နှံ ဖြစ်နိုင်သူတွေပါ၊ ဒါက ကံတရားနဲ့ဆိုင်တယ်. . ."

"မင်း ဘာလို့ ရင်ထဲကမပါတဲ့စကားတွေ ပြောနေတာလဲ ဂျိုဂျို၊ မင်းကိုယ်မင်း တစ်ကယ်ပဲ အသည်းမာသလို ပြတ်သားသလိုနဲ့၊ ပြီးရင်. . မချိမဆန့်ပေါက်ကွဲ အဲ့ဒါကို ငါဘယ်လို ကျော်ခိုင်းရမလဲ"

"ရှင်နဲ့ အနေသာကြီးပါ"

"မင်းက ငါ့ချစ်သူကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက အဖြေပေးထားလို့လဲ"

ကျွန်တော်သည်းမခံနိုင်တော့ပဲ သူမရှိရာ အပြေးရောက်သွားပြီး အားကုန်ဆွဲဖက်ထားလိုက်တယ်။

"ရှင် လွှတ်နော် ကိုဘိတ်"

"ဘာလဲ ဓါးနဲ့လှီးမလို့လား၊ မလှီးနဲ့ အသေသာ ထိုးထည့်လိုက်. . မင်းကို လွှတ်ပေးလိုက်ရင် ငါသေမှာပဲလေ အဲ့ဒီတော့ အသေခံမယ် မင်းကြိုက်တာလုပ်"

တင်းကြပ်နေအောင် တွန်းကန်ထားတဲ့ သူမ ခန္ဓာကိုယ်လေး ပျော့ခွေလာတယ်။

အဲ့ဒီအခိုက်မှာပဲ ဂျော်ကြီးတို့လင်မယား ပြန်ရောက်လာပြီး. .

"ဟား. . နေ့ခင်းကြောင်တောင်ကြီးကွာ၊ အေ့. . ဂစ်. . အမဲနှပ်ကလည်း. . ကောင်း"

ကျွန်တော် သူမကို ဖြေလျှော့ပေးလိုက်ပေမယ့် ထွက်ပြေးတာမျိုးမရှိပဲ နည်းနည်းလေးခွာပြီး ထိုင်လိုက်တယ်။

"ဘယ်လိုဖြစ်တာတုန်းဟ တစ်ခန်းလုံးလည်း ပွလန်လို့ပါလား ဘိတ်သိတ် မင်းကြမ်းထားတာလား"

"ဘာတွေပြောနေမှန်း မသိဘူး ဂျော်ကြီးရာ. . ဒီမှာ ဘာတွေဖြစ်နေကြသလဲ မင်း မေးပါဦးတော့လား"

"မေးတယ်လေ ငါ့ကို ဘယ်သူမှဘာမှမပြောဘူးလေ"

ကျွန်တော် ပြောဖို့စိတ်မပါပေမယ့် အခြေအနေအရ ပြောမှဖြစ်မှာမို့လို့ လိုရင်းတိုရှင်းပဲ ပြောပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါပဲ အခု ငါနဲ့ဂျိုဂျိုး ဒုက္ခရောက်နေပြီ၊ ဂျိုဂျိုးက ငါ့ကို လက်ခံရင် ကြယ်စင့်အပေါ် သစ္စာဖေါက်ရာ ရောက်တယ်လို့ ထင်နေတယ်၊ ငါကလည်း ဂျိုဂျိုးဟာ ငါ့ရဲ့ပထမဆုံးမိန်းကလေးပဲ အဲ့ဒီအတွက် လုံးဝလက်မလွှတ်နိုင်ဘူး၊ ကဲ အဲ့ဒီကိစ္စကို မင်းတို့ ဘယ်လိုစဉ်းစားမလဲ ဘယ်လိုကူညီမလဲ"

ဆိုတော့ကာ ဂျော်ကြီးတို့ ဇနီးမောင်နှံ ငြိမ်သွားတယ် ခဏကြာတော့ ဂျော်ကြီးက...

"ငါ ဂျိုဂျိုးရဲ့ ရိုးသားပွင့်လင်းတဲ့စိတ်ကို ငါသိတယ်.. ဒီလောက်မလွယ်ဘူး၊ ဒါ သူ့ရှေ့မို့လို့ ပြောတာမဟုတ်ဘူး၊ လော လောဆယ် ကြယ်စင့်ဆီမှာ ဂျိုဂျိုးရဲ့ အခန်းသော့တစ်ချောင်း ရှိနေတယ် ကြယ်စင်ဆေးရုံကဆင်းရင်၊ ဒါမှမဟုတ် မင်းမိဘတွေ ကမေးလို့ ကြယ်စင်ပြောလိုက်ရင် ဒီကိုသေချာပေါက် ရောက် လာမှာပဲ အဲ့ဒါကို အရင်စဉ်းစား"

"အဲ့ဒါကို ငါလည်းစဉ်းစားမိတယ် ဂျော်ကြီး"

"အဲ့တော့ လောလောဆယ် မင်းတို့နှစ်ယောက် ဟိုဘက် အခန်းကိုသွား ငါတို့က ဒီဖက်အခန်းမှာနေမယ်၊ ကြယ်စင့် အဝတ် အစားအိပ်ကို ဒီဖက်ခန်း ပို့ထားလိုက်၊ ပြီးရင် မင်းတို့အခန်းကို ငါအပြင်ကနေ သော့ခတ်ထားပေးမယ် လာမေးရင် ငါ့ဘာသာ ကြည့်ရှင်းမယ်"

"နင်တို့ဘာသာ ကြိုက်သလိုလုပ် ငါ အိမ်ပြန်မယ်"

"ဟမ်!"

ဂျိုဂျိုး ဆတ်ခနဲထပြီး သူမ အခန်းဘက် ထွက်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com







ဂျော်ကြီးက လေသံနဲ့. . .

"ဟော့ကောင် လိုက်သွား မင်းအထဲရောက်တာနဲ့ ငါအပြင်က သော့ခတ်လိုက်မယ်"

ကျွန်တော် ခေါင်းခါလို့ ဂျော်ကြီး အားမလိုအားမရဖြစ်ပြီး. . .

"မင်းနဲ့ငါ လူချင်းသာ လဲလိုက်ချင်တယ် ဘိတ်သိတ်ရာ"

ဆိုတော့ကာ တစ်ချိန်လုံး ငြိမ်နေတဲ့ ဘိတ်သိတ် ကောင်မလေးက. . .

"လဲကြည့်လေ. . . ဟွန်း"

"အား. . နာတယ်ဟ ဒီကောင့်ကို အားမရလို့ ပြောနေတာ"

"သူက ရှင့်လိုမယုတ်မာဘူးရှင့်"

"ဟေ. . ဒါဆို ငါက ယုတ်မာတယ်ပေါ့"

"ဟုတ်တယ် ရှင် ယုတ်မာလို့ ကျွန်မ အခု ဒုက္ခရောက်နေတာ"

"ဘာ!"

"ကဲ ဂျော်ကြီး မဟုတ်တာတွေပြောပြီး ပြဿနာ ဖြစ်မနေကြနဲ့ကွာ၊ သူပြန်မယ်ဆိုလည်း ပြန်ပစေတော့"

"ဟင်. . ဒါဆို မင်းက"

"ငါနေခဲ့မယ် မင်းပြောတဲ့အစီအစဉ်ကို ငါ့တစ်ယောက်တည်းအတွက် လုပ်ပေးတော့"

"ဒါဆို ဂျိုဂျိုးကို လွှတ်ပေးလိုက်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေတစ်ခုအထိ တောင့်ခံရမှာပဲ ဂျော်ကြီးရာ၊ ကဲ ငါအပြင်ခဏသွားဦးမယ်"

"ဘယ်လဲ"

"ငါ့စိတ်ကိုထိန်းနိုင်ဖို့ ကွန်ပျူတာလိုတယ် ဒီမှာရှိတဲ့ဟာတော့ ဂျိုဂျိုးလက်ချက်နဲ့ ဂိမ်းသွားပြီ"

ကျွန်တော်ပြောပြီး အခန်းထဲကထွက်တော့ ဂျိုဂျိုးလည်း အဝတ်အစားအိတ်တွေနဲ့ အပြင်ထွက်လာတယ်။

"ငါ့ကိုစောင့်ပါဂျိုဂျိုး၊ ငါ မင်းဆီ ရောက်အောင်လာခဲ့ပါ့မယ်"

ကျွန်တော် သူမကို အငှါးကားပေါ်အထိ လိုက်ပို့ပေးပြီး ကျောခိုင်းလိုက်တယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ကဲ. . ကျွန်တော်ပြောချင်တဲ့ ကျွန်တော့်အကြောင်းကတော့ အဲ့ဒါပဲ။ ကိုယ့်ဘာသာပဲ စဉ်းစားကြည့်ပါတော့ဗျာ. . ဒီလိုအဖြစ်မျိုး ဖြစ်သင့်ရဲ့လား၊ ရှိသင့်ရဲ့လားဆိုတာ. . တရုတ်ဇာတ်လမ်းတွေထဲက စကားကို ယူသုံးရတာလည်း အားနာပါတယ်။ ဒီထက်ထိမိတဲ့စကားလည်း မရှိတော့လို့ပါ။

ကျွန်တော့်ကံဇာတာက ချစ်စိတ်ပေါ်တဲ့နေ့နဲ့ အသည်းကွဲတဲ့နေ့က တစ်ရက်တည်းတစ်ထပ်တည်းကျနေတာ တရားမလွန်ဘူးလား။





www.burmeseclassic.com

www.burmeseclassic.com

အချစ်က "ခူး" ဆိုပါစို့၊

ကျုပ်တို့ရဲ့ခံစားမှုက... "ဖက်" ဖြစ်နေတယ်...၊

အဟတ်ဟတ်...

ကျုပ်က "သံပြားတု" နဲ့...

အမှန်တရားတော့...မဟုတ်ဘူးဗျ...၊

"ဖန်" ထားသမို့

အကြံသမားလို့တော့ မပြောပါနဲ့

ခံထားရတာ ဖန်တစ်ရာတောနေလို့ပါ...။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

မု သဿနာတွေ ဗုံးကွဲသလို ကွဲတဲ့နေ့ရဲ့ သည်နောက်ပိုင်း ...မျှပုံး အကြွခံလိုက်ရတဲ့ ဟီရိုရှီးမားလို တိတ်ဆိတ်သွားတဲ့ ...ခန်းလေးဟာ ရက်သတ္တပတ် အတော်ကြာတဲ့အထိ ဘယ်သူမှ ...ောက်မလာခဲ့ပါဘူး။ သူမရဲ့ကိုယ်သင်းနံ့လေးတွေ တဖြည်း ...ည်း ပါးလျလာတဲ့ အခန်းထဲမှာ ကျွန်တော်ရယ် ကွန်ပျူတာ ...တ်တော့(ပ်)လေး တစ်လုံးရယ်သာ နေ့ညမပြတ်ရှိနေပြီး. . . ...န်တော် မျှော်လင့်ထားတဲ့ နေ့ကလေးတစ်နေ့ ရောက်လာဖို့



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့နဘဲကြီးစွာ စောင့်နေခဲ့ပါတယ်။ တစ်ခြားမဟုတ်ပါဘူး။ ,

ကြယ်စင် လက်ထပ်သွားပြီဆိုတဲ့ သတင်းကောင်းလေး ပါ။ ဂျော်ကြီးတို့ လင်မယားကတော့ ဂျော်ကြီးမိဘတွေ လာပြန် ခေါ်သွားတဲ့အတွက် အခန်းပြန်အပ်ပြီး ပြန်သွားကြပါပြီ။ ကျွန် တော်ပဲ ဂျိုဂျိုးရဲ့အခန်းမှာ ထီးထီးကျန်စွာ ရှိနေတာပါ။

တစ်ရက်မှာတော့ ပြဿနာဟာ ကျွန်တော့် အခန်းဆီကို သူ့စရိတ်နဲ့သူ တက်လို့လာပါတယ်။

"သမီးရေ. . ဂျိုးရေဂျိုး. . "

ကျွန်တော် ဆက်တီခုံမှာပဲ ကျွန်တော့်လက်တော့(ပ်) တစ်လုံးနဲ့ စျာန်ဝင်နေတုန်း အခန်းဝက ခေါ်သံကြောင့် ထကြည့် လိုက်ပါတယ်။ ကျွန်တော့် အဖိုးအရွယ်ထက်တောင် ကြီးရင့်ဦး မယ့် အသက်ရွယ်နဲ့ ခေတ်လူငယ်တွေစတိုင်(လ်) ဝတ်စားထား တဲ့သူက ကျွန်တော့်ကိုမြင်တော့ အံ့အားသင့်သွားသလို နောက် ကိုတောင် ယိုင်ခနဲ ဖြစ်သွားပါတယ်။

အဲ့ဒီနောက်. . ရေဘင်မျက်မှန်ပေါ်က သူ့မျက်လုံးကို ကျော်ကြည့်ပြီး နားကနားကြပ်တွေပါ ဟန်ပါပါဖြုတ်ရင်း ဖြူဖွေး နေတဲ့ငွေရောင် ဆံပင်ပျော့ပျော့ ပါးပါးလေးထဲ လက်ထည့်ပြီး နောက်ကိုသပ်တင်လိုက်တယ်ခင်ဗျ။ လားလား. . အခုမှ ကြည့်မိ တာ နားမှာလည်း နားပေါက်နဲ့ နားကပ်နဲ့၊ လက်မှာ ဂေါ်ကွင်းလို့ ခေါ်တဲ့ ကွင်းတွေဂေါက်တွေနဲ့ ပြီးတော့ သူဝတ်ထားတဲ့၊ ဂျော်နီ ဖိုး စပို့ရှပ်ရှော့ပင်နဲ့ ဝေါ့ကင်းရှူးကိုကြည့်ရင် ဒါခေတ်ရဲ့ဖိုးဖိုးလို့ သချာပေါက် သတ်မှတ်ပေးရတော့မှာပါ။ ဘေးမှာလည်း ဘီး



www.burmeseclassic.com

www.burmeseclassic.com



တပ်လက်ဆွဲ ခရီးဆောင်အိပ်နဲ့ဆိုတော့ကာ ဖိုးဖိုးတိုးရစ်ကြီးဆိုတာ ဖြင်းစရာမလိုပါဘူး။

"ဟော့ကောင်. . တံခါးဖွင့်စမ်း မင်းဘယ်သူလဲ"

"ဗျာ!. . အဖိုးကရော ဘယ်သူလဲခင်ဗျာ ဘာကိစ္စရှိလို့လဲခင်ဗျ"

"အောင်မာ. . အောင်မာ. . ဟော့ကောင် ဂျိုးဘယ်မှာလဲ"

"အဲဗျ. . ဂျိုးလား၊ ဂျိုးက ဂျိုးနေရာမှာရှိမှာပေါ့ အဘိုးရဲ့"

"ဟမ်!. . ငါ့မြေး ဂျိုးကို ပြောနေတာကွ"

ဒီတော့မှ ကျွန်တော်သဘောပေါက်ပြီး. . .

"သြော်. . ဂျိုဂျိုးကို ပြောတာလား"

"ဟုတ်တယ်"

"ဂျိုဂျိုး အိမ်ပြန်သွားတာ ကြာပြီအဘိုးရဲ့ အဘိုး ကရော ဘယ်သူလဲ"

"ငါက ဂျိုဂျိုးရဲ့အဘိုး ကြည်ဝင်းမြို့ကွ မင်းက ဘာလဲ"

"အာ. . ဘာမှမဟုတ်ပါဘူး ခင်ဗျာ"

"မဟုတ်ရင် မင်းက ဒီမှာဘာလုပ်နေတာလဲ"

"အဲ. . ဟို. . ဟိုလေ အခန်း. . အခန်းစောင့်ပါ ဂျိုဂျိုးက အိမ်ပြန်ချင်လို့ သူ့အခန်းကို ညအိပ်လာစောင့်ပေးပါဆိုလို့လာစောင့်ပေးနေတာပါ"

ကျွန်တော့်စကားကို အဘိုးကြည်ဝင်းမြို့ သိပ်ယုံကြည်ချင်ပုံမရပါဘူး။ ခဏကြာအောင် မျက်မှောင်တွန့်ချိုးကြည့်ပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



ရေဘင်မျက်မှန်ကိုချွတ်ပြီး နဖူးမှာ ပြန်တပ်လိုက်ပါတယ်၊ အဲ့ဒီ နောက် အခန်းဝမှာ ပိတ်ရပ်နေတဲ့ ကျွန်တော့်ကို တွန်းဖယ်ကာ ဧည့်ခန်းထဲဝင်ရင်း. . . ။

"ငါ့ အိတ်ကိုယူပြီး အခန်းထဲထည့်လိုက်"

"ဟုတ်. . ဟုတ်ကဲ့"

ကျွန်တော်လည်း ဆက်ပြီး လျှာရှည်မနေပဲ သူပြောတဲ့ အတိုင်း လုပ်ပေးလိုက်ပါတယ်။ ဂျိုဂျိုးရဲ့အဘိုးတဲ့ ပရိသတ်ရေ၊ ဖြစ်တော့ဖြစ်နိုင်ပါတယ် ဒီအသက်အရွယ်နဲ့ ဒီလိုပုံစံမျိုးက တော် ရုံအဖိုးကြီးတွေ ဘယ်လုပ်နိုင်မလဲ ဒါမျိုးက လုံးဝခရေဇီပဲ ဖြစ်နိုင် တာလေ။

"ကောင်လေး ငါ့ကို ရေအေးအေးတစ်ခွက် ယူလာပေး"

"ဟုတ်ကဲ့ အဘိုး"

ကျွန်တော် ကွန်ပျူတာဘေးမှာ ခြေစုံပစ်တင်ပြီး စမတ် ကို ဂွမ်နေတဲ့ အဘိုးပော့ရှော့ကို ကျွန်တော် မြင်မြင်ချင်းသဘော ကျမိတာတော့ အမှန်ပဲခင်ဗျ။

စောစောက ဖြုတ်ထားတဲ့ နားကြပ်ကလေးပြန်တပ်ပြီး သူ့ဖီလင်နဲ့သူ ဒူးလေး ဆတ်ဆတ်,ဆတ်ဆတ်လုပ်လိုက်နဲ့ တ ကာယ့်ကို လွတ်လပ်တဲ့ရက်ပါစတိုင်(လ်)အပြည့်နဲ့ပါ။

ကျွန်တော် သောက်ရေဖန်ခွက်ကို စားပွဲပေါ် ချပေးတော့ အောက်မရောက်ခင် သူလှမ်းယူပြီး တဂွပ်ဂွပ်နဲ့ မော့ချလိုက်ပါ တယ်။ ပြီးမှ ဖန်ခွက်အလွတ်ကြီးပဲ စားပွဲပေါ် ပြန်ချရင်း. . ။

"ထိုင်. . ချာတိတ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်းခနဲ ထွက်ပေါ်လာတဲ့အသံကြောင့် ကျွန်တော် လန့်ပြီး ထိုင်ချမိလျက်သား ဖြစ်သွားပါတယ်။ နားကြပ်နဲ့ နား ထောင်နေတဲ့ အသံကိုကျော်ပြီး ပြောတဲ့အသံမဟုတ်လား။ အဲ့ဒီ နောက် နားကြပ်တွေဖြုတ်ကာ ပုခုံးမှာပဲတင်ပြီး. . .။

"မင်းနာမည် ဘယ်သူလဲ"

"စည်သူမင်းသိန်းပါ အဘိုး"

"စည်သူမင်းသိန်း. . . အင်း. . . ငါ့မြေးရဲ့သူငယ်ချင်း တွေထဲမှာ ဒီနာမည်တစ်ခါမှ မကြားဘူးပါလား၊ နေဦးကွ. . ဟို ကောင်. . ဟိုဘက်ခန်းက ခင်မောင်ရျော်ကို သွားခေါ်စမ်း"

"ဗျာ. . သူမိန်းမရသွားလို့ သူ့အိမ်ပြန်သွားပြီအဘိုး. . အခန်းလည်း ပြန်အပ်သွားပြီ"

"ဟေ. . ဟုတ်လား ကောင်းတယ်. . အခုမှပဲ ငါ့ မြေးအ တွက် စိတ်အေးရတော့တယ်"

"ခင်ဗျာ"

"အဟုတ်ဟုတ် ငါ့ကို အဘိုးကြီးဆိုပြီး လျှော့တွက်တာ၊ ငါ့နှယ် လူ့လောကထဲ စားချင်တာ လျှောက်စားပြီး အသက်ရှည် နေတာ အနှစ်ခုနစ်ဆယ်ကျော်ပြီ၊ ဒီကောင်တွေ နို့နံတောင် မစင် သေးပဲနဲ့ ငါ့ကို စာဖတ်နေတယ်၊ အဲ့ဒီကောင် ငါ့မြေးကို လာဖန် နေတာလေကွာ ငါပြည်ပထွက်ဖို့ စီစဉ်ပြီးသားဖြစ်နေလို့ သွားသာ သွားလိုက်ရတာ စိတ်မဖြောင့်ဘူးကွ၊ တော်သေးတာပေ့ါ. . ဒါနဲ့ ဘယ်က ကလေးမနဲ့လဲ"

"မသိဘူးအဘိုး ကျွန်တော်လည်း ဒီရပ်ကွက်ထဲ သိပ်မ



www.burmeseclassic.com

www.burmeseclassic.com



နှံ့စပ်ဘူး"

"အဲ့ဒါထား . . မင်းက ဂျိုးနဲ့ဘယ်လိုပတ်သက်ပြီး ဒီမှာရောက်နေတာလဲ၊ ဂျိုး သူငယ်ချင်းတွေထဲက မဟုတ်တာတော့ ငါသိတယ် . . ငါ့ကိုမှန်မှန်ပြောစမ်း"

ကျွန်တော်နည်းနည်းစိတ်အိုက်သွားတယ် အမှန်အတိုင်းပြောလို့ရော ဖြစ်ရဲ့လားဆိုတာ စဉ်းစားနေတုန်း အဘိုးက . . .

"ဟေ့ကောင် . . လိမ်ပြောဖို့စဉ်းစားရင် မပြောတာ အကောင်းဆုံးနော်၊ ငါပြောတာ ပေါက်လား"

"အာ . . ပေါက် . . . ပေါက်ပါတယ် ကျွန်တော်စဉ်းစားတာ လိမ်ပြောဖို့မဟုတ်ပါဘူးအဘိုး၊ ပြောသင့်မပြောသင့်ပဲ စဉ်းစားနေတာပါ"

"ဟမ်!"

ကျွန်တော်ပြောဖို့ ဆုံးဖြတ်လိုက်တယ် . . လူကြီးနားဝင်အောင် ပြောရမှာမို့လို့ ကျွန်တော့်ဘဝ အစအဆုံးကို အခု ဒီနေရာမှာ ဒီလိုမျိုးနေနေတဲ့အထိ အမှန်အတိုင်း မချွင်းမချန်ကို ပြောပြလိုက်ပါတော့တယ်။ မိနစ်နှစ်ဆယ်နီးပါးလောက် ကြာသွားတဲ့အတွက် အဘိုးကြည်ဝင်းမြို့လည်း လည်ပင်းတွေပါ လိမ်စောင်းပြီး စားပွဲပေါ်တင်ထားတဲ့ သူ့ခြေထောက်ကိုပါ အောက်ပြန်ချလိုက်ရပါတယ်။ ကျွန်တော့် စကားဆုံးတော့ . . . ။

"ဒါ အကုန်ပဲလား"

"အကုန်ပဲ အဘိုး"

အဘိုးက လက်ဖျစ်တစ်ချက်တီးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ် ဒါမျိုးကိုလေးစားတယ်. . အဟုတ်ဟုတ် ငါ့မြေးကလည်း မိုက်တယ်ကွာ ဒါမှ ငါ့မြေးအစစ်ပဲ၊ အိုခေ မင်းတို့နှစ်ယောက်စလုံးရဲ့ စိတ်ဓါတ်ကို ငါ ခိုက်တယ်ကွာ. . အဲ့သလိုကို ဖြစ်နေရမယ်၊ ဟုတ်ပြီ. . . ဒီကိစ္စ နောက်မှဆွေးနွေးမယ် လောလောဆယ် ငါအနားယူချင်တယ် ရေချိုးမယ်၊ တစ်ရေးလောက်အိပ်မယ်"

"ဟုတ်ကဲ့. . ကျွန်တော် အဘိုးဖိနပ်ချွတ်လိုက်တော့မယ်နော်"

"ဟာနေနေ ငါ့ဘာသာလုပ်မယ်"

"ရပါတယ် အဘိုးရဲ့ ကျွန်တော်လုပ်ပါ့မယ်"

"ဟာ. . ဒီကောင်. .၊ ငါ့ကို ချိန့်နေတဲ့ အဘိုးကြီးများအောက်မေ့နေလား အခု အော်စီကပြန်လာတာ. . ဖယ်စမ်း"

ဆိုတော့ကာ ကျွန်တော် အသာနောက်တွန့် နေလိုက်ရတယ်။ ဒါပေမယ့် ပေတေတေလေး ရပ်နေတာထက် ကူညီလို့ရတာလေး ကူညီလိုက်ပါတယ်၊ အဝတ်လဲဖို့ သေတ္တာယူပေး၊ ရေချိုးခန်းထဲမှာ ရေပူရေအေး စပ်ထားပေး၊ ပြီးတော့ အနားယူနိုင်ဖို့ အခန်းရှင်းပေး၊ အိပ်ယာပြင်ပေးတာမျိုး ဇယ်ဆက်သလို လုပ်ပေးထားလိုက်တယ်။

ဒါကို အဘိုး သဘောကျပုံရပါတယ် ကျွန်တော့်ကို တစေ့တစောင်းလေး လှမ်းလှမ်းကြည့်ပြီး ပြုံးပြုံး,ပြုံးပြုံးနဲ့. .

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အဘိုးဝေရာဝစ္စတွေ လုပ်ကိုင်ပေးပြီး အလုပ်ပြန်ထိုင်ဖို့ပါပဲ၊ ဒါပေမယ့် ဆက်တီပေါ် ခဏလောက် စိတ်ငြိမ်အောင် နောက်မှီပြီးမှေးလိုက်တာ ဘယ်လိုအိပ်ပျော်သွားတယ်မသိဘူးခင်ဗျ။

"ကောင်လေး. . ထ. . အောက်ဆင်းမယ်"

"အင်!. ."

ကြည့်လိုက်တော့ အဘိုးလေ. . ဘောင်းဘီဒွဲပွနဲ့ စပို့ရှပ်အပွကြီးကိုဝတ်ပြီး ရှာထိုးဦးထုပ်ကိုတောင် နောက်ပြန်ဆောင်းထားသေး။ ကျွန်တော်ကတော့ ထုံးစံအတိုင်း ပုဆိုးတစ်ထည် ကဗျာကသီဝင်လဲပြီး လိုက်ထွက်လာခဲ့ရတယ်။ ကျွန်တော် အခန်းတံခါး သော့ခတ်နေတုန်း အဘိုးကဆင်းနှင့်ပြီး ဖုန်းပြောနေလို့ ကျွန်တော် စိုးရိမ်တကြီး ပြေးဆင်းခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအရွယ်တွေ လဲတာတို့ ဘာတို့ဖြစ်ရင် မကောင်းဘူး လေ. . . ဒါပေမယ့် အဘိုးကတော့ အေးဆေးခင်ဗျ။

"အေး. . ဂျိုး အဘိုးပြန်ရောက်နေပြီကွ"

" . . . . . . . . . . . . . . . . . "

"အေးပေါ့. . ဒီမှာ ကောင်လေးလည်းရှိနေတော့ အဆင်ပြေပါတယ်. . ဟဲဟဲဟဲ"

" . . . . . . . . . . . . . . . "

ဘုရားရေ. . .၊ ဂျိုဂျိုးဆီ လှမ်းဆက်နေတာကိုး။

"အာ. . မလာနဲ့. . မလာနဲ့. .၊ ဒီမှာ အဘိုးအဆင်ပြေတယ် ညည်းအဖေနဲ့အမေကိုသာပြောလိုက် အဘိုးဘဏ်အကောင့်ထဲမှာ ပိုက်ဆံနည်းနေပြီ ထပ်ဖြည့်ထားလို့ ကြားလား"

" . . . . . . . . . . . "

"အေး. . အေး. . ဒါပဲ"

အဘိုးဖုန်းချပြီး ဘောင်းဘီအိတ်ထဲ ထိုးထည့်ရင်း. . .

"ငါ့မြေးကလာမလို့တဲ့၊ ငါကမလာနဲ့လို့ ပြောလိုက်တယ်"

"ဟာ. . နှမြောစရာကြီး အဘိုးရာ. . လာပစေပေါ့"

"ဘာကွ. . ဘာကိုနှမြောရမှာလဲ အောင်မာ. . မင်းက"

ကျွန်တော် အသာဇက်ပုပြီး သူ့ကိုလည်းမထိရဲ၊ သူလဲကျရင်လည်း အဆင်သင့်ထူနိုင်အောင် သတိနဲ့ ဘေးကလျှောက်လာခဲ့တယ်။ ပလက်ဖောင်းပေါ် ခြေချမိတယ်ဆိုရင်ပဲ အဘိုးက. . .

"ရပ်ကွက်ဟိုးဘက်ထိပ်သွား ပင်လယ်စာရေ့ဆိုင်ရှိတယ်. . အဲ့ဒီမှာ ညနေစာ စားမယ်ကွာ၊ မင်းနည်းနည်းပါးပါး

www.burmeseclassic.com



ချတတ်လား"

"ဟင့်အင်း . . အဘိုး"

"အေး . . ကောင်းတယ်၊ ဟိုကောင် ငဂျော်ကတော့ အကုန်ချတတ်တဲ့ကောင် မင်းနဲ့တော့ . . ကွာပ"

အဲ့ဒီနောက် စားသောက်ဆိုင်ဘက် လျှောက်ကြရင်းနဲ့ အဘိုးက . . .

"မင်း ငါ့ကို ဒီလိုမြင်လို့ ထူးဆန်းတယ်မထင်ဘူးလား"

"အင်း . . နည်းနည်းတော့ အံ့သြပါတယ်၊ ဒါပေမယ့် . . ကျွန်တော်သဘောကျပါတယ် အဘိုး"

"ဟားဟားဟား . . ဂျိုးရဲ့အဘိုးမို့လို့ ဖားနေတာလား"

"ဒါတော့အမှန်ပဲ . ."

"ဟေ့ကောင် . . နည်းနည်းတော့လိမ်ပြောကွ ခွမ်းမှပဲ"

"အဘိုးကမှ လိမ်ပြောတာ မကြိုက်တာ"

"ဟေ . . အေး . . ငါ့နှယ်၊ အေးပါကွာ ကောင်းပါတယ်၊ ငါကတော့ ဟိုးတုန်းကတည်းက အလန်းဇယားနဲ့ နေလာတာ ခုမှတော့ ပြင်လို့မရတော့ဘူး၊ ငါ့သမီးနဲ့ ငါ့သမက်လည်း ငါနဲ့လိုင်းမတူတော့ အတူနေလို့မရဘူးကွ၊ အဲ့ဒါကြောင့် ဒီရပ်ကွက်မှာ ငါအခန်းတစ်ခန်း ဝယ်ထားတာ ငါမြေးကတော့ ငါနဲ့လိုင်းတူတယ်ဟေ့ ဒါကြောင့် တို့မြေးအဘိုးက တစ်ပါတီပဲ၊ ငါ့သမီးကျသွားလေသူ ငါ့မိန်းမရဲ့သွေးကွ ရိုးရိုးအေးအေးကြီးတွေ မင်းလိုကောင်မျိုးတွေပေါ့၊ အခု ငါနေတဲ့ရပ်ကွက်က ငါ့ဟာကြိုက်ရွေးထားတာ၊ ဟိုမှာ မင်းမြင်လား . . ."

www.burmeseclassic.com



အဘိုး မေးဆတ်ပြလို့ လှမ်းကြည့်ပြီး ကျွန်တော့်ဘာသာ အကြည့်လွှဲလိုက်ရတယ်၊ လုံး၀ အတိုအပြတ် အကွဲအပြဲတွေလေ ဗျာ. . .။

“အဲ့ဒါ. . . အသက်ရှည်ရတဲ့ အကြောင်းတရားကွ. . ဟားဟားဟား. . သောက်ကလေးလေး ရှက်တတ်နေလိုက်တာ ဆောင့်ကန်ချင်စရာ”

“ဟာ. . အဘိုးရာ ကျွန်တော်ဘယ်လိုလုပ် ကြည့်ရမှာလဲ”

“ကြည့်တော့ဘာဖြစ်လဲ ငါတောင်ကြည့်သေးတာ၊ အေး ဒါပေမယ့် ကြည့်တဲ့စိတ်ဆိုတာရှိတယ် တဏှာရာဂစိတ်နဲ့ ကြည့် ရင်တော့ အကုသိုလ်တွေ အတုံးလိုက် အတစ်လိုက်ပေါ့၊ ဘာ၀နာ စိတ်နဲ့ကြည့်ပါလို့လည်း ကြီးကြီးကျယ်ကျယ် မပြောချင်ဘူး၊ အဲ့သ လောက် အဆင့်မြင့်တဲ့ စိတ်မျိုးလည်း ငါမွေးလို့မရသေးဘူး၊

ဒါပေမယ့်. . အင်တာနေရှင်နယ် မျက်လုံးတော့ရှိတယ်၊ မြင်တယ်၊ လန်းတယ်၊ ဩော်. . လှတယ်. . ဒါပဲ၊ ဒီ့ထက်မပိုနဲ့ လူတိုင်း သူ့ထက်ငါ လှအောင်လန်းအောင် ကိုယ့်စိတ်သာယာမှု အတိုင်း ပြင်ပြင်ဆင်ဆင်နဲ့နေကြတာ. . အားလုံးလှရင် အားလုံး လန်းသွားမယ်၊ ကမ္ဘာကြီးရဲ့ အလင်းဓါတ်ကို အပြည့်အ၀ ခံစားရ မယ်၊ အဲ့ဒါ international eye လို့ခေါ်တယ်၊

အဲ့ဒီမျက်လုံးနဲ့ကြည့်၊ အဲ့ဒီစိတ်နဲ့သွား လူသားဝါဒကို ထူထောင်ရင် အဲ့ဒီစိတ်က အရင်းခံတယ်. . မဟုတ်ရင် ရှုပ်ကုန် မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ ဉာဏ်မမီဘူးအဘိုးရာ. . လောလောဆယ် အဲ့သလိုပေါက်ထွက်လာတဲ့ ယဉ်ကျေးမှုရဲ့ အကျိုးဆက်က အဓမ္မမှုတွေ ပိုများလာတယ်၊ ကျွန်တော်တို့ဆီမှာ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဏ္ဍိုင်ပြုတဲ့ လူမှုဘဝဝန်းကျင် အားကောင်းတုန်းက အဓမ္မမှုဆိုတာ မကြားဘူးသလောက်ရှားတယ်၊ အခုတော့. . . လစဉ်ညွှန်းကိန်းနဲ့ တက်လာတယ်၊ ကျွန်တော်လည်း ကွန်ပျူတာနဲ့ ကျောင်းပြီးထားတဲ့ ခေတ်ပညာတတ် တစ်ယောက်ပါပဲ လောလောဆယ် ယဉ်ကျေးမှုနဲ့ စပ်ဆိုင်တဲ့ဆောင်းပါးတွေ ရေးနေတယ်၊ ကျောက်စာ၊ ပေစာ၊ ပါဠိ၊ မြန်မာသဒ္ဒါ၊ မြန်မာစာပေ၊ တိုင်းရင်းသားစာပေတွေ လုပ်နေတယ်၊ ယဉ်ကျေးမှုကို ကျောခိုင်းတဲ့ဂိမ်းတွေရေးရင် ပိုက်ဆံပိုရပြီ ပိုအလုပ်ဖြစ်မှန်း ကျွန်တော်သိတယ်၊

ဒါပေမယ့် ကျွန်တော်ရလိုက်တဲ့ ကြွယ်ဝမှုနဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဆုံးရှုံးသွားတဲ့ ယဉ်ကျေးမှုက တန်ရဲ့လားဆိုတာ မေးခွန်း ဖြစ်လာတယ်၊ ကွန်ဆာဗေးတစ်က တိုးတက်တဲ့လူ့အဖွဲ့အစည်းအတွက် အဟန့်အတား ဖြစ်စေတယ်ဆိုရင် လစ်ဘရယ်ကရော ဘာတွေကို ဖျက်ဆီးမြှုပ်နှံပစ်ခဲ့မလဲ၊ ကျွန်တော် ပြောချင်တာက နှစ်ခုစလုံး ဘေးထွက်ဆိုးကျိုးနဲ့ မလွတ်ကင်းဘူးဆိုရင် မျှတတဲ့ လက်ခံမှုမျိုးတော့ လိုလိမ့်မယ်၊ တစ်ဖက်တည်း ကပ်ထားတာထက် နှစ်ဖက်စလုံးရဲ့ အကျိုးကျေးဇူးများမှုကို ရွေးချယ်ပြီး လက်ခံပေးသင့်တယ်"

"နားညည်းတယ်ကွာ အစွန်းနှစ်ဖက်ရှောင်ပြီး သွားရင် ပိုကောင်းတယ်ဆို မပြီးဘူးလား၊ အရှည်ကြီး လျှောက်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ငါက ကလေးလား"

"ဟုတ်ကဲ့ တောင်းပန်ပါတယ် အဘိုး"

ကျွန်တော့်ကို အဲ့သလိုမျက်နှာထိ မျက်နှာထားနဲ့ ငေါက်ပြီး တစ်ဖက်လှည့်ပြုံးနေတဲ့ အဘိုးရဲ့စိတ်ကို ကျွန်တော် ခန့်မှန်းရခက်လာတယ်။

ဒါပေမယ့်လည်း ကျွန်တော့်ကို သူ့မြေးနဲ့ပတ်သက်ချင်နေမှန်းသိပါလျက်နဲ့ သူ့အခန်းကနေ ခွေးမောင်းသလို မောင်းမထုတ်တာလဲ အံ့ဩစရာပဲ ဆိုတော့ကာ. . .



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ အချစ်ပါပဲဆိုပြီး

ဘာဖြစ်လာမလဲ...တွေးကြည့်...

မဝေးတော့သည့် နှစ်ကိုယ်တူဘဝ

အလိုတူမှ ပြည့်စုံတယ်ဆိုရင်...

နေ့တစ်ဘုံ...ညတစ်ဘဝနဲ့...

လှပတဲ့အိမ်ထောင်ရေးကို

ကလေးတစ်ပြုံကြီး မွေးပြုလိုက်ချင်ရဲ့တွယ်...။



www.burmeseclassic.com

www.burmeseclassic.com





# နိဂုံး

“ဗရော!. . ဂလုံ!!. . ဂလောင်!!!. . .”

မီးဖိုခန်းဘက်က ပြုတ်ကျလဲပြိုသံတွေကြောင့် ကျွန်တော် လန့်နိုးလာပြီး ကြည့်လိုက်တော့ မနက်(၄)နာရီ ထိုးတော့မယ်။ အဘိုးအစောကြီးနိုးပြီး ဗိုက်ဆာလို့ မီးဖိုခန်းထဲ လှုန်လှော နေတာလားလို့ တွေးပြီးထကြည့်တော့။

“ဟာ!. . အဘိုး”

မီးဖိုခန်းကြမ်းပြင်မှာ လဲကျနေတဲ့အဘိုးကိုမြင်လို့ အပြေးအလွှား



www.burmeseclassic.com

www.burmeseclassic.com



တလန့် ပြေးသွားပြီး ပွေ့ထူလိုက်တယ်။

"အဘိုး"

"ဟေ"

"အဘိုး ဘာဖြစ်တာလဲ"

"ကျွတ်. . ကျွတ် ငါအစားမှားပြီကွ၊ တစ်ညလုံး ဝမ်းတွေသွားနေတာ ဘယ်နှခါမှန်းတောင် မသိတော့ဘူး"

"ဟာ. . မဖြစ်ဘူး. . လာ. . လာ. . အဘိုး ကျွန်တော်တွဲမယ်"

အဘိုးကို မီးဖိုခန်းထဲက တွဲထုတ်လာပြီး ဆက်တီမှာ ခဏထိုင်ခိုင်းထားလိုက်တယ်။ အဘိုးကို အမြန်ဆုံး ဆေးရုံပို့မှဖြစ်မယ်ဆိုတဲ့အသိနဲ့ ပြင်ဆင်ရင်း ဂျိုဂျိုးကို အကြောင်းကြားဖို့ပါသတိရသွားတယ်၊ ဂျိုဂျိုးဖုန်းနံပါတ်က အဘိုးရဲ့ ဖုန်းထဲမှာရှိတာမို့လို့ အခန်းထဲ ဝင်ယူလာခဲ့တယ်။ သူ့ဖုန်းကတော့ နားကြပ်တန်းလန်းနဲ့ ရှိနေတာကို မဖြုတ်ဘဲ ထည့်ယူလာခဲ့တယ်။

"အဖိုး ဆေးရုံသွားရအောင်"

"ငါ မလျှောက်နိုင်တော့ဘူး"

"ကျွန်တော် ကုန်းပိုးမယ်"

卐 卐 卐 卐



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမကောင်းတဲ့ ဆရာဝန်တွေနဲ့ ပြာယာခတ်နေတဲ့ သူနာပြုတွေကိုကြည့်ပြီး ကျွန်တော်အဘိုးအတွက် စိုးရိမ်သွားမိတယ်၊ ခရီးပမ်းတာရော ဝမ်းသွားတာပါ ပေါင်းလိုက်တော့. . အသက်အရွယ်နဲ့ ကိုယ်ခံအားက ထင်သလောက်တောင့်မထားနိုင်တော့တာ မဟုတ်လား၊ တကယ်တော့ ခုနစ်ဆယ်ကျော်အရွယ်ဆိုတာ အဘိုးရဲ့ ရုပ်ဝါဒီဆန်တဲ့စိတ်မျိုးမှ မဟုတ်ရင် ပက်လက်ထိုင်ခုံမှာ ငြိမ်နေကြတဲ့ အရွယ်တွေလေ၊ အဖိုးက လန်းဖို့လောက် စဉ်းစားနေတဲ့ လူဆိုတော့. . .

"ကိုဘိတ် အဘိုးရော"

ဂျိုဂျိုးအပြေးအလွှားရောက်လာလို့ ကျွန်တော် အားရှိသွားပြီ။

"အချိန်မီရောက်လာတာပဲ အဘိုး အထဲမှာ. . ဝင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မပေးသေးဘူး၊ ဒါနဲ့ ဂျိုဂျိုး တစ်ယောက်ထဲလား"

"အဖေနဲ့အမေ နောက်ကပါလာတယ်"

ခဏကြာတော့ ဂျိုဂျိုးမိဘတွေ အမောတကော ရောက်လာပြီး မောကြတယ်။

"ကောင်းသွားမှာပါ တအားစိတ်ပူမနေပါနဲ့ ကျွန်တော် အချိန်မီ ပို့ပေးနိုင်ခဲ့ပါတယ်"

"ကျေးဇူးပါပဲ သားရယ် မင်းရှိနေလို့ပေါ့၊ အန်တီအဖေက မရဘူး သူစိတ်နဲ့သူ နေချင်သလိုနေတာ"

အဲ့ဒီအခိုက်မှာပဲ ဆရာဝန်ကြီး အခန်းထဲက ထွက်လာတယ်။

"လူနာရှင်တွေလား"

"ဟုတ်ပါတယ်. . ဒေါက်တာ"

"အေးဗျာ. . ကျွန်တော်တို့ အတတ်နိုင်ဆုံးကြိုးစားပေးထားပါတယ်၊ ဒါပေမယ့်. . အသက်အရွယ်ကြောင့် စိတ်ချပြီလို့ ကျွန်တော်မပြောနိုင်သေးတာ နားလည်ပေးပါ"

"ဝင်ကြည့်လို့ရပြီလား"

"ရပါပြီ. . ဒါပေမယ့် လူနာကို အနှောင့်အယှက် မဖြစ်အောင်တော့ ဂရုစိုက်ပေးပါ၊ အထဲမှာ ကျွန်တော်တို့ သူနာပြုတွေ ရှိပါတယ်"

အဲ့ဒီနောက် အားလုံးအခန်းထဲ ဒရောသောပါး ဝင်လာခဲ့ကြတယ်။ ခုတင်ပေါ်မှာ ဖြူရော်ရော်မျက်နှာနဲ့ ငြိမ်သက်ပြီး မှေးမှိန်းနေတဲ့အဘိုးကိုကြည့်ပြီး အားလုံး ယူကျုံးမရ ဖြစ်ကုန်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဂျိုဂျိုးကတော့ အဘိုးဘေးမှာ ခေါင်းစိုက်ပြီး တရှုံ့ရှုံ့ငို တော့တာလေ။ ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ကိုယ်ရှိ နေလျက်နဲ့ အဘိုးတစ်ခုခုဖြစ်သွားရင် သွားပြီလေ။ ဒါကို ဂျိုဂျိုးရဲ့ ဖခင်က သတိထားမိပုံရပြီး. . .

"သား တာဝန်ကျေပါတယ် အခြေအနေအားလုံးအတွက် အန်ကယ်တို့ လက်ခံတယ် ဘာမှ စိတ်မကောင်းမဖြစ်နဲ့. . ဟုတ်ပြီ လား"

"ဟုတ်ကဲ့ပါ ကျွန်တော်အဘိုးကို တစ်ခုလောက် လုပ်ပေး ချင်တယ်"

"ဘာလဲ. . သား"

"ကျွန်တော့် ဖုန်းထဲမှာ ပဋ္ဌာန်းတရားတော် ရှိတယ်၊ အဲ့ဒါ ကို အဘိုးနားကြပ်နဲ့ ထည့်ပေးထားမလားလို့"

"ဟာ. . သိပ်ကောင်းတာပေါ့. . လုပ်ပါ. . လုပ်ပါ"

ကျွန်တော်လည်း မဆိုင်းမတွပဲ လုပ်ပေးလိုက်တယ်. . ကုသချိန်နှစ်နာရီကျော်ကြာတဲ့အထိ အဘိုးသတိကောင်းကောင်း မလည်ချင်လို့ ကျွန်တော့်မျှော်လင့်ချက်တွေ ချိနဲ့လာပါတယ်။ ဂျိုဂျိုးလည်း ရောက်ကတည်းက အဘိုးလက်ဖဝါးကိုဆုတ်ပြီး မျက်ရည်မဆည်နိုင်လို့ သူ့မိဘတွေရှေ့မှာ နှစ်သိမ့်ရခက်နေပါ တယ်။ အဲ့ဒီအခိုက်မှာပဲ အဘိုးမျက်လုံးပွင့်လာပြီး သူ့မြေးမလေး ကို ဆွဲယူလိုက်တယ်။

"အဘိုး. . အဘိုး သတိရပြီ"

"အဖေ. . အမလေး ဘုရားကယ်တာ တော်ပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ပဋ္ဌာန်းတန်ခိုးပေါ့ မိန်းမရ၊ တော်သေးတာပေါ့ မောင်စည်သူမင်းသိန်း ကယ်ပေလို့"

"မင်းတို့ ဘာတွေပြောနေတာလဲ"

အဘိုးလှမ်းမေးလို့ သူမ ဖခင်က ပြာပြာသလဲ ပြန်ဖြေတယ်။

"ဩော်. . အဖေ သတိလစ်နေလို့ ဒီက မောင့်စည်သူက သူ့ဖုန်းထဲက ပဋ္ဌာန်းတရားတော်ကို အဖေ့ကို နားကြပ်တပ် ဖွင့်ပေးထားတာလေ၊ အဲ့ဒါကြောင့် အဖေ ကောင်းကောင်းသတိလည်လာတာပေါ့ တရားနာရတာ ကောင်းရဲ့လားဟင်"

"ငါ ဘာမှသတိမလစ်ဘူး အကုန်သိတယ်၊ အိပ်ချင်လို့ မှိန်းနေတာ၊ ဒီကောင်လာဖွင့်ပေးတာလည်း ဇော်ပိုင်ရဲ့ မြို့ဝင်ညကွ. . ပဋ္ဌာန်းမဟုတ်ဘူး"

"ဟမ်!"

"ဟော့ကောင် စည်သူ"

"ဗျာ!. . အဘိုး"

"လာ. . . အဲ့ဒီသီချင်းပြန်ဖွင့်၊ အဲ့ဒါ ငါအရမ်းခိုက်တဲ့ သီချင်းကွ"

"ဟုတ်. . ဟုတ်ကဲ့ အဘိုး"

ကျွန်တော်တို့ အံ့အားသင့်တာထက် ရယ်ချင်တာက ပိုများပါတယ်။ ဒါပေမယ့် ဘယ်သူမှ မရယ်ရဲပဲ အဘိုးခိုင်းတာ လုပ်ပေးပြီး အသာငြိမ်နေကြပါတယ်။ ဂျိုဂျိုးလည်း အခုမှ မျက်ရည်သိမ်းပြီး ကျွန်တော့်ကို မော့ကြည့်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်မှာပဲ လုံးဝမျှော်လင့်မထားတဲ့ အခြေအနေတစ်ခုက ကျွန်တော့်ကို ပြေးပေါက်မှားစေပါတယ်။

“ဟာ!”

“ကဲ. . မင်းဘယ်ပြေးမလဲ စည်သူ”

အဖေ့ရဲ့အောင်မြင်တဲ့အသံက ကျွန်တော့်ရင်ကို ဒိတ်ခနဲနေအောင် ဆောင့်ဝင်လာပါတယ်၊ အဲ့ဒီအခိုက်မှာ အဘိုးက နားထောင်နေတဲ့ နားကြပ်ကအသံကို ကျော်ပြီး. . .

“ဟေ့. . မောင်မောင်ကြည် မင်းငါ့မြေးကို လက်ဖျားနဲ့ထိလို့ကတော့ ငါထတွယ်မှာနော်”

BURMESE CLASSIC

(ဟင်. . အဘိုးက အဖေ့ကို သိနေပါလား)

ကျွန်တော် အမေ့ကို အားကိုးတကြီး လှမ်းကြည့်တော့ အမေပြုံးနေလို့ ကျွန်တော်အူတူအတနဲ့ ဖြစ်နေလို့ သူမဖခင်က. . .

“ဆေးရုံရောက်လာတာ မင်းကိုတွေ့ရလိမ့်မယ်လို့ မထင်ဘူး မောင်စည်သူရဲ့၊ အဲဒါကြောင့် မင်းအဖေကို အန်ကယ်ပဲ နှန်းနဲ့ လှမ်းပြောလိုက်တာ”

“ဩော်. . အန်ကယ်တို့က အသိတွေလား”

ဆိုတော့ကာ အဖေက ဒေါသစိတ် မကုန်သေးတဲ့ အသံနဲ့. . .

“သိရုံပဲလား၊ အဲ့ဒါ မင်းတော်ရမယ့် ယောက္ခမ၊ ဂျိုဂျိုးက မင်းနဲ့လက်ထပ်ပေးမယ်ဆိုတဲ့ မိန်းကလေး. . ရှင်းပြီလား”

“ဗျာ!. . ဟာ!. . ဒါ. . ဒါဆို ဟို ကြယ်စင်တို့ကရော”

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လာစင်မနေနဲ့ အဲ့ဒီမိသားစုကို ငါစိတ်မဝင်စ
ဘူးကွ၊ မင်းပဲ ဂဂျိုးဂဂျောင် လုပ်နေလို့ ဒီမှာ ကိုအေးကျော်တို့
မျက်နှာပူပြီး တောင်းပန်နေရတာ"

အမေကလည်း ဝင်ဖြည့်တယ်. . .။

"ဘယ်ကလာဟုတ်ရမှာလဲသားရဲ့၊ သူတို့ကိုသာ ခမည်
ခမက်တော်ရရင် အမေလည်းရှုံးမှာပဲ၊ အရမ်းဂုဏ်မနဂုဏ်ပြ
လုပ်ချင်ကြတာ၊ သူတို့လည်း သူတို့သမီးကို သဘောတူပေးစာ
စီစဉ်နေတာ ကောင်မလေး အိမ်ကထွက်ပြေးလို့ ဗျာဆိုဒ်နေတ
လေ၊ ပထမတော့. . ဘယ်သူမြေးအရင်ချီရမလဲဆိုပြီး လာ
ခလုနေတာ ဖြစ်ချင်တော့ သူတို့လည်း အစီအစဉ်ပျက်တ
အမေတို့လည်း ခုလိုဖြစ်ကုန်တာပေါ့. ."

"ဟာ!. . ဒါဆို ဘာမှမဆိုင်ဘူးပေါ့. ."

"မဆိုင်ဘူး"

"သေရော. . အမေရာ. ."

"ဟေ. . ဘာသေတာလဲ. ."

"ဟော့. . မောင်မောင်ကြည်"

"ဗျာ. . ဗျာ. . အန်ကယ်"

အဘိုး ပက်လက်လှဲနေရာက ထထိုင်လို့ ကျွန်တော်
ထူပေးလိုက်တယ်။

"မင်း ဆေးရုံကိုလာတာ ငါ့ကိုလူနာလာမေးတာလ
ဒီကောင့်ကိုလာခေါ်တာလား"

အဖေ ရုတ်တရက်မို့ အားနာသွားပြီး. . .

www.burmeseclassic.com



"တောင်းပန်ပါတယ် အန်ကယ်ရယ် ကိစ္စကတော့ နှစ်ခု စလုံးပါ"

"အိုခေ . . အခု မင်းသားနဲ့ပြောပြီးပြီ မဟုတ်လား"

"ဟုတ်"

"အေး . . အခု ငါနဲ့လာပြော၊ ဟိုကလေးနှစ်ကောင် မင်းတို့ လွတ်လွတ်လပ်လပ် အပြင်မှာ သွားနေကြ"

ကျွန်တော် အဘိုးကို ဘယ်လိုကျေးဇူးတင်ရမှန်းမသိအောင်ဖြစ်ပြီး ဂျိုဂျိုးလက်ကိုဆွဲကာ ထွက်တော့ အဖေက လှမ်းရိုတယ်။

"စည်သူ မင်း ငါစီစဉ်တာ လက်မခံဘဲ ထွက်ပြေးနေတာလေ . . မင်း ဒါဘာလုပ်တာလဲ"

"ဂျိုဂျိုးမှန်း မသိလို့ပေါ့ အဖေရ"

ကျွန်တော်တို့ ကဆုန်ပေါက်ပြီး အပြင်ထွက်လာချိန်မှာပဲ အမေနှစ်ယောက် နောက်ကလိုက်လာပါတော့တယ်။

"နောက်မှာ အမေတို့ပါတယ်နော် ကိုဘိတ်"

"ငါ့နှယ် . . ကွာ . . ."

နိဂုံး